ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့၊ (5-11-2015) (၈၃၇၅)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# ဒီမိုကရေစီစနစ်ဖြင့် ထိုက်တန်ကြောင်း ကမ္ဘာကို ပြသနိုင်ရန် ရွေးကောက်ပွဲကို အေးချမ်းလုံခြုံစွာ၊ လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပရန် အားလုံးပူးပေါင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၄**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ခေတ္တဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက် ၆ နာရီတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စေတီတော် လိုဏ်တော်အတွင်း၌ စစ်တွေမြို့မှ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပြီး အမှာစကား ပြောကြားရာတွင် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရန်နှင့် လျှပ်စစ်ဓာတ်အားရရှိရေးသည် အရေးကြီးကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူချိန်တွင် လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်မှစပြီး ပထမဆုံးအကြိမ်အဖြစ် ရခိုင်ပြည်နယ်တစ်ခုလုံးတွင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား သံတွဲလေဆိပ်တွင် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

## မဲရေတွက်ပြီးနောက် ရွေးကောက်ပွဲရလဒ်များအား မဲရုံများနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများတွင် ကပ်ထားကြေညာသွားမည်



သတင်း
စာမျက်နှာ-၃

## သီလဝါအထူးစီးပွားရေးဇုန်၌ ဒုတိယမြောက်ရုံး မီဇူဟိုဘဏ်ဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၄**

သီလဝါအထူးစီးပွားရေးဇုန်၌ ဒုတိယမြောက်ရုံးခွဲတစ်ခုဖွင့်လှစ်ရန် ဂျပန်နိုင်ငံအခြေစိုက် မီဇူဟိုဘဏ်အား ခွင့်ပြုလိုက်ကြောင်း ဂျပန်တိုင်းမ်သတင်းစာကဆိုသည်။

၂၀၁၅ ခုနှစ်အကုန်၌ ဖွင့်လှစ်မည့် မီဇူဟိုဘဏ်၏ အဆိုပါရုံးမှာ ယခုနှစ်အစောပိုင်းက ဖွင့်လှစ်ခဲ့သော ရန်ကုန်ရုံးခွဲပြီးနောက် မြန်မာနိုင်ငံရှိ ယင်းဘဏ်၏ဒုတိယမြောက်ရုံးဖြစ်လာမည်ဖြစ်ပြီး မီဇူဟိုဘဏ်မှာလည်း မြန်မာနိုင်ငံ၌ ရုံးနှစ်ရုံးဖွင့်လှစ်သည့် ပထမဆုံးသော ဂျပန်ဘဏ်တစ်ခုဖြစ်လာမည်ဖြစ်သည်။ ဒုတိယမြောက်ရုံးဖွင့်လှစ်ခြင်းအားဖြင့် မီဇူဟိုဘဏ်မှာ သီလဝါအထူးစီးပွားရေးဇုန်၌ လုပ်ငန်းလည်ပတ်နေသော ဂျပန်ကုမ္ပဏီများအတွက် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သည်။ **(သုတ)**



ကြေးမုံစာတည်းရှုထောင့် ၅-၁၁-၂၀၁၅၊ ကြာသပတေးနေ့

# အသည်းကြားက မဲတစ်ပြား

မြန်မာ့နိုင်ငံရေးသမိုင်းတွင် မှတ်ကျောက်တင်ခံနိုင်မည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကို မြန်မာနိုင်ငံတစ်ဝန်းတွင် မကြာမီ ကျင်းပတော့မည်ဖြစ်သည်။ အသက် (၁၈)နှစ်ပြည့်ပြီးသူ မဲဆန္ဒရှင်ပြည်သူများ မဲပေးရမည့်အချက်အလက်များကို မှန်ကန်အောင်ဆောင်ရွက်ပြီး မိမိတို့ သက်ဆိုင်ရာနယ်မြေတွင် ဆန္ဒမဲပေးခြင်းဖြင့် နိုင်ငံသားတစ်ယောက်၏ တာဝန်ကိုကျေပွန်စွာ ဆောင်ရွက်နိုင်စေရန် ကြေးမုံက ဆန္ဒပြုလိုက်ပါသည်။

မဲပေးခြင်းသည် မဲဆန္ဒရှင်ပြည်သူတစ်ဦးချင်းစီ၏ ဦးနှောက်ဖြင့် ဆုံးဖြတ်လိုက်သည့်ဆန္ဒကို မိမိနှလုံးသား အသည်းကြားမှတစ်ဆင့် မဲတစ်ပြား ပေးလိုက်ခြင်းပင်ဖြစ်သည်။ ထိုမဲတစ်ပြားကို သာမန်အားဖြင့်ကြည့်မည်ဆိုလျှင် အများပြည်သူဆောင်ရွက်ရမည့် ထိုနေ့ထိုရက်တွင် အများတန်းတူဆောင်ရွက်လိုက်ခြင်းဖြစ်သည်ဟု သာမန်အားဖြင့် ထင်ကောင်းထင်မြင်နိုင်မည် ဖြစ်သော်လည်း ထိုမဲတစ်ပြားသည် နိုင်ငံအတွက် အလွန်တန်ဖိုးရှိပါသည်။

"နှမ်းတစ်စေ့ဖြင့် ဆီမဖြစ်နိုင်"ဟုဆိုနိုင်သော်လည်း နှမ်းစေ့ပေါင်း မြောက်မြားစွာကို ဆီဆုံတွင်ကြိတ်လိုက်သောအခါ အသုံးဝင်သည့်ဆီများ ဖြစ်လာသကဲ့သို့ မဲတစ်ပြားသည်မဖြစ်လောက်ပါဟု ထင်နိုင်သော်လည်း တစ်ဦးချင်းစီ၏ မဲအင်အားများ စုစည်းလိုက်သောအခါ နိုင်ငံအတွက်အကျိုးရှိမည့် ကြီးမားသောအင်အားတစ်ရပ် ဖြစ်လာမည်ကို သတိမူဖို့လိုမည်ဖြစ်သည်။

မဲပေးခွင့်ရှိသော ပြည်သူတစ်ဦးချင်းအနေဖြင့် မိမိတို့သဘောဆန္ဒအတိုင်း လွတ်လပ်စွာဖြင့် စိတ်ကြိုက် ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ မဲပေးရန်ဆုံးဖြတ်ရွေးချယ်ရာ၌ ဦးစွာပထမ ရိုးသားတည်ကြည်မှု၊ စိတ်ရှည် သဘောထားကြီးမှုနှင့် အမြော်အမြင်ရှိမှု စသည့်နိုင်ငံသားတန်ဖိုး၊ လူမှုတန်ဖိုးများကို နှလုံးသွင်းပြီး စဉ်းစားဆုံးဖြတ် ရွေးချယ်တတ်ရန် လိုအပ်ပေသည်။ သို့သော် မိမိတို့ ရွေးချယ်ဆုံးဖြတ်ချက် မှားယွင်းမသွားအောင်လည်း ဦးနှောက်ဖြင့်ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။

ဦးနှောက်ဖြင့် စဉ်းစားဆုံးဖြတ်ရွေးချယ်ရာတွင် မိမိနိုင်ငံနှင့်မိမိတို့ပြည်သူများအား အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့်၊ အမှန်တကယ် လုပ်ဆောင်ပေးနိုင်မည့် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်၊ မဖြစ်ရေရာသေချာအောင် စူးစမ်းလေ့လာကာ တိကျပြတ်သားသော ဆုံးဖြတ်ချက်ဖြင့် ခိုင်မာစွာမဲပေးရွေးချယ်ကြရန်လိုအပ်ပါသည်။ သူများယောင်လို့ယောင်မဖြစ်စေဘဲ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆုံးဖြတ်တတ်ရန်လည်းလိုသည်။

မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာ အများဆန္ဒနှင့် ကင်းကွာခဲ့ပြီး မျက်မှောက်ကာလတွင် ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို အစပျိုးလာနိုင်သည်ကိုတွေ့ရသဖြင့် မြန်မာနိုင်ငံ၊ မြန်မာ့လူ့အဖွဲ့အစည်းနှင့် မြန်မာနိုင်ငံသားများသည် စစ်မှန်သည့်ဒီမိုကရေစီစနစ်နှင့် ထိုက်တန်သည်ဟု ထင်မြင်မိပါသည်။ ဒီမိုကရေစီနှင့်ထိုက်တန်သော နိုင်ငံသား၊ နိုင်ငံသူများဖြစ်အောင် ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို ဆက်လက်ပျိုးထောင် မြေတောင်မြှောက်ပေးကြရမည်ဖြစ်သည်။

အများဆန္ဒဖြင့် နိုင်ငံ့အကျိုးအတွက်ဆောင်ရွက်ရာတွင် တာဝန်သိသော နိုင်ငံသားများရှိကြသလို ဆန္ဒမဲပေးခြင်းကို သိရှိနားလည်ပါလျက် မိမိအလုပ်ကို ဦးစားပေးကာ မဲပေးခြင်းမပြုကြသော နိုင်ငံသားများလည်း ရှိနေဦးမည်ဖြစ်သည်။ ထိုသူတို့သည် နိုင်ငံသားတစ်ယောက်၏ ဆောင်ရွက်ရမည့်တာဝန်ကို ပျက်ယွင်းခြင်းဖြစ်၍ နိုင်ငံ့အကျိုးအတွက် အချည်းအနှီး ဖြစ်နိုင်ပေသည်။

သမိုင်းတွင်မည့် နိုင်ငံ့အရေးကိစ္စတွင် မပါဝင်လိုက်သူ၊ အချည်းအနှီးဖြစ်သူ မဖြစ်ရအောင်မဲပေးကြရပေလိမ့်မည်။ မဲပေးခြင်းသည် ကိုယ်ပိုင်လွတ်လပ်ခွင့်၊ ကိုယ်ပိုင်ဆန္ဒပြုခွင့်ဖြစ်သော်လည်း မဲဆန္ဒပေးခြင်းဖြင့် နိုင်ငံသား တာဝန်ကျေပွန်သူဖြစ်အောင် မအားလပ်သည့်ကြားမှ မဖြစ်မနေ မဲပေးသင့်ပေသည်။ မိမိဆန္ဒသည် တန်ဖိုးကြီးမားလှသဖြင့် မည်သည့်အရာနှင့်မျှ မလဲအပ်သည့်ကိစ္စဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသမိုင်းတွင် သမိုင်းဝင်၊ သမိုင်းတွင်မည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံသား မဲပေးခွင့်ရှိသော ပြည်သူပြည်သားအပေါင်းတို့အနေဖြင့် မိမိတို့ဦးနှောက်ဖြင့် ဆုံးဖြတ်ထားသော အသည်းကြားမှ မဲတစ်ပြားကို မြန်မာနိုင်ငံ၏ အနာဂတ်တိုးတက် ကောင်းမွန်ရေးကို ရှေးရှုကာ မဲရုံသို့အရောက်သွား၍ မဖြစ်မနေမဲပေးကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ဆန်ဈေးနှုန်းမြင့်တက်၍ ဝယ်ယူစားသုံးနေသူများအခက်အခဲဖြစ်

**ရေတာရှည် နိုဝင်ဘာ ၄**

လက်ရှိဈေးကွက်တွင် မြင့်တက်လျက်ရှိသည့် ဆန်ဈေးနှုန်းကြောင့် မိသားစုများပြားပြီး ဝင်ငွေနည်းပါးသော မိသားစုများ၌ အခက်အခဲဖြစ်ပေါ်နေကြောင်း စုံစမ်းသိရှိရသည်။ ကျေးလက်ဒေသနေသူများနှင့် မြို့ပြရှိ ဝင်ငွေနည်းပါးသည့်မိသားစုများမှာ ဧည့်မထအုပ်စု ဈေးနိမ့်သော ဆန်အမျိုးအစားများဖြစ်သည့် ထိုင်းကောက်၊ သုခအုပ်စု၊ ဆင်းသွယ်လတ်၊ ရတနာတိုးအစရှိသည်တို့ကိုသာ စားသုံးကြပြီး လက်ရှိဈေးကွက်ပေါက်ဈေးအရ ဆန်တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ မှ ၂၈၀၀၀ကျပ်အထိပေး၍ ဝယ်ယူနေကြရကာ ဆန်တစ်ပြည်ဈေးနှုန်းအရ ဆန်အမျိုးအစားပေါ်မူတည်၍ ငွေကျပ်၉၅၀မှ ၁၂၀၀-၁၃၀၀ဖြင့် ဈေးကွက်တွင် ရောင်းချနေသည်ကိုတွေ့ရသည်။

"တစ်နေ့လုပ်မှ တစ်နေ့ဝယ်စားရတဲ့သူတွေအားလုံး အခက်ဖြစ်ကုန်တယ်။ မိသားစုကများ ဝင်ငွေကနည်းဆိုတော့ တစ်နေ့ထမင်းသုံးနပ်အတွက် အတော့်ကိုရုန်းကန်ရမယ့် အခြေအနေဖြစ်နေတယ်"ဟု ကျေးလက်တောရွာမှ ဈေးလာဝယ်သူတစ်ဦးကပြောသည်။မိုးစပါး အသစ်တင်း ၁၀၀ လျှင် ခြောက်သိန်းကျပ်ဖြင့် ဝယ်ယူနေကြသော်လည်း လက်ရှိတရုတ်ဈေးကွက်၏ ဝယ်လိုအားနည်းပါးသည့်အတွက် မူဆယ်ဈေးကွက်၌ အရောင်းအဝယ်အေးစက်နေကြောင်း ဆန်စက်လုပ်ငန်းရှင် ဦးအေးနိုင် ကပြောသည်။ စပါးဈေးနှုန်းမြင့်တက်ခြင်းကြောင့် တောင်သူများဝင်ငွေကောင်းမွန်သော်လည်း နေ့စားလုပ်သားများအတွက် ဝယ်ယူစားသုံးကြရသည့်အခါ ဈေးနှုန်းမြင့်တက်နေခြင်းသည်အခက်အခဲများစွာ ကြုံတွေ့ကြရကာ ယခုကဲ့သို့ ပြည်ပဆန်ဈေးကွက်အေးသော်လည်း ပြည်တွင်းဆန်ဈေးမြင့်တက်ခြင်းမှာ ငွေကြေးတတ်နိုင်သူများက စပါးနှင့်ဆန်ကိုဝယ်ယူ သိုလှောင်မှုပမာဏများပြားခြင်းအပြင် ရေဘေးသင့်ဒေသများ၏ ဝယ်လိုအားနှင့်လိုအပ်ချက်များကြောင့်ဖြစ်နိုင်ကြောင်း သုံးသပ်မှုများလည်းရှိနေသည်။

**ကိုလွင်(ဆွာ)**



## မဲစာရင်းများထပ်မံကြေညာခြင်းနှင့်အတူ သက်သေခံလက်မှတ်များထုတ်ပေးလျက်ရှိ

**ရေဦး နိုဝင်ဘာ ၄**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကျင်းပတော့မည်ဖြစ်ရာ ရေဦးမြို့နယ်အတွင်းရှိ ဒေသခံမဲဆန္ဒရှင် အမည်စာရင်းများကို နိုဝင်ဘာ ၂ ရက်က သက်ဆိုင်ရာရပ်/ကျေးကော်မရှင် အဖွဲ့ခွဲရုံးအသီးသီး၌ ထပ်မံကြေညာပေးထားပြီး သက်သေခံလက်မှတ်များကိုလည်း ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မဲဆန္ဒရှင်အမည်စာရင်းပါဝင်သူများအနေဖြင့် မဲစာရင်း၌ အချက်အလက်များနေပါက မိမိမဲထည့်ရမည့် မဲရုံတာဝန်ခံနှင့် ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲတို့၏ထောက်ခံချက်ဖြင့် မဲပေးနိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ကြိုတင်ဆန္ဒမဲပေးလိုသည့် (အသက်အရွယ်ကြီးရင့်သူ၊ မသန်စွမ်းသူ၊ အချုပ်ခံနေရသူ၊ အနာကြီးရောဂါစွဲကပ်နေသူ၊ ဆေးရုံတက်ရောက်ဆေးကုသနေသည့် အတွင်းလူနာ၊ နေအိမ်တွင်ရောဂါဝေဒနာခံစားနေကြရသူ၊ နေအိမ်တွင်မီးဖွားနေသူ၊ မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်၍ ယာယီတာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်း၊ ရဲတပ်ဖွဲ့ဝင်)များ အနေဖြင့် သက်ဆိုင်ရာရပ်/ကျေးကော်မရှင်ရုံးခွဲတို့တွင် နိုဝင်ဘာ ၆ရက်မှ ၇ရက်အထိ ကြိုတင်မဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**သန်းထိုက် (ရေဦး)**

## ပျံ့ကျဈေးသည်များအား ချေးငွေပေးအပ်

**သီပေါ နိုဝင်ဘာ ၄**

သီပေါမြို့နယ် စည်ပင်သာယာရေးဌာန၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းအဖြစ် သီပေါမြို့ရှိပျံ့ကျဈေးသည်များအား ပဉ္စမအကြိမ်မြောက် သက်တမ်းတိုး ချေးငွေပေးအပ်ပွဲကို နိုဝင်ဘာ ၂ ရက် ညနေ ၃ နာရီက မြို့တော်ခန်းမ၌ကျင်းပသည်။

ထို့နောက် သီပေါမြို့ ပျံ့ကျဈေးသူဈေးသား ၆၃ ဦးအတွက် သက်တမ်းတိုး ချေးငွေ ၁၆၄ သိန်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိတို့က ပေးအပ်ရာ ဈေးသူဈေးသားများကိုယ်စား ပျံ့ကျဈေးအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်းသိရသည်။ **သီပေါကိုလတ်**

**သင့်သွေးဖြင့် အသက်ကယ်ပါ**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၇၅၅၀၀ | - | ၇၇၆၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၇၅၅၀၀ | - | ၇၇၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၈၀ /၆၉၀ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၇၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၄၀၀. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၀၁. ၅၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၅. ၉၁၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၀၀. ၂၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉. ၄၈၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၅၄. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၃. ၁၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၇. ၈၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၉၁၆. ၁၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝင်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသက်ကြိုင်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးမွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

# မဲရေတွက်ပြီးနောက် ရွေးကောက်ပွဲရလဒ်များအား မဲရုံများနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများတွင် ကပ်ထားကြေညာသွားမည်

**နေပြည်တော် နိုဝင်ဘာ ၄**

ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာခြင်းနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်း၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ Forever Group၊ MITV နှင့် Skynet တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။**(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ကြိုတင်မျှော်မှန်းပြီး ၂၀၁၃ ခုနှစ်ကတည်းက Strategic Plan ရေးဆွဲ၍ အမှားအယွင်းမရှိအောင် ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲရလဒ်များ ကြေညာခြင်းနှင့်ပတ်သက်၍ ကော်မရှင်အနေဖြင့် ပွင့်လင်းမြင်သာမှုရှိစေရန် မဲရေတွက်ပြီးနောက် ရလဒ်များအား မဲရုံများနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများတွင် ကပ်ထားကြေညာသွားမည်ဖြစ်ကြောင်း။

ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အတွက်ရလဒ်အား မြို့နယ်အဆင့်တွင် ရနိုင်သော်လည်း အမျိုးသားလွှတ်တော်အတွက်ရလဒ်မှာ ခရိုင်အဆင့်မှသာ ရနိုင်မည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အတွက်ရလဒ်မှာ တိုင်းဒေသကြီး/ပြည်နယ်မှာသာ ရမည်ဖြစ်ကြောင်း။

ယနေ့ ခေတ်မီ IT နည်းပညာများကြောင့် မဲရုံအသီးသီးတွင် ကပ်ထားသည့် ရလဒ်များကိုရယူ၍ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းတို့၏ အနိုင်၊ အရှုံးများကို Website၊ Facebook နှင့် သတင်းဂျာနယ်များမှ ထုတ်လွှင့်ဖော်ပြမှုများရှိနိုင်ကြောင်း၊ ၎င်းဖော်ပြချက်များမှာ အမှန်အတည်မဟုတ်ပါကြောင်း၊ မဲရေတွက်ခြင်းနှင့် ရလဒ်များစိစစ်ခြင်းကို မဲရုံများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့တွင် သတ်မှတ်ပုံစံများ ဖြည့်သွင်းဆောင်ရွက်ပြီးနောက် အဆင့်ဆင့်မှ ရရှိသည့်ရလဒ်များကို တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် စိစစ်အတည်ပြုပြီးမှသာ ထုတ်ပြန်ကြေညာနိုင်ရေးဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့၏ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲရလဒ်စိစစ်ရေးအဖွဲ့က သေချာအောင်စိစစ်ပြီး ခိုင်လုံမှန်ကန်မှသာ ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်မှာဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်သာလျှင် အတည်ဖြစ်သဖြင့် မီဒီယာများအနေဖြင့် တစ်ပြိုင်တည်း၊ တစ်ပုံစံတည်း ကြေညာနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ မီဒီယာစင်တာအား ဖွင့်လှစ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ထို့အတူ ရန်ကုန်မြို့ ရွှေလီလမ်းရှိ ရွေးကောက်ပွဲကော်မရှင်သတင်းအချက်အလက်ဌာနတွင်လည်း ထားရှိသွားမှာဖြစ်ကြောင်း၊ ၎င်းမီဒီယာစင်တာတွင် မီဒီယာအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်း၍ တစ်ပြိုင်တည်း ထုတ်လွှင့်နိုင်ရေး ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် IFES မှ တာဝန်ရှိသူများက မီဒီယာစင်တာပြုလုပ်မည့် အစီအစဉ်နှင့် သတင်းထုတ်လွှင့်နိုင်ရေးတို့အား ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် မီဒီယာအဖွဲ့အစည်းများမှ သတင်းမီဒီယာ Booth များ ထားရှိနိုင်ရေး၊ နေရာသတ်မှတ်ပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အား ဆက်သွယ်ဆောင်ရွက်နိုင်ရေး၊ အင်တာနက်လိုင်းနှုန်းပြည့်ဝစွာရရှိရေး၊ မီဒီယာအဖွဲ့များ၏ အုပ်ချုပ်ရေးကိစ္စရပ်တို့အား ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မီဒီယာစင်တာထားရှိမည့်နေရာနှင့် မီဒီယာအဖွဲ့အစည်းများ နေရာချထားနိုင်ရေးတို့ကို လိုက်လံကြည့်ရှုခဲ့ပြီး မီဒီယာစင်တာအတွက် လိုအပ်ချက် အသေးစိတ်အား ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

## ရခိုင်ပြည်နယ်ရှိ ကမ်းလွန်လုပ်ကွက်၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကနဦးဆန်းစစ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်

ချေဗရွန်ကော်ပိုရေးရှင်းသည် မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်ရှိ လုပ်ကွက် A-5 ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့စူးစမ်းရှာဖွေမှုပြုလုပ်ရန် ကနဦးဆန်းစစ်မှုကို စတင်လိုက်ကြောင်း Dealstreetasia.com တွင် ရေးသားထားသည်။

ချေဗရွန်ကော်ပိုရေးရှင်း၏ လက်အောက်ခံလုပ်ငန်းခွဲတစ်ခုဖြစ်သော ယူနိုကယ်မြန်မာကမ်းလွန်ကုမ္ပဏီသည် အဆိုပါလုပ်ကွက် A-5 အတွက် ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်ခွဲဝေခံစားရေးစာချုပ်ကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လက်မှတ်ရေးထိုးခဲ့ပြီး ဆန်းစစ်မှုလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလမတိုင်မီ အပြီးသတ်လုပ်ဆောင်မည်ဖြစ်သည်။ ယူနိုကယ်မြန်မာကုမ္ပဏီက ၉၉ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံပြီး ကျန်ရှိသည့်တစ်ရာခိုင်နှုန်းကို ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သော Royal Marine Engineering Co., Ltd. က ရင်းနှီးမြှုပ်နှံထားသည့် ယင်းလုပ်ကွက် A-5 မှာ စတုရန်းကီလိုမီတာ ၁၀၆၀၀ ရှိပြီး ရန်ကုန်မြို့တော်၏ အနောက်မြောက်ဘက် ကီလိုမီတာ ၂၀၀ အကွာအဝေး၌ တည်ရှိသည်။

“ဒီလုပ်ကွက်စူးစမ်းရှာဖွေမှုကို အာရှပစိဖိတ်ဒေသရဲ့ ကြီးမားလာတဲ့ စွမ်းအင်လိုအပ်ချက် ကူညီဖြည့်ဆည်းပေးမယ့် ချေဗရွန်ကော်ပိုရေးရှင်းရဲ့ ရေရှည်မဟာဗျူဟာနဲ့ ချိန်ညှိထားတာပါ” ဟု Chevron Asia South Business Unit မှ မန်နေဂျင်းဒါရိုက်တာ ဘရတ်မက်ဒဲတန်က ပြောကြားသည်။

**(သုတ)**

## ကမ္ဘာလှည့်အပျော်စီးသင်္ဘောဆိုက်ရောက်၊ ရန်ကုန်၊ မန္တလေး၊ ပုဂံနှင့် ပဲခူးသို့ သွားရောက်လည်ပတ်မည်

**ရန်ကုန် နိုဝင်ဘာ ၄**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှု Myanmar Voyages International Tourism Co.,Ltd.၏ စီစဉ်ဆောင်ရွက်မှုတို့ဖြင့် အမေရိကန်နိုင်ငံ အခြေစိုက် Silver Cruises မှ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး MV Silver Shadow သည် ခရီးသည် ၃၃၆ ဦးနှင့် သင်္ဘောအမှုထမ်း ၂၉၀ တို့ လိုက်ပါလျက် နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည်။ ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးရည်မွန်နှင့် တာဝန်ရှိသူများက ဧည့်သည်များအား လိုက်လံနှုတ်ဆက်ပြီး **(ယာပုံ)** သင်္ဘောကပ္ပတိန်ဖြစ်သူနှင့် အမှတ်တရလက်ဆောင်များ အပြန်အလှန်လဲလှယ်ကြသည်။



အဆိုပါ သင်္ဘောဆိုက်ကပ်နားနေစဉ်အတွင်း ကမ္ဘာလှည့်ခရီးသည်များသည် ရန်ကုန်မြို့မှ ပုဂံနှင့် မန္တလေးမြို့တို့သို့ ပြည်တွင်းလေကြောင်းများဖြင့် သွားရောက်လည်ပတ်ကြမည်ဖြစ်ပြီး အချို့ဧည့်သည်များက ရန်ကုန်မြို့တွင်း ခရီးစဉ်၊ သန်လျင်ခရီးစဉ်နှင့် ပဲခူးခရီးစဉ်များကို သွားရောက်လည်ပတ်လေ့လာကြမည်ဖြစ်သည်။

MV Silver Shadow အပျော်စီးသင်္ဘောကြီးသည် နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းမှ မလေးရှားနိုင်ငံ လန်ကာဝီကျွန်းသို့ ဆက်လက်ထွက်ခွာသွားမည်ဖြစ်ကြောင်း သိရသည်။

MV Silver Shadow အပျော်စီးသင်္ဘောကြီးသည် ယခု မြန်မာနိုင်ငံသို့ တတိယအကြိမ် လာရောက်လည်ပတ်ခြင်းဖြစ်ပြီး ပထမအကြိမ်အဖြစ် ၂၀၀၃ ခုနှစ် နိုဝင်ဘာလအတွင်းကလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်းကလည်းကောင်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။ အဆိုပါ အပျော်စီးသင်္ဘောကြီးသည် စတုတ္ထအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ဦးမည်ဖြစ်သည်။ **(သတင်းစဉ်)**

## မုံရွာဘုရားကြီးဈေးပွဲတော်မှ ဈေးသည်များ ယခင်နှစ်ကထက် ရောင်းချရမှုနည်းပါး



**မုံရွာ နိုဝင်ဘာ ၄**

နှစ်စဉ်ကျင်းပမြဲဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၏ သမိုင်းဝင်ဆုတောင်းပြည့် မြတ်စွာဘုရားကြီးပွဲတော်ကို အောက်တိုဘာ ၂၈ ရက် (သီတင်းကျွတ်လပြည့်နေ့)မှ စတင်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယခုနှစ်တွင် အဆိုပါပွဲတော်သို့ လာရောက်ဈေးရောင်းချသူများ အရောင်းအဝယ် နည်းပါးလျက်ရှိကြောင်း သိရသည်။

အဆိုပါပွဲတော်သို့ လာရောက်ပြီး ဈေးရောင်းချသည့် ဈေးသည်တစ်ဦးကလည်း “မနှစ်ကထက်စာရင် ဒီနှစ် အရောင်းအဝယ် ပါးပါတယ်။ ဒီနှစ် ပွဲတော်က ရွှေ့ငါးရက်တိုးလိုက်တော့ တချို့ဈေးသည်တွေ ဒီပွဲတော်ကို မလာကြတော့ဘဲ မန္တလေးတို့ ရှမ်းပြည်တို့ဘက်က ပွဲတွေဆီကို ကူးသွားကြတယ်။ ပုံမှန်ဆိုရင် လပြည့်ကျော် ၇ ရက်၊ ၈ရက်က အစည်ဆုံး ဈေးရောင်းကောင်းတဲ့အချိန်ပါ။ ဒီနှစ် လပြည့်ကျော် ၉ ရက်အထိ ပြောင်းလဲသတ်မှတ်လိုက်တော့ တကယ့်ကို ရောင်းကောင်းတဲ့ရက်တွေမှာ ပွဲက ရွေးကောက်ပွဲမတိုင်ခင် အပြီးသိမ်းရမှာပါ။ လာရောက်တဲ့လူတွေ တအားစည်ပေမယ့် အရောင်းအဝယ် ပါးပါတယ်။ ဒီနှစ်စားသောက်ကုန်ရောင်းချသူတွေပဲ ပုံမှန်ရောင်းနေရတာတွေ့ရပြီး ကျန်တဲ့လူသုံးကုန်နဲ့ အခြားပစ္စည်းတွေကျတော့ အရင်နှစ်ကလောက် မရောင်းရဘူး။ လာရတဲ့စရိတ်တွေနဲ့ ဒီနှစ်တော့ မရှုံးရင်တော်ပြီ”ဟု ပြောကြားသည်။

မုံရွာ ဘုရားကြီးပွဲတော်တွင် ဒေသထွက်ကုန်များ၊ မြန်မာပြည်အရပ်ရပ်မှ မြန်မာ့ရိုးရာမုန့်မျိုးစုံ၊ အဝတ်အထည်များ၊ ကြွေထည်ပစ္စည်းမျိုးစုံ၊ စတီးပစ္စည်းမျိုးစုံ၊ လျှပ်စစ်ပစ္စည်းမျိုးစုံတို့ကို ဖလှယ်ရောင်းချကြပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့် နှစ်စဉ်စည်ကားလျက်ရှိသည့်ပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တရုတ်(တိုင်ပေ)အကြီးအကဲ တွေ့ဆုံမည်

**ပေကျင်း နိုဝင်ဘာ ၄**

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တရုတ်(တိုင်ပေ) အကြီးအကဲ မာရင်ဂျို့တို့သည် နိုဝင်ဘာ ၇ ရက်တွင် စင်ကာပူနိုင်ငံ၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သတင်းများအရသိရသည်။

အဆိုပါတွေ့ဆုံပွဲသည် တရုတ်နိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့အကြား ၁၉၄၉ ခုနှစ်ကစပြီး ပထမဆုံးအကြိမ်တွေ့ဆုံပွဲဖြစ်သည်။

ခေါင်းဆောင်နှစ်ဦးတို့သည် တရုတ်(တိုင်ပေ)တစ်ဝန်းတည်ငြိမ်အေးချမ်းရေးအတွက် ဆွေးနွေးမည်ဖြစ်သည်။ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံကိုယ်စားပြုခေါင်းဆောင်များအနေဖြင့်သာ တွေ့ဆုံမည်ဖြစ်ပြီး သမ္မတအသုံးအနှုန်းကို သုံးစွဲမည် မဟုတ်ပေ။

ဆွေးနွေးပွဲပြီးနောက် ခေါင်းဆောင်နှစ်ဦးတို့က ညစာအတူတကွသုံးဆောင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

လာမည့်ဇန်နဝါရီလတွင် တရုတ်(တိုင်ပေ)သည် သမ္မတရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သည်။ ယခင်ရွေးကောက်ပွဲတွင် အာဏာရအမျိုးသားပါတီကိုယ်စားပြုအမတ်သည် အတိုက်အခံဒီမိုကရက်တစ်တိုးတက်ရေးပါတီအမတ်ကို ရှုံးနိမ့်ခဲ့သည်။

တရုတ်ပြည်မကြီးကြိုးကိုင်ခံနေရသော အာဏာရအမျိုးသားပါတီ၏တစ်ဖက်သတ် သဘောထားအမြင်များကို အတိုက်အခံပါတီအနေဖြင့် ငြင်းပယ်လျက်ရှိသည်။

တရုတ်တိုင်ပေ၏ ရွေးကောက်ပွဲမတိုင်မီ တရုတ်နိုင်ငံအနေဖြင့် လုပ်ငန်းမူဘောင်တစ်ရပ်ကို ချမှတ်ရန် ရည်ရွယ်ထားကြောင်း စောင့်ကြည့်လေ့လာသူများက ဆိုသည်။

၁၉၄၉ ခုနှစ်တွင် တရုတ်အမျိုးသားပါတီက ပြည်တွင်းစစ်တွင် ကွန်မြူနစ်ပါတီကို ရှုံးနိမ့်ခဲ့ပြီးနောက် ချန်ကေရှိတ်ဦးဆောင်သော တရုတ်အမျိုးသားပါတီက တရုတ်(တိုင်ပေ)တွင် ခြေကုပ်ယူထားခဲ့သည်။ ထိုအချိန်မှ စပြီး တရုတ်အမျိုးသားပါတီနှင့် ကွန်မြူနစ်ပါတီတို့သည် အချင်းချင်းအသိအမှတ်ပြုခြင်းမရှိခဲ့ပေ။

**အင်န်အိတ်ချ်ကေ။**



## ဝှိုက်နိုင်းမြစ်ကမ်းပါးပေါ်တွင် ရုရှားကုန်တင်လေယာဉ်တစ်စင်းပျက်ကျ၊ လူ ၄၁ ဦးသေဆုံး

**မော်စကို နိုဝင်ဘာ ၄**

တောင်ဆူဒန်မြို့တော် ဂျူဘားလေဆိပ်မှ တောင်ဆူဒန်အထက်ပိုင်း ပါလိုချ်ပြည်နယ်သို့ ဦးတည်မောင်းနှင်လာသည့် ရုရှားကုန်တင်လေယာဉ်တစ်စင်းသည် နိုင်းမြစ်၏မြစ်လက်တက်တစ်ခုဖြစ်သော ဝှိုက်နိုင်းမြစ်ကမ်းပါးပေါ်တွင် နိုဝင်ဘာ ၄ ရက်က ပျက်ကျခဲ့ရာ လိုက်ပါစီးနင်းခဲ့သူများနှင့် မြေပြင်ပေါ်ရှိလူများအပါအဝင် အနည်းဆုံးလူ ၄၁ ဦးသေဆုံးခဲ့ကြောင်း သတင်းများအရသိရသည်။

လေယာဉ်ပျက်ကျမှုတွင် လေယာဉ်မောင်းတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့ အသက်ရှင်လွတ်မြောက်ခဲ့ကြောင်း တောင်ဆူဒန်သမ္မတ၏ပြောရေးဆိုခွင့်ရှိသူ အက်တန်နေးဝိက်ခ်က ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

'အန်တိုနိုဗ် အန်-၁၂' လေယာဉ်သည် တောင်ဆူဒန်မြို့တော် ဂျူဘားလေဆိပ်မှ ထွက်ခွာလာပြီး မကြာမီအချိန်တွင် ဝှိုက်နိုင်းမြစ်ကမ်းပါးပေါ်တွင် ပျက်ကျသွားခဲ့သည်။ လေယာဉ်အမြီးပိုင်းတစ်ခုနှင့် လေယာဉ်ကိုယ်ထည်မှာ ပျက်စီးသွားခဲ့ကြောင်း သိရသည်။

လေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသူဦးရေမှာ လေယာဉ်မောင်းသူများအပါအဝင် ၂၀ နီးပါး ရှိနိုင်ဖွယ်ရှိသည်။ သို့သော် လိုက်ပါစီးနင်းလာသူဦးရေအတိအကျကိုမူ မသိရသေးကြောင်း သမ္မတပြောရေးဆိုခွင့်ရှိသူ အက်တန်နေးဝိက်ခ်ကဆိုသည်။

လေယာဉ်ပျက်ကျခဲ့သည့်နေရာတွင် အနည်းဆုံးလူ ၄၁ ဦးသေဆုံးခဲ့ကြောင်း အမည်မဖော်လိုသူ ရဲအရာရှိတစ်ဦးကပြောကြားခဲ့သည်။

လေယာဉ်ပေါ်တွင် ခရီးသည် ခုနစ်ဦးနှင့် ရုရှားနိုင်ငံသား လေယာဉ်မှူးငါးဦးတို့လိုက်ပါစီးနင်းလာကြောင်း တောင်ဆူဒန်မီဒီယာက အစောပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။

**ရိုက်တာ။**



## ဆက်သွယ်ရေးဂြိုဟ်တုသစ် တရုတ်နိုင်ငံလွှတ်တင်

**ရှီချန်း (ဆီချွမ်) နိုဝင်ဘာ ၄**

တရုတ်နိုင်ငံသည် ဆက်သွယ်ရေးဂြိုဟ်တုသစ်တစ်လုံးကို နိုဝင်ဘာ ၄ ရက် နံနက်တွင် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ လွှတ်တင်ခဲ့ကြောင်း၊ ယင်းဂြိုဟ်တုကို နိုင်ငံအနောက်တောင်ပိုင်းရှိ ရှီချန်း ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ချိုင်းနားဂြိုဟ်တု-၂ စီဟု အမည်ပေးထားသော ဆက်သွယ်ရေးဂြိုဟ်တုကို လောင်းမတ်ချ်-၃ ဘီ အမျိုးအစားဒုံးပျံယာဉ်ဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဆက်သွယ်ရေးဂြိုဟ်တုသည် တရုတ်နိုင်ငံအတွင်း ရေဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှု၊ အင်တာနက်ဆက်သွယ်ရေးဆက်ကြောင်းတို့အတွက် အထောက်အပံ့ပေးနိုင်မည်ဖြစ်သည်။

ယင်းဂြိုဟ်တုကို တရုတ်ဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီက ပိုင်ဆိုင်သော အာကာသနည်းပညာသိပ္ပံက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဂြိုဟ်တုလွှတ်တင်ရာတွင် သယ်ယူပို့ဆောင်ရေးဒုံးယာဉ်အဖြစ် လောင်းမတ်ချ်ဒုံးပျံယာဉ်ကိုအသုံးပြုပြီး ၎င်းဒုံးပျံယာဉ်ကို(၂၁၆)ကြိမ်မြောက် အာကာသခရီးစဉ်အဖြစ် လွှတ်တင်ခဲ့သည်။ အဆိုပါဒုံးပျံယာဉ်ကို တရုတ်လေကြောင်းအာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းက တည်ဆောက်ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

## ပြန်ပေးဆွဲခံနိုင်ငံခြားသားသုံးဦး ပြန်လည်လွတ်မြောက်ရေး အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော် တောင်းဆို

**မနီလာ နိုဝင်ဘာ ၄**

ဖိလစ်ပိုင်နိုင်ငံရှိ အပန်းဖြေကျွန်းတစ်ကျွန်းမှ စက်တင်ဘာ ၂၁ ရက်က ပြန်ပေးဆွဲခံရသော နိုင်ငံခြားသားသုံးဦး ပြန်လည်လွတ်မြောက်ရေးအတွက် တစ်ဦးလျှင် ပီဆို တစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၃၇ သန်း) ပေးရန် အဘူဆေယက်စစ်သွေးကြွအုပ်စုက တောင်းဆိုထားသည်ဟု ယင်းစစ်သွေးကြွအဖွဲ့က အင်တာနက်တွင် တင်ထားသော ဗီဒီယိုဖိုင်အရသိရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်တောင်ပိုင်း ဒါဗို့ဒဲလ်နိုဒေသ ဆာမားကျွန်းရှိ အပန်းဖြေစခန်းတစ်နေရာမှ နိုင်ငံခြားသားသုံးဦးကို ပြန်ပေးရွေးငွေ တောင်းခံထားပြီး ပြန်ပေးရွေးငွေမရလျှင် ၎င်းတို့ကို သတ်ပစ်မည်ဟု ဆိုသည်။ အဆိုပါ ဗီဒီယိုခွေကို မည်သည့်နေရာတွင် မည်သည့်အချိန်ကရိုက်ကူးခဲ့သည်ကို မသိရပေ။ ဓားစာခံအဖြစ် အဖမ်းခံထားရသူများ၏ လည်ပင်းကို တောခုတ်ဓားဖြင့် ထောက်ထားသည့် ရုပ်ပုံကို အဆိုပါ ဗီဒီယိုခွေတွင် ဖော်ပြထားသည်။

စစ်သွေးကြွတို့၏ ဗီဒီယိုခွေ ပေါ်ထွက်လာခြင်းနှင့် ပတ်သက်၍ ဖိလစ်ပိုင်စစ်ဘက်က ဝေဖန်ပြောကြားခြင်းမရှိပေ။ ပြန်ပေးဆွဲထားသည့်နေရာကို ရှာဖွေတွေ့ရှိနိုင်ရန် ဖိလစ်ပိုင်ကြည်းတပ်က ဆူလူကျွန်း၌ စစ်ဆင်ရေးလုပ်ငန်း ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း အမည်မဖော်သူ စစ်အရာရှိတစ်ဦးက ပြောကြားသည်။ **ဆင်ဟွာ။**

## မော်လ်ဒိုက်၌ ရက် ၃၀ ကြာ အရေးပေါ်အခြေအနေ ကြေညာ

**ကိုလံဘို နိုဝင်ဘာ ၄**

မော်လ်ဒိုက်နိုင်ငံ၌ အမျိုးသားလုံခြုံရေးနှင့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအလို့ငှာ နိုဝင်ဘာ ၄ ရက် ညသန်းခေါင်ယံမှစ၍ ရက်ပေါင်း ၃၀ ကြာမျှ နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေ ကြေညာလိုက်ကြောင်း ရှေ့နေချုပ် မိုယာမက်အနီးလ်က ပြောကြားသည်။

တစ်နိုင်ငံလုံး အတိုင်းအတာအရ အရေးပေါ်အခြေအနေကြေညာရန် သမ္မတ အဗ္ဗဒူလ်ယာမင်းက ဆုံးဖြတ်လိုက်ကြောင်း ရှေ့နေချုပ်က ပြောကြားသည်။မော်လ်ဒိုက်နိုင်ငံ၌ မကြာမီက သေနတ်များနှင့် ပေါက်ကွဲစေနိုင်သော ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် အမျိုးသားလုံခြုံရေးကောင်စီ၏ အကြံပြုချက်အရ အရေးပေါ်အခြေအနေ ကြေညာသည့်အမိန့်ကို သမ္မတက ထုတ်ပြန်ခဲ့သည်။

မော်လ်ဒိုက်နိုင်ငံ၌ အဓိက အတိုက်အခံပါတီ မော်လ်ဒီဗီယန်ဒီမိုကရက်တစ်ပါတီ(အမ်ဒီပီ)က လူထုဆန္ဒပြပွဲတစ်ရပ်ပြုလုပ်ရန် စီစဉ်ထားပြီး ဆန္ဒပြပွဲမဖြစ်ပွားမီ နှစ်ရက်အလိုတွင် အရေးပေါ်အခြေအနေ ကြေညာခြင်းဖြစ်သည်။ မော်လ်ဒိုက်နိုင်ငံ၌ နိုင်ငံရေးတင်းမာမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ ဒုတိယသမ္မတ အာမတ်အဒီးအား ပါလီမန်၌ ခုံဖွဲ့စစ်ဆေးရန် အဆိုကို အာဏာရပါတီက အောက်တိုဘာ ၂၈ ရက်တွင် အဆိုတင်သွင်းခဲ့သည်။

**ဆင်ဟွာ။**

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ သတိပြုရမည့်အချက်များ

**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၁၅ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးအရ ပြည်သူများဆန္ဒမဲပေးရာ၌ လိုက်နာ ဆောင်ရွက်ရမည့် အချက်များနှင့်ပတ်သက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်များကို အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ရာ ၂၀၁၅ ခုနှစ် မတ် ၁၉ ရက်ကထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅) အရ **ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအနေဖြင့် လျှို့ဝှက်မဲပေးစနစ်ကို ထိန်းသိမ်းသောအားဖြင့် ဆန္ဒမဲပေးပြီးသော မဲဆန္ဒရှင်တစ်ဦးအား မဲရုံပရဝဏ်မှ ၁၅ ကိုက်အတွင်း မည်သူ့ကိုမဲပေးခဲ့ကြောင်း မေးမြန်းခြင်းမပြုရ** ဟု ဖော်ပြထားရှိသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော မဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်စာစောင်တွင်လည်း မဲဆန္ဒရှင်တစ်ဦးမှတ်သားရန်အချက် (၁၀)ချက်၌ **"တစ်စုံတစ်ဦးက မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဆန္ဒပြုခဲ့ပါသလဲဟု မေးလျှင် မဖြေပါနှင့်။ မိမိကိုယ်တိုင်လည်း မည်သူ့ကို မဲထည့်ခဲ့ကြောင်း အများကြားအောင်မပြောပါနှင့်။ မဲဆွယ်စည်းရုံးရာ ရောက်သဖြင့် ရွေးကောက်ပွဲပြစ်မှုမြောက်သည်"**ဟု ဖော်ပြထားရှိသည်။

ထို့အပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိသည်-

**မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက် ၅၀၀ အကွာအတွင်း၌ ဖြစ်စေ၊ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -**

**(က) မဲဆွယ်ခြင်း၊**

**(ခ) မဲဆန္ဒရှင်တစ်ဦးဦးအား လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲမပေးရန် တိုက်တွန်းသွေးဆောင်ခြင်း၊**

**(ဂ) ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးဘဲနေရန်သော်လည်းကောင်း တိုက်တွန်းသွေးဆောင်ခြင်း၊**

သို့ဖြစ်ပါ၍ နိုင်ငံသားတစ်ဦး၏ အခွင့်အရေးအရ လျှို့ဝှက်ဆန္ဒမဲပြုပြီးချိန်တွင် တစ်စုံတစ်ယောက်က မဲဆန္ဒရှင်အနေဖြင့် မည်သူ့အား မဲပေးခဲ့သည်ကို မေးမြန်းလာပါက မိမိဆန္ဒအရ ဖြေကြားခြင်းမပြုလိုက မပြုနိုင်ကြောင်းနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအနေဖြင့်လည်း မဲဆန္ဒရှင်က မဖြေကြားလိုမှုကို အတင်းအကျပ် မေးမြန်းမှုပြုခြင်းသည် မဲဆွယ်စည်းရုံးရာရောက်သဖြင့် ရွေးကောက်ပွဲပြစ်မှုမြောက်ပါကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ရွှေတိဂုံမှ

အလားတူကာလ အောက်တိုဘာလတွင် နိုင်ငံပေါင်း ၃၃ နိုင်ငံမှ နိုင်ငံခြားသား ၄၆၄၈၂ ဦးသာ ရောက်ရှိခဲ့ခြင်းကြောင့် ယမန်နှစ်ကထက် နိုင်ငံခြားသား အနည်းငယ် လျော့နည်းသွားသည်။

"နိုင်ငံခြားသားတွေ အရောက်နည်းသွားတာက ဒီနှစ်အတွင်း နိုင်ငံတကာ အနှံ့မှာ ရာသီဥတုဖောက်ပြန်မှု၊ သဘာဝ ဘေးဒဏ် တွေ့ကြုံရတာတွေကြောင့် နိုင်ငံခြားသားအဝင်နည်းသွားတာပါ။ အခု ပွင့်လင်းရာသီရောက်လာပြီမို့ နိုင်ငံခြားသား အဝင်များလာမှာပါ။ နိုင်ငံခြားသား အဝင်နည်းသွားပေမယ့် မနှစ်က ဒီအချိန် ဒီလမှာ နိုင်ငံပေါင်း ၂၆ နိုင်ငံကသာ ရောက်ရှိကြပေမယ့် အခု ဒီနှစ် ဒီလမှာ နိုင်ငံပေါင်း ၃၃ နိုင်ငံက ဝင်ရောက်လာကြတာကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံကို ကမ္ဘာ့နိုင်ငံတွေက ပိုပြီး သိလာကြပြီဆိုတဲ့ သဘောပါဗျာ။ ဝမ်းမြောက်ဂုဏ်ယူစရာပါ။"

"မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှုက မနှစ်ကထက် ၅၃ ရာခိုင်နှုန်း တိုးတက်လျက်ရှိသလို၊ ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှုကလည်း ၂၀၁၅ ခုနှစ်အတွင်း လေးသန်းကျော် ဝင်ရောက်မည်ဟု ဟိုတယ်/ ခရီးဝန်ကြီးဌာနက ခန့်မှန်းသလို ရွှေတိဂုံစေတီတော်မြတ်ကြီးကိုလည်း ကမ္ဘာလှည့်ခရီးသွားတွေ ပွင့်လင်းရာသီမှာ ပိုရောက်ရှိကြမယ်လို့ ထင်ပါတယ်"ဟု ခရီးသွားဖော်တစ်ဦးက သုံးသပ်ပြောဆိုသည်။ **(ကိုချစ်)**

## အနေ့းယာဉ်လုပ်သားကြီးများအား နေ့ချင်းပြီးလိုင်စင်ထုတ်ပေး

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်တောင်ပိုင်းခရိုင် စည်ပင်သာယာရေး ကော်မတီ၏ စီစဉ်မှုဖြင့် နိုဝင်ဘာ ၄ ရက်က တာမွေမြို့နယ် စည်ပင်သာယာရေးကော်မတီရုံးတွင် မြို့နယ်အတွင်းရှိ အနေ့းယာဉ်လုပ်သားကြီးများအား အနေ့းယာဉ်နင်းမောင်းလိုင်စင်များကိုone stop service ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

"အဓိကကတော့ အနေ့းယာဉ်လုပ်သားကြီးတွေအတွက် သက်သေခံကတ်ပြားလည်း ဖြစ်တယ်။ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း အထောက်အကူဖြစ်စေတယ်။ လိုင်စင်ရှိသူနဲ့ မရှိသူနဲ့ဆိုရင် လိုင်စင်ရှိသူက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုပိုမိုပြီး လိုက်နာလိမ့်မယ်လို့ထင်ပါတယ်။ တစ်စုံတစ်ခုပြဿနာရှိခဲ့ရင်လည်း လိုင်စင်ရှိတော့ ကိုယ့်ဘက်က အားသာမှုရရှိစေမှာဖြစ်တဲ့အတွက် လုပ်ဆောင်ပေးရခြင်းဖြစ်ပါတယ်"ဟု ခရိုင်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းက ပြောသည်။

"ကျွန်တော်တို့အနေ့းယာဉ်မောင်းတွေက တစ်နေ့လုပ်တစ်နေ့စားတွေပါ။ လိုင်စင်လုပ်ပေးတဲ့ဌာနမှာ သွားလုပ်ရင်တစ်နေကုန် အချိန်ပေးရတယ်။ နောက်ရက်ပြန်ချိန်းရင်လည်းအလုပ်ပျက်တယ်လေ။ ယခုလိုတစ်ချိန်တည်း အမြန်လုပ်ပေးတာကျေးဇူးတင်ပါတယ်"ဟု အနေ့းယာဉ်လုပ်သားဦးစိုးဝင်းက ပြောသည်။အနေ့းယာဉ်နင်းမောင်းလိုင်စင်များအား one stop service ဖြင့် စုစုပေါင်း၅၂ ဦးအား စနစ်တကျဆောင်ရွက်ပေးနိုင်ခဲ့ကြသည်။ **(မောင်မောင်)**



## မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအကြောင်း ဟောပြောမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးပညာဌာနကကြီးမှူး၍ နိုဝင်ဘာ ၆ ရက်(သောကြာနေ့)မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း သီရိမင်္ဂလာလမ်းရှိ အမျိုးသားကျန်းမာရေးပြတိုက်၌ လစဉ်ကျင်းပမြဲဖြစ်သော ကျန်းမာရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး)ဒေါက်တာသိင်္ဂီမြင့်နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ်ရောဂါပညာအဖွဲ့ ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာမြသီတာတို့က "မြန်မာနိုင်ငံမျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ လုပ်ငန်းများနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ရောဂါပြဿနာများ"ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောကြမည်ဖြစ်ရာ မည်သူမဆို တက်ရောက်လေ့လာဆွေးနွေးနိုင်ကြောင်း သိရသည်။ **(ကိုချစ်)**

ဥတုရာသီ တောကိုမှီ၏

## မြန်မာယူ-၂၀ အသင်း ပွဲဦးထွက် ဂိုးပြတ်နိုင်

**ဟိုချီမင်း နိုဝင်ဘာ ၄**

ဗီယက်နမ်ဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမနေ့ ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပရာ မြန်မာယူ-၂၀ အမျိုးသမီးအသင်းမှာ ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။

မြန်မာယူ-၂၀ အမျိုးသမီးအသင်းမှာ FEU အသင်း(ဖိလစ်ပိုင်)နှင့် ကစားခဲ့ရပြီး ခြောက်ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ မြန်မာ အမျိုးသမီးအသင်းမှာ ခင်သန္တာအေး၊ ဇင်မာထွန်း၊ အေးအေးမိုး၊ ခင်သန်းဝေ၊ ငယ်ငယ်ထွေး၊ ရူပါခိုင်၊ ဝင်းသိင်္ဂီထွန်း၊ လဲ့လဲ့လှိုင်၊ မေသူကျော်၊ လှယဉ်ဝင်း၊ နီလာဝင်းတို့ဖြင့် ပွဲထွက်ခဲ့ပြီး ဝင်းသိင်္ဂီထွန်းက ဟက်ထရစ် သွင်းယူခဲ့ပြီး လှယဉ်ဝင်းက နှစ်ဂိုးနှင့် မေသူကျော်က တစ်ဂိုးတို့သွင်းယူခဲ့သည်။ ယင်းပြိုင်ပွဲကို မြန်မာယူ-၂၀အသင်း၊ ဟိုချီမင်းစီးတီ(ဗီယက်နမ်)၊ FEU (ဖိလစ်ပိုင်)နှင့် ဟောင်ကောင် လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်နေပြီး ပတ်လည်စနစ်ဖြင့် ကစားကာ အမှတ်အများဆုံးအသင်း ဗိုလ်စွဲမည်ဖြစ်သည်။ မြန်မာအသင်းမှာ ဒုတိယပွဲအဖြစ် နိုဝင်ဘာ ၆ ရက်တွင် ဟောင်ကောင်လက်ရွေးစင် အသင်းနှင့် ကစားရမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**

## ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးရဲများ ခန့်အပ်တာဝန်ပေး

**နေပြည်တော် နိုဝင်ဘာ ၄**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲအား လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရန်အတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ ဖြစ်ထွန်းစေပြီး လုံခြုံမှုနှင့် တရားမျှတမှုရှိသည့် ရွေးကောက်ပွဲ (Secure and Fair Election-SAFE)ဖြစ်လာစေရန် ပြည်ထဲရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာနသည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲပြုလုပ်မည့် မဲရုံ ၄၀၀၀၀ ကျော်ကို အနီးကပ်တာဝန်ချထားနိုင်ရန် ၁၉၄၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ရဲအက်ဥပဒေပုဒ်မ ၂၇၊ ၂၈၊ ၂၉ နှင့် ၃၀ တို့နှင့်အညီ အထူးရဲ (Special Police)များ ခန့်ထားရန် စီမံဆောင်ရွက်ခဲ့ပြီး မဲရုံ ၄၀၀၀၀ ကျော်၌ မဲရုံတစ်ရုံလျှင် လုံခြုံရေးအတွက် အနီးကပ်စောင့်ကြပ်ရန် အထူးရဲတစ်ဦးစီ တာဝန်ပေးအပ်နိုင်ရန်အတွက် အရန်အပါအဝင် အထူးရဲ ၄၀၂၆၀ အား ခန့်အပ်စောင့်ကြပ်သွားမည်ဖြစ်သည်။

အထူးရဲများခန့်ထားရာတွင် ဒေသခံဖြစ်ပြီး ရပ်ရွာမှထောက်ခံသူ၊ သက်ဆိုင်ရာဒေသလိုက် ဘာသာစကားကျွမ်းကျင်သူ၊ ပါတီနိုင်ငံရေးကင်းရှင်းသူနှင့် မိမိကိုယ်တိုင်ဆန္ဒပြုသူတို့အား သက်ဆိုင်ရာ မြို့နယ်မှ မြို့မိ/မြို့ဖကိုယ်စားလှယ်၊ မြို့နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီမှ ကိုယ်စားလှယ်၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ပါဝင်ဖွဲ့စည်းထားသည့် စိစစ်ရွေးချယ်ရေးအဖွဲ့မှ စိစစ်ရွေးချယ်၍ ခန့်ထားခဲ့ခြင်းဖြစ်သည်။

အထူးရဲများသည် ရဲအက်ဥပဒေပုဒ်မ ၃၀ တွင် ပြဋ္ဌာန်းထားသည့် ရဲတပ်ဖွဲ့ဝင်များရရှိသော ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ လုပ်ပိုင်ခွင့်များ၊ အကာအကွယ်များရရှိမည်ဖြစ်သကဲ့သို့ ဥပဒေများအား ဖောက်ဖျက်ကျူးလွန်ပါကလည်း ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူခြင်း ခံရမည်ဖြစ်ပါသည်။

အဆိုပါအထူးရဲများ၏ တာဝန်ဝတ္တရား(၁၂)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အထူးရဲသည် မိမိ၏တာဝန်နှင့် ဝတ္တရားများကို ရဲတပ်ဖွဲ့ဝင်များနည်းတူ အမြဲတစေ နေ့ညမခြား တာဝန်ချထားသည့်နေရာဒေသတွင် ထမ်းဆောင်ရမည်။

(၂) အထူးရဲတိုင်း မိမိအား အမိန့်ပေးပိုင်ခွင့်ရှိသော ရဲအရာရှိက တရားဥပဒေနှင့်အညီ ထုတ်ဆင့်သော အမိန့်များကို လျင်မြန်စွာ လိုက်နာဆောင်ရွက်ရမည်။

(၃) ပြည်သူ့ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမည့် သတင်းများကို စုဆောင်းအစီရင်ခံရမည်။

(၄) အများပြည်သူတို့ သွားလာရာလမ်းများပေါ်တွင် ယာဉ်အသွားအလာကို ကြပ်မတ်ခြင်းနှင့် လမ်းများပေါ်တွင် တားဆီးပိတ်ဆို့နေသောအရာများကို ဖယ်ရှားပေးရမည်။

(၅) အများပြည်သူဝင်/ထွက်သွားလာသည့်နေရာများတွင် လည်းကောင်း၊ အများပြည်သူတို့ သွားရောက်ပျော်ရွှင်ရာနေရာများတွင် လည်းကောင်း၊ ပွဲလမ်းသဘင်များတွင်လည်းကောင်း ကြန္ဒြေစောင့်စည်းမှုကို ထိန်းသိမ်းစောင့်ရှောက်ပေးရမည်။

(၆) အထူးရဲများသည် မိမိရှေ့မှောက်တွင် အာမခံမပေးနိုင်သော ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်သူ သို့မဟုတ် ပြစ်မှုကျူးလွန်ကြောင်း ကြေညာခြင်းခံရသူ တစ်ဦးဦးကို တားဆီးထိန်းသိမ်းခြင်းမှအပ ကျန်အခြေအနေများတွင် တစ်ဦးတစ်ယောက်အား တားဆီးထိန်းသိမ်းခြင်းမပြုရ၊ ယင်းကဲ့သို့ ထိန်းသိမ်းထားသူကို အကြောင်းမဲ့ ကြန့်ကြာခြင်းမရှိဘဲ ရဲအရာရှိတစ်ဦးထံ ပို့အပ်ရမည်။

(၇) မည်သည့်ဘေးအန္တရာယ်မဆို ကျရောက်သည့်သတင်း ရရှိသည့်အခါ မိမိ၏အထက် အရာရှိထံ ချက်ချင်းအစီရင်ခံရမည့်အပြင် အသက်နှင့်ပစ္စည်းကို ကာကွယ်စောင့်ရှောက်ရာတွင် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ကူညီခြင်း၊ ပြည်သူပိုင်ပစ္စည်းမဆုံးရှုံးရန် သို့မဟုတ် မပျက်စီးရန် ကာကွယ်စောင့်ရှောက်ရမည်။

(၈) မည်သည့် အထူးရဲမဆို ပြည်သူများအား ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံရမည်၊ တတ်နိုင်သမျှ ကူညီစောင့်ရှောက်ရမည်။

(၉) အထူးရဲများသည် ရွေးကောက်ပွဲကာလမဲရုံများတွင် တာဝန်ချထားစဉ် မဲရုံမှူး၏ ခွင့်ပြုချက်ဖြင့် ဝင်ရောက်ခြင်းမှအပ မဲရုံအတွင်းသို့ ဝင်ရောက်ခြင်းမပြုရ။

(၁၀) အထူးရဲများသည် မဲရုံများတွင် တာဝန်ချထားစဉ် လက်နက်၊ ခဲယမ်း တစ်စုံတစ်ရာ ကိုင်ဆောင်ခြင်း မပြုရ။

(၁၁) အထူးရဲများသည် မဲရုံအတွင်း ထူးခြားဖြစ်စဉ် ဖြစ်ပျက်နေမှုသတင်းများ၊ လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ လာရောက်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေသတင်းများအား အနီးဆုံးကြီးကြပ်သူ ရဲအရာရှိထံ ဆောလျင်စွာ သတင်းပေးပို့ရမည်။

(၁၂) အထူးရဲများသည် အထက်ပါတာဝန်နှင့် ဝတ္တရားများအပေါ် ကောင်းမွန်စွာ ဆောင်ရွက်ခြင်း ရှိ/မရှိကို တာဝန်ရှိ ရဲအရာရှိများ၏ စစ်ဆေးကြပ်မတ်မှုကို ခံယူရမည်။

အထက်ပါ အချက်များအပြင် ရွေးကောက်ပွဲကော်မရှင်နှင့် တာဝန်ရှိသည့် ဌာနဆိုင်ရာများမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အထူးရဲ(Special Police)များသည် ရွေးကောက်ပွဲ လုံခြုံရေးဆောင်ရွက်ရာတွင် လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တာဝန်ယူရသည့်အချိန်ကာလအတွင်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ မှတ်ကျောက်တင်ကျန်ရစ်စေသည်အထိ တာဝန်ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ **(သတင်းစဉ်)**

# လူ့အသိုက်အဝန်းကို အကျိုးပြုနိုင်သူများ ဖြစ်ကြပါစေ

မောင်သောင်းဝင်း
(တမန်ဟောင်း)

ကျွန်ုပ်တို့လူသားတိုင်းတွင် ယေဘုယျအားဖြင့် မွေးရာပါဗီဇများကိုယ်စီပါလာလေ့ရှိကြသည်။

ထိုဗီဇများသည် မိဘနှင့် မွေးချင်းညီအစ်ကိုမောင်နှမများ၊ ဆရာများ၊ မိတ်ဆွေများနှင့် ကျင်လည်ရာ အသိုက်အဝန်းတို့၏ လွှမ်းမိုးမှုများကြောင့် အကောင်းမြင်နှင့် အဆိုးမြင်ဝါဒဟူ၍ တဖြည်းဖြည်းကွဲပြားစွာရုပ်လုံးပေါ်လာလေ့ရှိကြသည်။ မိဘနှင့် ပတ်ဝန်းကျင်အသိုက်အဝန်း၏ လွှမ်းမိုးမှုမည်သို့ပင်ရှိနေစေကာမူကာယကံရှင်၏ မူလဗီဇသာလျှင် အခရာကြပေသည်။ ပုထုဇဉ်လူသားတို့သည် လောကအပေါ်ရှုမြင်ကြရာတွင် အကောင်းမြင်ဝါဒ Optimism နှင့်အဆိုးမြင်ဝါဒ Pessimism ဆိုသည့် ဝါဒနှစ်မျိုးအနက် တစ်မျိုးမျိုးဖြင့် ရှုမြင်လေ့ရှိကြသည်။

သို့သော် မြတ်ဗုဒ္ဓ၏အဆုံးအမတရားတော်များတွင် အကောင်းမြင်ကြပါဟု ဆိုထားပါသည်။ အစွန်းတရားနှစ်ပါးကိုရှောင်၍ မဇ္ဈိမပဋိပဒါအလယ်လမ်းစဉ်သည်သာ အကောင်းဆုံးဖြစ်သည်ဟု လေ့လာမှတ်သားဖူးပါသည်။ "ယောနိသော မနသိကာရ" သင့်တင့်စွာနှင့် နှလုံးသွင်းခြင်းသည်မှန်မြတ်ခြင်းဟု အဆိုရှိပါသည်။ အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန်ကို ဓမ္မဓိဋ္ဌာန်ကျကျခွဲခြမ်းစိတ်ဖြာနိုင်စွမ်းရှိသော အသိဉာဏ်ပညာရှိသူများသည် အစွန်းတရားနှစ်ပါးကို တရားသေစွဲကိုင်ထားခြင်းမရှိဘဲ လောကအပေါ် လက်တွေ့ကျကျရှုမြင်တတ်ကြသည်။

တချို့သောသူများသည် ရာထူး၊ စည်းစိမ်မည်မျှပင်တိုးတက်အောင်မြင်ကြွယ်ဝချမ်းသာနေစေကာမူ လူ့အဖွဲ့အစည်းပေါ်တွင်မူ မကောင်းမြင်ဝါဒ Pessimism ဖြင့်သာ ရှုမြင်တတ်ကြသည်။ ထိုပုဂ္ဂိုလ်များသည် အမိဝမ်းမှ မွေးဖွားလာချိန်မှသည် သေဆုံးသည့်အချိန်အထိ သူ့သက်တမ်းတစ်လျှောက်လုံးကို စိတ်လက်မချမ်းမသာဖြင့် အကျိုးမဲ့စွာဖြုန်းတီးသွားကြရခြင်းဖြစ်သည်။ ထိုသူများအတွက် များစွာစိတ်မကောင်းဖြစ်မိပါသည်။ အချို့သောသူများသည် အသက်ရှင်နေထိုင်စဉ်ကာလအတွင်း မဆုတ်မနစ်ကြိုးပမ်းအားထုတ်မှုများရှိခဲ့သော်လည်း ဘဝပေးကုသိုလ်ကံအရ အောင်မြင်ကြီးပွားတိုးတက်မှုကိုမျှော်မှန်းထားသလောက် မရရှိခဲ့ကြချေ။ သို့သော် ထိုသူများသည် ဖြစ်သမျှအကြောင်း အကောင်းဟုတွေးကာ လက်ရှိဘဝကိုကြည်ဖြူစွာလက်ခံလျက် လူ့ဘောင်လောကပေါ် အကောင်းမြင်ဝါဒ optimism ဖြင့် ရှုမြင်လေ့ရှိကြသည်။ ထိုသူများသည် ဘဝကိုတန်ဖိုးရှိစွာ ကုန်ဆုံးခဲ့ကြသူများသာဖြစ်သည်။ ထိုသူများ၏စိတ်ဓာတ်အတွက် များစွာအားကျပီတိဖြစ်ရသည်။

လူတစ်ဦးသည် ဘဝတွင် အသက်ရှင်နေထိုင်စဉ်ကာလအတွင်း တိုင်းပြည်နှင့် လူမျိုးအကျိုးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အင်ပြည့်အားပြည့် သယ်ပိုးထမ်းဆောင်နိုင်ခြင်းမရှိသည့်တိုင်အောင် မိမိကျရာဇာတ်ရုပ်ကို သမာသမတ်ရှိရှိ ပီပြင်စွာကပြသွားခြင်းဖြင့် အကျိုးပြုနိုင်ပါသည်။ ထိုသို့ ပီပြင်စွာကပြသွားနိုင်သူသည် လူသေသော်လည်း နာမည်မသေဘဲသမိုင်းတွင်ကျန်ရစ်လေ့ရှိသည်။ သာဓကအနေဖြင့် ကျွန်ုပ်တို့၏ အမျိုးသားခေါင်းဆောင် သခင်အောင်ဆန်း၊ တပ်မတော်၏ ဖခင်ဗိုလ်ချုပ်အောင်ဆန်းနှင့် လွတ်လပ်ရေးဗိသုကာ ဦးအောင်ဆန်းကို တစ်မျိုးသားလုံးက ထာဝစဉ်သတိရနေသော အကြောင်းတရားများကို အားလုံးအသိပင်ဖြစ်သည်။ လူသားအားလုံး လူစွမ်းကောင်းများမဖြစ်နိုင်သော်လည်းလူတစ်ဦးချင်းစီတွင် ကိုယ်စီအစွမ်းအစဗီဇများပိုင်ဆိုင်ထားပါသည်။ ထိုအစွမ်းအစဗီဇများကို လောကလူ့ရွာကောင်းကျိုးအတွက်သာ အသုံးချသွားမည်ဆိုလျှင် များစွာဂုဏ်ယူထိုက်ပေသည်။ ထိုသို့မဟုတ်ဘဲ ဘေးထိုင်၊ ဘုပြော၊ ပြစ်တင်ဝေဖန်ပြောဆိုရေးသားခြင်းဖြင့်သာ အချိန်ဖြုန်းသွားကြမည်ဆိုလျှင်ဖြင့် အရိုးမဆွေးမီ နာမည်ပျောက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် မီဒီယာများအပေါ်ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့သောကြောင့် သတင်းစာ၊ ဂျာနယ်၊ စာအုပ်၊ စာစောင်များမြောက်မြားစွာပေါ်ထွန်းလာခဲ့သဖြင့် စာချစ်သူတစ်ဦးအနေဖြင့် များစွာပီတိဖြစ်ခဲ့ရသည်။ သို့သော် စာပေစိစစ်ရေး၏ စောင့်ကြည့်မှုများ ဖြေလျှော့ပေးလိုက်သည့်အချိန်တွင် ဆွမ်းဆန်ထဲကြွက်ချေးရောဆိုသလို ကလောင်သရမ်းသောစာပေများလည်းပါလာကြသည်။ ငါနှင့်မတူ ငါ့ရန်သူ ဆိုသလိုပုံနှိပ်မီဒီယာမှတစ်ဆင့် ပြောင်ပြောင်တင်းတင်း ဝေဖန်ထိုးနှက်တိုက်ခိုက်မှုများလည်းရှိလာကြသည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများအပေါ် ရန်းရင်းကြမ်းတမ်းစွာရေးသားလာကြခြင်းပင်ဖြစ်သည်။ များစွာစိတ်မကောင်းစရာပင်ဖြစ်သည်။ အစိုးရနှင့်တာဝန်ရှိသူများ၏ အားနည်းချက်များကို အကျိုးသင့်၊ အကြောင်းသင့်ထောက်ပြဝေဖန်ရေးသားမှုမျိုးကို လှိုက်လှဲစွာကြိုဆိုပါသည်။ သက်ဆိုင်ရာတာဝန်ရှိသူများ အပိုင်းကလည်း အားနည်းချက်များကို ပြင်ဆင်သွားကြမည်ဟု ရိုးသားစွာယုံကြည်မိပါသည်။

လတ်တလောအခြေအနေတွင် သတင်းစာ၊ ဂျာနယ်များ၌ အဓိပ္ပာယ်နှစ်မျိုး ကောက်ယူနိုင်သည့် ထောက်ပြမှုမျိုးဖြင့် တွင်ကျယ်စွာ ဝေဖန်ရေးသားလာကြသည်ကိုတွေ့ရှိရသည်။ လူပြိန်းကြိုက်စာပေများ မှိုလိုပေါက်လာသည်မှာ တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းမွန်သောနိမိတ်မဟုတ်ချေ။ "အလိမ္မာစာမှာရှိ" ဆိုသကဲ့သို့ စာများများဖတ်မှသာ အကောင်းနှင့်အဆိုး၊ အမှားနှင့် အမှန်ကိုကျိုးကြောင်းဆီလျော်စွာ ခွဲခြားသုံးသပ်ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ စာရေးဆရာများသည် မိမိတို့ဖတ်ရှုလေ့လာထားသည့် ဗဟုသုတများ၊ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး၊ ကောင်းမွန်သည့်အတွေးအမြင်များကို စာဖတ်သူများသို့ စေတနာအရင်းခံဖြင့်သာ မျှဝေပေးမည်ဆိုလျှင် များစွာအကျိုးဖြစ်ထွန်းမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ စာရေးဆရာတို့တွင် အဓိကအားဖြင့် ရည်ရွယ်ချက်နှစ်မျိုးရှိတတ်ကြသည်။ ပထမတစ်ချက်သည် စာဖတ်သူအား အသိပညာဗဟုသုတပေးလိုသောရည်ရွယ်ချက်ဖြစ်ပြီး ဒုတိယအချက်အနေဖြင့် စာဖတ်သူ၌ ကောင်းမွန်သော စိတ်စေတနာဖြစ်လာစေရန် နှိုးဆော်ပေးလိုသော ရည်ရွယ်ချက်ပင်ဖြစ်သည်။

သို့သော် မြန်မာနိုင်ငံတွင် စတုတ္ထမဏ္ဍိုင်ဆိုသောမီဒီယာကိုလွတ်လပ်ခွင့်ပေးလိုက်သည့်အချိန်ကတည်းကစ၍ အနှောင့်အသွားမလွတ်သောစာပေများ တွင်ကျယ်စွာပေါ်ထွက်လာသဖြင့် အနာဂတ်ကို ထုဆစ်ပုံဖော်ကြမည့်မျိုးဆက်သစ်များအတွက် များစွာစိတ်မကောင်းဖြစ်ရပါသည်။ စိတ်ထားဖြူစင်သောမျိုးဆက်သစ်လူငယ်များကို အရောင်မဆိုးသင့်ချေ။ လက်ရှိ ဒီမိုကရေစီအစိုးရသည် စတင်တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်မှစ၍ ဘက်ပေါင်းစုံတွင် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခဲ့သည်ကို ကမ္ဘာ့နိုင်ငံများကပင် အသိအမှတ်ပြုပြီး ပိတ်ဆို့မှုများလျှော့ပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်သည်။

သို့သော် ရောမနိုင်ငံကြီးကို တစ်နေ့တည်းဖြင့် အပြီးတည်ဆောက်နိုင်မည် မဟုတ်ချေ။ မည်သည့်အလုပ်တွင်မဆို အချိန်ယူရလေ့ရှိပါသည်။

ကျွန်ုပ်တို့သည် ကောင်းမွန်ပြီးလက်တွေ့ကျသော ပြောင်းလဲတိုးတက်မှုများကို မျက်ကွယ်မပြုဘဲ ရိုးသားစွာ အသိအမှတ်ပြုသွားသင့်ပါသည်။ ထိုသို့ သူတစ်ပါး၏စွမ်းဆောင်မှုကိုအသိအမှတ်ပြုနိုင်ရန်အတွက် အခြေခံအားဖြင့် ကောင်းမွန်သည့် ဗီဇစိတ်ဓာတ်ကောင်းများရှိနေရန် လိုအပ်မည်ဖြစ်သည်။ ထိုစိတ်ဓာတ်မျိုးမရှိသေးဘူးဆိုလျှင်လည်း လေ့ကျင့်မွေးမြူသွားသင့်ပေသည်။

မြန်မာနိုင်ငံတွင် လက်ရှိအုပ်ချုပ်နေသော ဒီမိုကရေစီအစိုးရလက်ထက်၌ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကြောင့် သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများနှင့် အောင်မြင်မှုများရရှိနေသည်ဆိုသော အချက်ကို ကျွန်ုပ်တို့အားလုံးရိုးသားစွာ အသိအမှတ်ပြုသွားရန် လိုအပ်ပေသည်။ စာရေးသူသည် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကို ထိုသို့ချီးမွမ်းရေးသားတင်ပြနေခြင်းသည် မျက်ကန်းမျိုးချစ်တစ်ဦးအနေဖြင့် တင်ပြနေခြင်းမျိုးမဟုတ်ဘဲ အရှိအတိုင်းသာတင်ပြနေခြင်းပင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် မည်သည့်အစိုးရအဖွဲ့အစည်းမျှ ခြောက်ပြစ်ကင်းသဲလဲစင် ပြီးပြည့်စုံနိုင်မည်မဟုတ်ချေ။ မျက်မှောက်ခေတ်ကြီးတွင် နိုင်ငံစုံ၌ မတူညီသောစိန်ခေါ်မှုများရှိနေကြသည်။ လက်ရှိ ဒီမိုကရေစီအစိုးရအဖွဲ့တွင်လည်း လိုအပ်ချက်များ၊ အားနည်းချက်များရှိနေမည်မှာ အမှန်ပင်ဖြစ်သည်။ ထိုလိုအပ်ချက်၊ အားနည်းချက်များ၊ ချို့ယွင်းချက်များကို အပြုသဘောဆောင်စွာဖြင့် ရှုမြင်ဝေဖန်ထောက်ပြသွားရန်သည် မျိုးချစ်စိတ်ဓာတ်ရှိသော နိုင်ငံသားအားလုံး၏တာဝန်ပင်ဖြစ်သည်။ တစ်စိတ်ကို တစ်အိတ်လုပ်ပြီး စာဖတ်သူများ ဝေဝေဝါးဝါးဖြစ်အောင် ရေးသားတင်ပြနေမည်ဆိုလျှင်ဖြင့် လောကကိုကောင်းကျိုးမပြုသည့် အတန်းအစားတွင် ပါဝင်သွားမည်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် ကျွန်ုပ်တို့သည်ပုထုဇဉ်လူသားများသာဖြစ်ကြသည်။ ထိုလူသားများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသောလူ့အဖွဲ့အစည်းတွင် နေ့စဉ်လုပ်ဆောင်မှုမှန်သမျှသည် အမှားနှင့်မကင်းနိုင်ချေ။ ကိုယ်စီတာဝန်များထမ်းဆောင်ရာတွင်လည်း အောင်မြင်မှုများရရှိပိုင်ဆိုင်ကြသလို လိုအပ်ချက်များ၊ အားနည်းချက်များ၊ ချို့ယွင်းချက်များရှိနေမည်သာဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့သည် သူတစ်ပါး၏ ကြိုးပမ်းအားထုတ်ဆောင်ရွက်မှုများကို ရိုးသားစွာအသိအမှတ်ပြုနိုင်ရမည်ဖြစ်သလို လိုအပ်ချက်များကိုလည်း အပြုသဘောဆောင်စွာဖြင့် ထောက်ပြဝေဖန်သွားရန် လိုအပ်ပါသည်။ ထို့ကြောင့် တိုတောင်းလှသည့် လူ့ဘဝတွင်နေထိုင်စဉ်ကာလအတွင်း လူ့အသိုက်အဝန်းအပေါ် အကျိုးပြုနိုင်သူများဖြစ်နိုင်စေရန်အတွက် ချစ်ခင်စွာအကြံပြုတိုက်တွန်းရေးသားတင်ပြအပ်ပါသည်။ ။

* ထိုလိုအပ်ချက်၊ အားနည်းချက်များ၊ ချို့ယွင်းချက်များကို အပြုသဘောဆောင်စွာဖြင့် ရှုမြင်ဝေဖန်ထောက်ပြသွားရန်သည် မျိုးချစ်စိတ်ဓာတ်ရှိသော နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်။

* တစ်စိတ်ကိုတစ်အိတ်လုပ်ပြီး စာဖတ်သူများ ဝေဝေဝါးဝါးဖြစ်အောင် ရေးသားတင်ပြနေမည်ဆိုလျှင်ဖြင့် လောကကိုကောင်းကျိုးမပြုသည့် အတန်းအစားတွင် ပါဝင်သွားမည်ဖြစ်။

## မဲပေးစို့လား

- အမှန်ညီညာ
  မြန်ပြည်ရွာသာပုံခင်း။
  အရေးတယူ
  အလေးမူ မဲပေးကြ
  လမ်းစ ပွင့်လင်း။
- ချင့်တွေးကာ ကြိုက်ရာရွေးလို့
  မဲပေးခွင့် ကြုံပြန်ပြီ
  ပြည်ကျော်မျှော်ရည်။
  ဒီမိုကရေစီ
  စနစ်ညီ ဖော်ဆောင်ဖို့၊
  ကိုယ်ပိုင်ဉာဏ် ကိုယ်ပိုင်အတွေးနဲ့
  မဲပေးကြစို့။
- မဲတစ်ပြား လွဲမမှားအောင်
  အသည်းကြား ကမ္ပည်းတင်
  မဲပေးဖို့ပြင်။
  စကားချင့်
  တရားနှင့် လက်တွေ့ယှဉ်
  ပြုံးပျော်ရွှင် တည်ငြိမ်အေး။
  အနာဂတ်ကောင်းမွေ
  ကမ်းဆင့်ဝေ ဆောင်သူများ
  လေးစားစိတ်မွေး။
  ပြည်သူကို ကိုယ်စားပြုမယ့်
  ပြည်သူ့ကိုယ်စားလှယ်တွေ၊
  အားမာန်သစ်ဝေ။
  အသိယှဉ်လို့
  သတိသမ္ပဇဉ် မြဲပါစေ
  မှန်စွာမသွေ သင်စဉ်းစား။
  ပြည်သားကောင်းပီ
  ကိုယ်စီတာဝန် ကျေပွန်ရေး
  မဲပေးစို့လား။ ။

ဖိုလေးလုံးသောင်းကိုကို

## NCA လက်မှတ်ရေးထိုးခြင်း ထောက်ခံပွဲအခမ်းအနား ရေဖြူမြို့နယ်တွင် ကျင်းပ

ရေဖြူ နိုဝင်ဘာ ၄

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်းအား ထောက်ခံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်သာဝတီခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဦးခင်မောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး သဘာပတိအဖွဲ့ဝင် ကရင်တိုင်းရင်းသား ဆေမျိုးမင်းက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အောင်မြင်စွာ လက်မှတ်ရေးထိုးခြင်းအပေါ် ထောက်ခံကြောင်းအဆိုကို တင်သွင်းခဲ့သည်။

ထို့နောက် သဘာပတိအဖွဲ့ဝင် မွန်အမျိုးသား ဦးခင်မောင်ဦးက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အောင်မြင်စွာလက်မှတ်ရေးထိုးခြင်းအပေါ် ထောက်ခံကြိုဆိုကြောင်းနှင့် အဆိုတင်သွင်းခြင်းအပေါ် ထောက်ခံဆွေးနွေးခဲ့ကြောင်း ပြောကြားသည်။

(မြို့နယ်ပြန်/ဆက်)

# ဒါနရှေ့ဆောင်မြန်မာရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့ သရက်ချောင်းမြို့တွင် လာရောက်လေ့လာ

**သရက်ချောင်း နိုဝင်ဘာ ၄**

ဒါနရှေ့ဆောင်မြန်မာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့သည် နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းက သရက်ချောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ အဖွဲ့ဝင် ၃၀ လာရောက်လေ့လာခဲ့ကြောင်း သိရသည်။ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့သည် သရက်ချောင်းမြို့နယ်အတွင်း မဲရုံအရေအတွက်၊ မဲပေးပိုင်ခွင့်ရှိသူဦးရေ၊ ကြိုတင်ဆန္ဒမဲလက်မှတ်များ ဆောင်ရွက်ထားရှိမှု၊ ကြိုတင်ဆန္ဒမဲပုံးများ လုံခြုံရေးကြိုးဖြင့် ချိတ်ပိတ်ဆောင်ရွက်ထားရှိမှုနှင့် ဆန္ဒမဲလက်မှတ်များ သိမ်းဆည်းထားရှိမှု အခြေအနေတို့ကို လေ့လာခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။ အဆိုပါ မေးမြန်းချက်များအပေါ် မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးဖေသိန်း၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးနိုင်ဝင်း၊ ဒုတိယဦးစီးမှူး ဦးဟိန်းဇော်ဝင်းတို့က ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**






# ပဲခူးခရိုင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး နိုဝင်ဘာ ၄**

ပဲခူးခရိုင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ၊ ပဲခူးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ပဲခူးခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပဲခူးခရိုင်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် လုံခြုံရေးစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ခရိုင်ရဲတပ်ဖွဲ့မှူးဒုရဲမှူးကြီး လှဦးကလည်းကောင်း၊ ခရိုင်ကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သူရက ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း အသီးသီးရှင်းလင်း ဆွေးနွေးသည်။

ဆက်လက်ပြီး မြို့နယ်အလိုက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ အင်အား ၂၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မင်္ဂလာတောင်ညွန့်တွင် မဲဆန္ဒရှင်သက်သေခံလက်မှတ် လာရောက်ထုတ်ယူသူများပြား

**ရန်ကုန် နိုဝင်ဘာ ၄**

ကျင်းပရန် ရက်ပိုင်းသာလိုတော့သည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒပေးမည့်သူများ အချိန်မကုန်ဘဲ လွယ်လင့်တကူ မဲဆန္ဒပေးနိုင်ရန်အတွက် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၂၀ တွင် သက်ဆိုင်ရာရပ်ကွက်ကော်မရှင်အဖွဲ့ဝင်များကြီးကြပ်၍ နိုဝင်ဘာ ၂ ရက်မှစတင်ကာ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ထုတ်ပေးနေပြီဖြစ်ရာ မဲဆန္ဒပေးမည့်သူများ အဆက်မပြတ် လာရောက်ထုတ်ယူနေပြီဖြစ်သည်။

နိုဝင်ဘာ ၃ ရက် ည ၇ နာရီက ကန်တော်ကလေး (မြောက်ပိုင်း) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်များနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့က သတ်မှတ်ချိန် နေ့ဘက်မအားလပ်သူများအတွက် ညဘက်ပါ ရုံးဖွင့်၍ မဲဆန္ဒရှင် သက်သေခံလက်မှတ်များ စိစစ်ထုတ်ပေးလျက်ရှိရာ မဲဆန္ဒရှင်ပြည်သူများ စိတ်ဝင်တစားအများအပြား လာရောက်ထုတ်ယူနေကြသည်ကို တွေ့မြင်ရသည်။

ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်အေးက "ကျွန်တော်တို့ရပ်ကွက်မှာ မဲဆန္ဒပေးမယ့်သူ ၃၃၄၈ ဦးရှိပါတယ်။ မဲရုံက နှစ်ရုံပါ။ မဲပေးမယ့်နေ့ကျရင် မဲဆန္ဒရှင်တွေလာတဲ့အခါ မဲပေးပုံစံစာရွက်တွေ ထုတ်ပေးဖို့ စိစစ်ရှာဖွေနေရတဲ့ အချိန်မကြာရလေအောင် အခုကတည်းက ကြိုတင်စစ်ဆေးပြီး သက်သေခံလက်မှတ်တွေ ထုတ်ပေးတာဖြစ်ပါတယ်။ ပုံမှန်စိစစ်ပြီးမှ ထုတ်ပေးမယ်ဆိုရင် တစ်ဦးကို အနည်းဆုံး သုံးမိနစ်လောက်အချိန်ကြာမှာဖြစ်ပြီး အခုလိုကြိုတင်စိစစ်ပြီး သက်သေခံ လက်မှတ်တွေရှိတော့ တစ်မိနစ်ကို နှစ်ဦးလောက်ထုတ်ပေးသွားနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဖုန်းမြင့်ဝင်းကလည်း "ဒီမဲဆန္ဒရှင် သက်သေခံလက်မှတ်တွေထုတ်ပေးဖို့ သတ်မှတ်ခွင့်ပြုချိန်အပြင် ညဘက်ပါ ထုတ်ပေးနေတာက မဲပေးမယ့်သူတွေ မဲပေးမယ့်နေ့ကျရင် အချိန်မကုန်စေချင်လို့ပါ။ သတ်မှတ်ရက်အတွင်း အကြောင်းအမျိုးမျိုးကြောင့် သက်သေခံလက်မှတ်လာရောက်မထုတ်နိုင်တဲ့သူတွေကိုလည်း မဲပေးတဲ့နေ့ကျရင် မဲရုံပြင်ပကနေပြီး ကူညီစိစစ်ထုတ်ပေးဖို့ စီစဉ်ထားပါတယ်" ဟု ပြောပြသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**





# နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၄**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လသာမြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် နိုင်ငံရေးပါတီငါးဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများ မဖြစ်ပေါ်စေရေးအတွက် နိုင်ငံရေးပါတီများအားလုံးက သဘောတူလက်မှတ်ရေးထိုးထားသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများကျင့်ဝတ်၊ ဥပဒေ၊ နည်းဥပဒေများ၊ ရွေးကောက်ပွဲစောင့်ကြည့်ရာတွင် လိုက်နာရမည့်စည်းကမ်းများ၊ လုံခြုံရေးဆိုင်ရာများ၊ ကြိုတင်မဲကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများကို သိရှိလိုက်နာဆောင်ရွက်ပေးကြပါရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**အောင်မြင့် (ပြန်/ဆက်)**



# ဒဂုံ(ဆိပ်ကမ်း)မြို့နယ်တွင် ကြိုတင်မဲများပေး

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ရန်အတွက် နိုဝင်ဘာ ၃ ရက်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကြိုတင်မဲများပေးကြသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ ရှေ့မှောက်တွင် ကြိုတင်မဲလက်မှတ်များထုတ်ယူ၍ မဲဆန္ဒအတိုင်း လျှို့ဝှက်မဲများရိုက်နှိပ်ကာ မဲပုံးများအတွင်းသို့ ဆန္ဒမဲများပေးခဲ့ကြသည်။

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၌ အထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်မည့် မြို့နယ်ရဲတပ်ဖွဲ့ဝင်အင်အား ၄၇ ဦး ရှိကြောင်း သိရသည်။

**ရွှေတိုင်လွင်**

## ပြည်တွင်းရေးရာ





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်ကုတ်မြို့ တောင်ကုတ်ကောလိပ်ခန်းမ၌ မြို့မိမြို့ဖများ၊ ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

●ရှေ့ဖုံးမှ

လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း။

ထို့ကြောင့် လျှပ်စစ်ဓာတ်အားကို သာမန်အိမ်သုံးအတွက်သာ အသုံးမပြုဘဲ အိမ်တွင်းစက်မှုလုပ်ငန်းများ ထွန်းကားစေရန်နှင့် ထိုမှတစ်ဆင့် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများထွန်းကားအောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးလိုင်းများ တိုးချဲ့တပ်ဆင်ပြီး ဆက်သွယ်မှုအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ရရှိထားသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများကို အသုံးပြုပြီး လယ်ယာထွက်ကုန်များနှင့် ရေထွက်ပစ္စည်းများကို တန်ဖိုးမြှင့်တင်ထုတ်လုပ်ရန် လိုအပ်ကြောင်း၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ထုတ်ပေးရန် လိုအပ်သကဲ့သို့ ဒေသနှင့်သင့်တော်သည့် သီးနှံများကိုလည်း စမ်းသပ်စိုက်ပျိုးရန် လိုအပ်ပါကြောင်း။

မိမိတို့တာဝန်ယူချိန်တွင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေအား၊ လူအား စိုက်ထုတ်ဆောင်ရွက်ပေးခဲ့သည်ကို မျက်မြင်တွေ့ရှိ ခံစားနိုင်ပြီဖြစ်ကြောင်း။

ထို့ကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆက်လက်ထိန်းသိမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

စစ်တွေမြို့ကို အဓိကရေပေးဝေနေသည့် ကန်တော်ကြီးကိုလည်း ပြုပြင်မွမ်းမံပြီး သောက်သုံးရေဖူလုံရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

စစ်တွေမြို့ရှိ ကန်တော်ကြီးမှ မြို့အတွက် လက်ရှိရေပေးဝေနိုင်မှုမှာ တစ်နေ့ ဂါလန် ၁ ဒသမ ၂ သန်းဖြစ်ပြီး မြို့၏ တစ်နေ့ရေလိုအပ်ချက်မှာ ဂါလန် ၂ ဒသမ ၆ သန်းဖြစ်၍ ပိုမိုရေသိုလှောင်နိုင်ပြီး လုံလောက်စွာ ရေပေးဝေနိုင်ရန်အတွက် အဆိုပါကန်တော်ကြီးအား ခန့်မှန်း ငွေကျပ် ၂ ဒသမ ၄၁ ဘီလီယံ အကုန်အကျခံ ပြုပြင်မည်ဖြစ်သည်။ ထိုသို့ ပြုပြင်ပြီးပါက စစ်တွေမြို့အတွက် တစ်နေ့လျှင် ဂါလန် ၄ ဒသမ ၆ သန်းခန့် ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် Golden Green Energy ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက ငွေကျပ် သိန်း ၁၀၀၀၊ ဇေယျကျော်ထင် ဦးမောင်မောင်အုန်း မိသားစုက ငွေကျပ် သိန်း ၂၀၀ နှင့် အေးငြိမ်းဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် သိန်း ၂၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လောကာနန္ဒာစေတီတော်ဝန်းအတွင်းရှိ စကြာမုနိရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကာ အလှူငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ကြပြီး သံတွဲမြို့သို့ရောက်ရှိကြရာ သံတွဲလေဆိပ်၌ ဒေသခံပြည်သူများက တစ်ခဲနက် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး တောင်ကုတ်မြို့သို့ ရောက်ရှိကြရာ လမ်းတစ်လျှောက်မှ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တောင်ကုတ်ကောလိပ်ခန်းမ၌ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် တောင်ကုတ်မြို့နယ်သည်လည်း မဟာဓာတ်အားလိုင်းမှတစ်ဆင့် ၂၄ နာရီ မီးရရှိနေပြီဖြစ်သည့်အတွက် အိမ်တွင်းစက်မှုလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့ အစိုးရတာဝန်ယူချိန်တွင် တောင်ကုတ်မြို့၌ တောင်ကုတ်ကောလိပ်ကို ဖွင့်လှစ်ပေးခဲ့သည့်အတွက် ရခိုင်ပြည်နယ်တောင်ပိုင်းမှ ကျောင်းသား ကျောင်းသူများ လွယ်ကူစွာပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း။

တောင်ကုတ်ကောလိပ်မှ ဆရာ ဆရာမများအနေဖြင့် ဒေသတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာတတ်သော၊ စည်းကမ်းကောင်းသော၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသော လူငယ်များကို မွေးထုတ်ပေးရန်လိုကြောင်း။

သို့မှသာ ရှိပြီးဖြစ်သည့် သယံဇာတကြွယ်ဝမှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပေါင်းစပ်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကျောက်တောင်က မြို့နယ်အတွက်လိုအပ်သည်များကို တင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ရမ်းဗြဲမြို့သို့ရောက်ရှိကြရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရမ်းဗြဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရမ်းဗြဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ မြို့မိမြို့ဖများ၊ ကော်မတီများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများအား တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**စစ်တွေမြို့ရှိ ကန်တော်ကြီးမှ မြို့အတွက် လက်ရှိရေပေးဝေနိုင်မှုမှာ တစ်နေ့ ဂါလန် ၁ ဒသမ ၂ သန်းဖြစ်ပြီး မြို့၏ တစ်နေ့ရေလိုအပ်ချက်မှာ ဂါလန် ၂ ဒသမ ၆ သန်းဖြစ်၍ ပိုမိုရေသိုလှောင်နိုင်ပြီး လုံလောက်စွာ ရေပေးဝေနိုင်ရန်အတွက် အဆိုပါကန်တော်ကြီးအား ခန့်မှန်းငွေကျပ် ၂ ဒသမ ၄၁ ဘီလီယံ အကုန်အကျခံပြုပြင်မည်။**

**တောင်ကုတ်မြို့၌ တောင်ကုတ်ကောလိပ်ကို ဖွင့်လှစ်ပေးခဲ့သည့်အတွက် ရခိုင်ပြည်နယ်တောင်ပိုင်းမှ ကျောင်းသား ကျောင်းသူများ လွယ်ကူစွာ ပညာသင်ကြားနိုင်ပြီ။**

## ပြည်တွင်းရေးရာ

❒ စာမျက်နှာ ၈ မှ

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ရခိုင်ပြည်နယ်၏ သဘာဝဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးနေမှုအခြေအနေများ၊ အစိုးရသစ်လက်ထက်တွင် နိုင်ငံရေးစနစ်တစ်ခုမှ စနစ်တစ်ခုသို့ တည်ငြိမ်အေးချမ်းစွာဖြင့် အသွင်ကူးပြောင်းနိုင်ခဲ့မှု အခြေအနေများ၊ ပြည်သူများ၏ဆန္ဒနှစ်ခုဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေးများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် ဒီမိုကရေစီစနစ်ဖြင့် ထိုက်တန်ကြောင်း ကမ္ဘာကို ပြသနိုင်ရန်အတွက် ရွေးကောက်ပွဲကို အေးချမ်းလုံခြုံစွာ၊ လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပရန်၊ အမျိုးသားရေးတာဝန်အဖြစ် အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရမ်းဗြဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက မြို့နယ်အတွက် လိုအပ်သည်များကို တင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး မာန်အောင်မြို့သို့ရောက်ရှိကြရာ ဒေသခံပြည်သူများက တစ်ခဲနက်ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မာန်အောင်မြို့ အောင်ဇေယျခန်းမ၌ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မာန်အောင်ကျွန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်းပတ်လမ်းနှင့် လေယာဉ်ကွင်းကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျွန်းပတ်လမ်းကိုဆက်လက်ပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံး လျှပ်စစ်မီးရရှိနေချိန်တွင် သီးခြားကျွန်းဖြစ်နေသည့် မာန်အောင်မြို့နယ်တွင်လည်း လျှပ်စစ်မီး ၂၄ နာရီ ရရှိနိုင်ရေးအတွက် Heavy Fuel Oil သုံး အင်ဂျင်စက်များဖြင့် ဓာတ်အားဖြန့်ဖြူးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖြစ်ပေါ်လာမည့် အနာဂတ်အခြေအနေကောင်းများကို အသုံးချပြီး ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် မှာကြားပြီး နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အေးချမ်းလုံခြုံစွာကျင်းပနိုင်ရန် လိုအပ်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မာန်အောင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌက မြို့နယ်အတွက်လိုအပ်သည်များကို တင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အဖွဲ့ဝင်များနှင့်အတူ မာန်အောင်မြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ သံတွဲမြို့သို့ ညနေပိုင်းတွင်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတသည် သံတွဲမြို့နယ် ငပလီမြို့ အဏ္ဏဝါရိပ်သာ၌ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များအားတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာတွင် မိမိတို့အစိုးရတာဝန်ယူချိန်တွင် ငပလီကို မြို့အဆင့်တိုးချဲ့ပေးခဲ့ပြီး လမ်းနှင့် လေယာဉ်ကွင်းကိုလည်း အဆင့်မြှင့်တင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထိုအခြေအနေများကို အသုံးချပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသခံပြည်သူများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ ဟိုတယ်နှင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကမ်းခြေသာယာလှပမှုနှင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန်အတွက် စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် သံတွဲမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး မကွေးမြို့သို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မကွေးမြသလွန်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ ကပ်လှူပူဇော်၍ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

- - - - - - - - - - - - - - - - - - - -

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာမည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လောကာနန္ဒာ စေတီတော်လိုဏ်တော်အတွင်း၌ စစ်တွေမြို့မှ မြို့မိမြို့ဖများ၊ ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မာန်အောင်မြို့ အောင်ဇေယျခန်းမ၌ မြို့မိ မြို့ဖများ၊ ကော်မတီများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများအား တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မကွေးမြို့သို့ ရောက်ရှိလာရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# အိန္ဒိယဘက်ကလေအေးနဲ့ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းကလေနွေး စုဆုံတဲ့အခါ မိုးတိမ်ဖြစ်ထွန်း




မိုးလေဝသထူးခြားဖြစ်စဉ်များနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မိုးလေဝသဆိုင်ရာ အခြေအနေများကို အလိုအလျောက်ဖြေကြားပေးသည့် ၀၁-၆၆၇၇၆၆၊ ၀၆၇-၄၁၁၂၅၂ သို့ ဆက်သွယ်မေးမြန်းနိုင်သည့်အပြင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ၀၆၇-၄၁၁၅၂၆၊ ၀၆၇-၄၁၁၅၂၇ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ အလားတူ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.dmh.gov.mm ၌ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"လွန်ခဲ့တဲ့ လတွေက မြန်မာနိုင်ငံမှာ လေဖိအားနည်းရပ်ဝန်းတွေ ဖြစ်ခဲ့တယ်။ မြန်မာနိုင်ငံအရှေ့ဘက်ကနေ လေပွေလှိုင်းတွေဝင်ခဲ့တယ်။ ဒါကြောင့် မြန်မာနိုင်ငံအနှံ့အပြားမှာ မိုးသည်းထန်စွာ ရွာသွန်းမှုတွေ ဖြစ်ပွားခဲ့တယ်။

လက်ရှိအခြေအနေမှာ ဆောင်းရာသီရောက်နေပြီဖြစ်တဲ့အတွက် အထက်ကလာတဲ့ လေဖိအားနည်းရပ်ဝန်းတွေ၊ ဘင်္ဂလားပင်လယ်အော်က တက်လာတဲ့ လေဖိအားနည်းချိုင့်ဝှမ်းတွေ၊ အရှေ့ဘက်က ဝင်ရောက်လာတဲ့ လေပွေလှိုင်းတွေကြောင့် မြန်မာနိုင်ငံမှာ မိုးတိမ်တွေ ထူထပ်နေတယ်။ ရှင်းအောင်ပြောရရင် အိန္ဒိယဘက်က လေအေးတွေနဲ့ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းက လေနွေးတွေ စုဆုံတဲ့အခါ မိုးတိမ်တွေ ဖြစ်ထွန်းတယ်။ မိုးတွေ အုံ့ဆိုင်းနေတယ်ပေါ့" ဟု မိုးလေဝသဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းနိုင်က ဆိုသည်။

"မုတ်သုံထွက်သွားတဲ့ မိုးရာသီလွန်ကာလတွေမှာ လေအေးနဲ့ လေနွေး စုဆုံမှုရှိတဲ့အချိန်တိုင်း တိမ်တွေ ထူထပ်မယ်။ မိုးတိမ် အုံ့ဆိုင်းမှုတွေရှိမယ်၊ မိုးရွာသွန်းမှုတွေ ရှိမှာဖြစ်တယ်။ အရင်မိုးရာသီလွန်ကာလတွေတုန်းကလည်း ဒီလို မိုးတိမ်ထူထပ်တာတွေ ရှိခဲ့တာပါပဲ။ ဒါတွေဟာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်လို့ ပြောလို့ရပါတယ်" ဟုလည်း ပြောကြားခဲ့သည်။

ဆက်လက်၍ ၎င်းက ရာသီဥတုဖြစ်စဉ်တွေနဲ့ ပတ်သက်လို့ သဘာဝဘေးအန္တရာယ် ဖြစ်ပွားနိုင်တာတွေနဲ့ ကျွန်မတို့က အချိန်နဲ့တစ်ပြေးညီ အသိပေးဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာ-နာဂစ်ဖြစ်စဉ်မတိုင်မီက မိုးလေဝသအခြေအနေတွေကို ကျွန်မတို့ အကြိမ်ပေါင်းများစွာ သတင်းတွေ ထုတ်ပြန်ပေးခဲ့တယ်။ သဘာဝဘေးအန္တရာယ် ဖြစ်နိုင်တယ်ဆိုတာ ကြိုတင်သတိပေးခဲ့တယ်။ ပြည်သူတွေအနေနဲ့ မိုးလေဝသသတင်းတွေကို သေသေချာချာ နားထောင်သင့်ပါတယ်။

ဒါကြောင့် ဘယ်ဒေသတွေမှာ ဘယ်လိုအကျိုးသက်ရောက်မှုရှိနိုင်တယ်ဆိုတဲ့ မိုးလေဝသအခြေအနေနဲ့ ပတ်သက်တဲ့ သတင်းထုတ်ပြန်ချက်တွေကို ဂရုတစိုက် နားထောင်စေချင်တယ်။ မီဒီယာတွေရဲ့ မိုးလေဝသနဲ့ယှဉ်တဲ့ ရေးသားပြောဆိုမှုတွေနဲ့ ပတ်သက်လို့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေဆိုတာ ရှိနေမှာပဲဖြစ်တယ်။ ဒါဟာ ဘယ်လိုမှ မဆက်စပ်ဘူးလို့ မြင်တယ်။ လိုရာဆွဲတွေးရင်၊ လိုရာဆွဲရေးရင် ကိုယ်လိုချင်တဲ့ဘက်ကို လူတိုင်းတွေးလို့၊ ရေးလို့ရတာပဲလေ" ဟု ဆက်လက်ပြောကြားခဲ့သည်။

**မောင်ဖိုးဇော်(ကလေးဝ)**

# ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းရေလုပ်သားများအတွက် ယာယီအလုပ်လုပ်ကိုင်ခွင့် ဒုတိယအကြိမ်ပြုလုပ်ပေး

**မဟာချိုင် နိုဝင်ဘာ ၄**

ထိုင်းနိုင်ငံတစ်ခွင်ရှိ ငါးဖမ်းလှေများ၌ အလုပ်လုပ်ကိုင်နေကြသော အထောက်အထားမရှိသည့် မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ရွှေ့ပြောင်း အလုပ်သမားများအား ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့် ပန်းရောင်ဘတ်ကတ်များကို နိုင်ငံတစ်ခွင်ရှိ ခရိုင် ၂၂ ခု၌ နိုဝင်ဘာ ၂ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်အထိ ပြုလုပ်ပေး မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar AssociationinThailand-MAT)၏ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

စမွတ်စာခွန်၊ စမုတ်ပါရကန်၊ ဆမွတ်ဆုန်ခါ၊ ဖစ်ချဘူရီ၊ ပကျွတ်ခီရီခန်၊ ခြုံဖော်၊ ခြုံဘူရီ၊ ကျန်ထပူရီ၊ လယောင်၊ ရနောင်း၊ ကဘီ၊ နခွန်စီဌာမရတ်၊ ဆုခလာ၊ ဆဒွန်း၊ ချချင်ဆောင်၊ နခိုစီဌာမရ၊ ဆူရတ်ဌာနီ၊ ပါသနီ၊ နာရာသီဝပ်၊ ဖန်ငနှင့် ဖူးခက်ခရိုင် အစရှိသည့် ခရိုင်ပေါင်း ၂၂ ခရိုင်တွင် နိုဝင်ဘာ ၂ ရက်မှစတင်၍ ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့် ပန်းရောင်ဘတ်ကတ်ပြားကို ရွှေ့ပြောင်းအလုပ်သမားများအတွက် သုံးလတိုင်တိုင် One Stop Service စခန်းများ၌ နေ့ချင်းပြီး ပြုလုပ်ပေးမည်ဖြစ်သည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့် အဆိုပါ ရွှေ့ပြောင်းအလုပ်သမားများအတွက် ယာယီအလုပ်လုပ်ကိုင်ခွင့် ဒုတိယအကြိမ်ပြုလုပ်ပေးခြင်းအစီအစဉ်မှာ ငါးဖမ်းလှေများ၌ အလုပ်လုပ်ကိုင်နေကြသည့် အထောက်အထားမဲ့ အလုပ်သမားများအတွက်သာ သီးသန့်ပြုလုပ်ပေးနေခြင်းဖြစ်သည်။ ထိုင်းနိုင်ငံအစိုးရ၏ သတင်းထုတ်ပြန်ထားချက်များအရ ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်(ပန်းရောင်ဘတ်)ပြုလုပ်ရာ၌ ကျန်းမာရေးဆေးစစ်ခ ဘတ်ငွေ ၅၀၀၊ ကျန်းမာရေး အာမခံကတ်ပြုလုပ်ခဘတ်ငွေ ၁၆၀၀၊ အလုပ်သမားမှတ်ပုံတင်ကြေးဆောင်ရွက်ခ ဘတ်ငွေ ၁၀၀၀ နှင့် ကိုယ်ရေးရာဇဝင် မှတ်ပုံတင်ကြေးခ ဘတ်ငွေ ၈၀ စုစုပေါင်း ဘတ်ငွေ ၃၁၈၀ ကုန်ကျမည်ဖြစ်ကြောင်းသိရပြီး သက်တမ်းတစ်နှစ်ရရှိမည်ဖြစ်ကာ လျှောက်ထားလိုသည့် အလုပ်သမားများအနေဖြင့် မိမိတို့ အလုပ်ရှင်များနှင့်တကွ One Stop Service စခန်းသို့ ကိုယ်တိုင်ကိုယ်ကျလာရောက်ရမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံအစိုးရက အသိပေးကြေညာထားသည်။




**ပန်းရောင်ဘတ်ကတ်များ လာရောက်လုပ်ဆောင်နေကြသော ရွှေ့ပြောင်းအလုပ်သမားများအား One stop Service စခန်း၌ နိုဝင်ဘာ ၃ ရက် ညနေပိုင်းက တွေ့ရစဉ်။**

မုံရွာမြို့မှ လာရောက်အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားတစ်ဦးက "အထောက်အထားမဲ့ အလုပ်သမားတစ်ယောက်အနေနဲ့ ထိုင်းနိုင်ငံမှာ အစစအရာရာမှာ အနှိမ်ခံရတယ်။ သွားချင်လာချင်တဲ့အခါမျိုးတွေမှာလည်း ရဲရဲတင်းတင်းသွားလာလို့ မရဘူး။ အဆင်မပြေတာတွေများတယ်။ ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုတွေကအစ အခက်အခဲတွေအတော်များများ တွေ့ကြုံရတဲ့အခါမှာ အခုလို ထိုင်းနိုင်ငံအစိုးရက ယာယီနေထိုင်ခွင့်နဲ့ အလုပ်လုပ်ကိုင်ခွင့် ပန်းရောင်ဘတ်ကတ်ပြားလုပ်ပေးတော့ အစအစအရာရာ နှိမ့်ကျနေတဲ့ဘဝက အခိုက်အတန့်လွတ်မြောက်သွားပြီပေါ့ဗျာ" ဟု ရင်ဖွင့်ပြောကြားခဲ့သည်။

သတ်မှတ်ကာလအတွင်း သွားရောက်မှတ်ပုံတင်ရန် ပျက်ကွက်သောအလုပ်ရှင်သည် အနည်းဆုံးဘတ်ငွေတစ်သောင်းမှ ဘတ်ငွေတစ်သိန်းအထိနှင့် အလုပ်သမားများသည် ငါးနှစ်ထက်မပိုသောထောင်ဒဏ် (သို့မဟုတ်) ဘတ်ငွေနှစ်ထောင်မှ ဘတ်ငွေတစ်သိန်းထိ (သို့မဟုတ်) ဒဏ်နှစ်ရပ်စလုံးကိုကျခံရမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံအစိုးရကအသိပေးထုတ်ပြန်ထားသည်။

ထိုင်းနိုင်ငံအစိုးရမှ လက်ရှိဆောင်ရွက်ပေးနေသော ပန်းရောင်ဘတ်ကတ်ကိုင်ဆောင်မည့် ရွှေ့ပြောင်းအလုပ်သမားသည် ထိုင်းနိုင်ငံအတွင်းရှိ ခရိုင်တစ်ခုမှ အခြားခရိုင်တစ်ခုသို့ ဖြတ်သန်းသွားလာလိုလျှင် အလုပ်ရှင်၏ ထောက်ခံစာဖြင့် နယ်မြေဖြတ်ကျော်သွားလာခွင့်ရရှိမည်ဖြစ်ပြီး ကျန်းမာရေးအတွက် အကြီးစားခွဲစိတ်ကုသမှုမှလွဲ၍ ကလေးမွေးဖွားခြင်းကအစ ဘတ်ငွေ ၃၀ ဖြင့် ဆေးဝါးကုသခွင့်ရရှိမည်ဖြစ်သည်။ ပတ်စ်ပို့ကဲ့သို့ အလုပ်လုပ်ကိုင်ခွင့် work permit လုပ်ရန်လည်းမလိုအပ်တော့ဘဲ ရက်ပေါင်း ၉၀ လျှင် တစ်ကြိမ် နီးစပ်ရာ လဝကရုံး၌ ပွဲစားဖြင့် ဧည့်စာရင်းတိုင် တံဆိပ်တုံးထုရန် မလိုအပ်တော့ကြောင်း သိရသည်။

> **မြန်မာအလုပ်သမားများအား အကြောင်းမရှိ အကြောင်းရှာ၍ ဖမ်းဆီးငွေညှစ်နေသည့် ထိုင်းရဲများအား နှစ်နိုင်ငံအစိုးရက ပြင်းပြင်းထန်ထန် တားမြစ်ပေးရန် အလုပ်သမားများက လိုလား။**

ထိုင်းနိုင်ငံတွင် ပန်းရောင်ဘတ်ကတ်ကိုင်ဆောင်ထားကြသည့် မြန်မာအလုပ်သမားများနှင့် ပတ်စ်ပို့ကိုင်ဆောင်ထားသည့် မြန်မာအလုပ်သမားများအား အကြောင်းမရှိ အကြောင်းရှာ၍ ဖမ်းဆီးငွေညှစ်နေသည့် ထိုင်းရဲများအား နှစ်နိုင်ငံအစိုးရက ပြင်းပြင်းထန်ထန်တားမြစ်ပေးရန် အလုပ်သမားများကလိုလားနေကြကြောင်း၊ မြန်မာအလုပ်သမားများ အရေးဆောင်ရွက်နေသည့် MAT အဖွဲ့က ပြောသည်။

ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ထိုင်းနိုင်ငံအစိုးရမှ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဇွန်လကုန်ပိုင်းမှ အောက်တိုဘာလကုန်ပိုင်းထိ ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့် ပန်းရောင်ဘတ်များကို ပထမအကြိမ်ပြုလုပ်ပေးခဲ့ရာတွင် ရွှေ့ပြောင်းအလုပ်သမား စုစုပေါင်း နှစ်သိန်းရှစ်သောင်းကျော်ထိရှိခဲ့ပြီး ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငခရိုင်တစ်ခုတည်းတွင်ပင် နိုင်ငံအသီးသီးမှ လာရောက်အလုပ်လုပ်ကိုင်ကြသော ရွှေ့ပြောင်းအလုပ်သမား စုစုပေါင်း ၁၇၀၀၀ ကျော် ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။ ထို့အပြင် ငါးဖမ်းလုပ်ငန်းနှင့် ပင်လယ်အစားအစာထုတ်လုပ်သည့် အလုပ်သမားများအတွက် ၂၀၁၄ ခုနှစ် ဇွန်လကုန်ပိုင်းမှ အောက်တိုဘာလကုန်ပိုင်းအထိ ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့် ပန်းရောင်ဘတ်ကတ်များပြုလုပ်ပေးခဲ့စဉ်က မြန်မာအလုပ်သမားပေါင်း ခြောက်သိန်းခွဲကျော်အား ထိုင်းနိုင်ငံအစိုးရမှဆောင်ရွက်ပေးခဲ့ကြောင်း MAT အဖွဲ့မှ စုံစမ်းသိရသည်။

**(စိုးဝင်း-MLA)**

# သထုံမြို့ပေါ် ငါးရပ်ကွက်တွင် မဲဆန္ဒရှင် ၂၀၀ ကျော် ကြိုတင်မဲပေး

**သထုံ နိုဝင်ဘာ ၄**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ မြို့ပေါ် ရပ်ကွက်ငါးရပ်ကွက်တွင် ကြိုတင်ဆန္ဒမဲပေးရန် အမှန်လိုအပ်သူတို့က ကြိုတင်မဲများ လာရောက်ပေးလျက်ရှိပြီး အောက်တိုဘာ ၂၉ ရက်မှ စတင်ကာ နိုဝင်ဘာ ၃ ရက်အထိ ကြိုတင်မဲပေးသူပေါင်း ၂၀၀ကျော်ရှိပြီဖြစ်ကြောင်း အဆိုပါ ရပ်ကွက်များရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံမှ သိရသည်။

လိပ်အင်းရပ်ကွက်တွင် မဲရုံလေးရုံရှိပြီး ကြိုတင်မဲပေးသူ ၂၉ ဦး၊ နန်းခဲရပ်ကွက်တွင် မဲရုံသုံးရုံရှိပြီး ကြိုတင်မဲပေးသူ ၃၅ ဦး၊ အောက်ကျင်းရပ်ကွက်တွင် မဲရုံ သုံးရုံရှိပြီး ကြိုတင်မဲပေးသူ ၃၂ ဦး၊ ဘင်လှိုင်ရပ်ကွက်တွင် မဲရုံ သုံးရုံရှိပြီး ကြိုတင်မဲပေးသူ ၃၄ ဦးနှင့် သိမ်ကုန်းရပ်ကွက်တွင် မဲရုံနှစ်ရုံရှိပြီး ကြိုတင်မဲပေးသူ ၉၀ စုစုပေါင်း နိုဝင်ဘာ ၃ ရက်အထိ ကြိုတင်မဲပေးသူပေါင်း ၂၂၀ ရှိပြီဖြစ်သည်။

"မဲရုံမှာ တာဝန်ထမ်းဆောင်ကြမယ့် ဆရာမတွေ၊ အထူးရဲတွေ အများအားဖြင့်လာပြီး ပေးကြတယ်။ ကျွန်တော်တို့ ရပ်ကွက်မှာက ဝန်ထမ်းတွေများတယ်။ အထက်တန်းကျောင်းတွေ ရှိတယ်။ ဒါ့ကြောင့် မြို့ပေါ် ငါးရပ်ကွက်မှာ ကျွန်တော်တို့က အများဆုံးပဲ" ဟု သိမ်ကုန်းရပ်ကွက် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်အောင်က ပြောသည်။

ကြိုတင်မဲပေးနေမှုကို ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီအချို့မှ ကိုယ်စားလှယ်များနှင့် မီဒီယာများကလည်း လာရောက်စောင့်ကြည့်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **သက်ဦး(သထုံ)**

# ရွေးကောက်ပွဲကာလအတွင်း အရောင်းအဝယ်ဈေးကွက်များ အေးနေ




**ရန်ကုန် နိုဝင်ဘာ ၄**

လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြောင့် အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများမှာ အနည်းငယ်မှ သိသိသာသာ အေးလာကြောင်း ထုတ်လုပ်၊ ရောင်းဝယ်သူအများစုက ပြောသည်။

ထိုသို့ အရောင်းအဝယ်များမှာ ပြီးခဲ့သည့် စက်တင်ဘာလမှ စတင်၍ အနည်းငယ်အေးလာပြီး ယခု ရွေးကောက်ပွဲနီးလာချိန်တွင် သိသိသာသာ အရောင်းအဝယ် လျော့နည်းကျဆင်းလာကြောင်းနှင့် ရွေးကောက်ပွဲပြီးချိန်တွင်လည်း ဈေးကွက်ပြန်လည်ဦးမော့ရန်မလွယ်သေးကြောင်း ဈေးကွက်လေ့လာသူများက သုံးသပ်ပြောသည်။

ရန်ကုန်မြို့တွင် အထင်ကရဖြစ်သော ဈေးကြီးများဖြစ်သည့် သိမ်ကြီးဈေးနှင့် မင်္ဂလာဈေးတို့မှာ မြန်မာတစ်နိုင်ငံလုံးသို့ အဓိက ဖြန့်ဖြူးပေးနေပြီး ယင်းဈေးကွက်များပင် သိသိသာသာ အရောင်းအဝယ် ကျဆင်းလျက်ရှိကြောင်း အဆိုပါဈေးကွက်မှ သိရသည်။

"ကျွန်မတို့က အသေးစားလုပ်ငန်းလေးတွေ လုပ်တာပါ။ သိမ်ကြီးဈေးကို တင်ပို့ရပါတယ်။ အဲဒီကနေတစ်ဆင့် မြန်မာပြည်အရပ်ရပ်ကို ထပ်ပြီး ဖြန့်ဖြူးပါတယ်။ သိမ်ကြီးဈေးက အော်ဒါတွေ ပိတ်ထားတာကြာပါပြီ။ ရွေးကောက်ပွဲကြောင့်လို့ ပြောပါတယ်။ ကျွန်မတို့က ဒီလို ပွင့်လင်းရာသီကို မျှော်လင့်ပြီး ပစ္စည်းတွေ ကြိုလုပ်ထားတာရှိပါတယ်။ ပွင့်လင်းရာသီလည်းရောက်ရော အော်ဒါတွေ ပိတ်တယ်ဆိုတော့ ကျွန်မတို့ အခက်အခဲဖြစ်နေရပါတယ်"ဟု ရန်ကုန်မြို့ရှိ ပလတ်စတစ် ကလေးကစားစရာ တင်ပို့ရောင်းချသူ ဒေါ်စန်းကြည်က ပြောသည်။

ကျေးလက်ဒေသများရှိ မြို့နယ်အများစုသည် ရန်ကုန်မြို့ရှိ အရောင်းအဝယ်ဈေးကွက်များကို အဓိကအားထားနေရပြီး အရောင်းအဝယ်အခြေအနေများကိုလည်း စောင့်ကြည့်ရောင်းချမှုများလည်း ရှိသည်။

ထိုသို့ ရန်ကုန်မြို့ရှိ အရောင်းအဝယ်အချို့မှာ ရွေးကောက်ပွဲကြောင့် အရောင်းအဝယ်ရပ်ဆိုင်းမှုများ၊ နှေးကွေးမှုများ၊ အေးစက်မှုများကြောင့် နယ်မြို့များသို့ပါ အရောင်းအဝယ်အေးစက်မှုများ ကူးစက်ပျံ့နှံ့လာကြကြောင်း နယ်မြို့များရှိ အရောင်းအဝယ်လုပ်ကိုင်နေသူများက ပြောသည်။

"ဖိနပ်လုပ်ငန်းဆိုတာက အခုလို ပွင့်လင်းရာသီကို စောင့်နေရတာပါ။ အရင်နှစ်တွေဆို ဒီအချိန်မှာ အော်ဒါတော်တော်များများရလို့ လက်မလည်အောင် လုပ်နေရတာပါ။ ကျွန်တော်တို့ ဈေးကွက်နယ်တွေကို အားကိုးပြီး လုပ်နေရတဲ့အတွက် နယ်တွေက ရွေးကောက်ပွဲကြီးနီးလာလို့ အမှာစာတွေ နည်းနည်းပဲရတော့တယ်။ ဒီနှစ်မှာ ကျွန်တော်တို့အနေနဲ့ ထင်မထားပါဘူး။

အခုလို အော်ဒါအေးနေတော့ ကျွန်တော်တို့ ပွင့်လင်းရာသီအတွက် ကြိုလုပ်ထားတာတွေက ရင်းထားရတာ မနည်းပါဘူး။ အခုဆို အရင်းတွေ မြုပ်နေတော့ အခက်အခဲတွေဖြစ်နေရပါတယ်။ နောက်ပြီး ကျွန်တော်တို့ကို မှီပြီးလုပ်နေရတဲ့ ဖိနပ်လုပ်သားတွေရှိပါတယ်။ ကျွန်တော်တို့တောင် အခက်အခဲဖြစ်နေရင် သူတို့လို နေ့စားလုပ်သားတွေရဲ့ ဝမ်းရေးအတွက် အခက်အခဲပိုဖြစ်ရပါတယ်"ဟု ရန်ကုန်မြို့တွင်နေထိုင်သည့် ဖိနပ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထို့အတူ နယ်ဒေသများတွင် အသုံးအဆောင်ပစ္စည်းများ၊ ကုန်ပစ္စည်းများ၊ စားသောက်ကုန်များမှာ ဈေးအနည်းငယ်ကြီးမြင့်လာပြီး စားသောက်ကုန်များသာ အနည်းငယ်အရောင်းအဝယ်ဖြစ်ကြောင်း နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

ပြည်တွင်းရှိ နေထိုင်သူအများစုသည် နိုင်ငံအတွင်း တစ်စုံတစ်ရာ အပြောင်းအလဲများနှင့် ကြုံတွေ့ရသည့်အချိန်တိုင်းတွင် အရောင်းအဝယ်အေးမှုများနှင့် ကုန်ဈေးနှုန်း ကြီးမြင့်ခြင်းများဖြစ်ပေါ်လာခြင်းနှင့်အတူ နောက်ဆက်တွဲ အကျိုးဆက်များ ဖြစ်ပေါ်မှုမှာလည်း ဓမ္မတာသဘောလို ဖြစ်နေကြောင်း နိုင်ငံရေးလေ့လာသူတစ်ဦးက လက်ရှိအခြေအနေများကို သုံးသပ်ပြောသည်။

**ရှင်မင်းနွယ်**

## လူငယ်စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စီးပွားရေးစွမ်းဆောင်ရှင်များအား ထိုင်းနိုင်ငံသို့ စေလွှတ်

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံ၏ လူငယ်စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတကာနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းကျင်းပသည့် Young Entrepreneurs Network Program သို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ လူငယ်စီးပွားရေးစွမ်းဆောင်ရှင် ၂၆ ဦးသည် ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်မှ နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းတွင် စတင်ထွက်ခွာခဲ့သည်။

မြန်မာလူငယ်ကိုယ်စားလှယ်များအနေဖြင့် ထိုင်းနိုင်ငံသို့ နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ခရီးစဉ်တွင် ထိုင်းနိုင်ငံမှ စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ်စီးပွားရေးစွမ်းဆောင်ရှင်များနှင့် တွေ့ဆုံကာ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အမြင်ချင်းဖလှယ်၊ ဆွေးနွေး၊ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြမည်ဖြစ်သည်။

Young Entrepreneurs Network Program သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ယူစီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ လုပ်ငန်းသက်တမ်းအနည်းဆုံး သုံးနှစ်ရှိသော အသက် (၄၅) နှစ်အောက် စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ကြားခေါ်ယူကာ ထိုင်းနိုင်ငံသို့ ကိုယ်စားလှယ်များအဖြစ် စိစစ်ရွေးချယ်စေလွှတ်ခြင်းဖြစ်သည်။

**ကြေးမုံ**



**တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက် ရပ်ကွက်ကော်မရှင်ရုံးတွင် နိုဝင်ဘာ ၃ ရက် နံနက်က ကြိုတင်ဆန္ဒမဲပေးသူများနှင့် မဲပေးခွင့်သက်သေခံကတ်ပြားထုတ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။**

**ကြိုတင်ဆန္ဒမဲပေးကြရာတွင်လည်း စနစ်တကျရှိစေရန်နှင့် မိမိဆန္ဒအလျောက် မည်သူ၏တိုက်တွန်းချက်မှမပါဘဲ မဲထည့်နိုင်ရန်နှိုးဆော်ထားကြောင်း ရပ်ကွက်ကော်မရှင်ဥက္ကဋ္ဌ ဦးလှဝင်းက ပြောသည်။ ၅၉၇**

# မြန်မာ့အိုင်တီကဏ္ဍအတွက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ သင်တန်းများပို့ချ

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာ့မိုဘိုင်းထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထူးချွန်ထက်မြက်သော မိုဘိုင်းအသိအမြင်ကြွယ်ဝသည့် လူငယ်များ ပိုမိုပေါ်ထွက်လာစေရေးအတွက် Samsung Tech Institute Android Mobile Application Development Training Program 2015 ၏ ပိတ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက် မွန်းလွဲပိုင်းက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသည်။

"Tech Institute Programက တကယ်ကောင်းမွန်တဲ့ စိတ်ကူးစိတ်သန်းတွေကို ထုတ်ဖော်ခွင့်ပေးလိုက်တာပါ။ ဒီ Tech Institute ပရိုဂရမ်ကတစ်ဆင့် ကျောင်းသားတွေဟာ application ရေးဆွဲတတ်ရုံသာမက အဖွဲ့လိုက်ပါဝင်လှုပ်ရှားရတဲ့ လုပ်ဆောင်မှုမျိုးတွေပါ ရရှိမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကနေ မြန်မာ့အိုင်တီကဏ္ဍအတွက် ထူးချွန်လူငယ်တွေ အများအပြားထွက်ပေါ်လာဖို့ မျှော်လင့်ပါတယ်"ဟု ဆမ်ဆောင်းမြန်မာ၏ မန်နေဂျင်းဒါရိုက်တာ Mr. Nam Sik Ahn က ပြောသည်။

ပြိုင်ပွဲအစီအစဉ်အတွက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ သင်တန်းပေးလေ့ကျင့်မှုများကို အောက်တိုဘာ ၁ ရက်မှ ၂၈ ရက်အထိပို့ချပေးခဲ့ပြီး ကျောင်းသားများ ဖန်တီးပြုလုပ်ထားသည့် Application များကို အောက်တိုဘာ ၂၉ ရက်တွင် အမှတ်ပေးစည်းမျဉ်းများနှင့်အညီ ယှဉ်ပြိုင်စေခဲ့ကာ ဆုရရှိသူများကို နိုဝင်ဘာ ၂ ရက်တွင် ဆုချီးမြှင့်ခဲ့သည်။

ယခုနှစ်အတွက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် ပြုလုပ်သည့်ပြိုင်ပွဲတွင် မူကြိုကလေးငယ်များနှင့် သူငယ်တန်းအရွယ် ကလေးငယ်များအား အင်္ဂလိပ်စာသင်ကြားရာတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ရေးဆွဲထားသော English for Kids Application ကို ဖန်တီးခဲ့ကြသည့် ဟသ်ာတကွန်ပျူတာတက္ကသိုလ်ကိုယ်စားပြုကျောင်းသား ကျောင်းသူများက ပထမဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး အဆိုပါဆုချီးမြှင့်ပွဲတွင် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၂၀၀၀ တန်ဖိုးရှိ ငွေသားနှင့် ဆမ်ဆောင်းပစ္စည်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဒုတိယဆုရရှိသော အိမ်ရှင်မများအတွက် အစားအသောက်များချက်ပြုတ်ရာတွင် ကိုးကားနိုင်ရန် ရည်ရွယ်၍ Cooking Guide Application ကို ရေးဆွဲသော တောင်ငူကွန်ပျူတာတက္ကသိုလ် ကိုယ်စားပြုကျောင်းသား ကျောင်းသူများအား အမေရိကန်ဒေါ်လာ ၁၅၀၀ တန်ဖိုးရှိ ငွေသားနှင့် ဆမ်ဆောင်းပစ္စည်းများ၊ တတိယဆုရရှိသော သုံးစွဲသူများအတွက် အစားအသောက်များအား လမ်းညွှန်အကြံပေးနိုင်ရန်အတွက် ရည်ရွယ်၍ ရေးဆွဲထားသော Chef Master Application ကို ရေးဆွဲသော ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကိုယ်စားပြုကျောင်းသား ကျောင်းသူများအား အမေရိကန်ဒေါ်လာ ၁၀၀၀ တန်ဖိုးရှိ ငွေသားနှင့် ဆမ်ဆောင်းပစ္စည်းများအား ဆုများအဖြစ် အသီးသီးချီးမြှင့်ခဲ့သည်။

ယခုအစီအစဉ်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်အပါအဝင် အောက်မြန်မာပြည်တစ်ဝန်းရှိ ကွန်ပျူတာတက္ကသိုလ်များမှလာရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသားကျောင်းသူ ၇၅ ဦးဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ပါဝင် ယှဉ်ပြိုင်သော Application ၂၅ ခုတွင် ဟင်းချက်နည်း၊ စိုက်ပျိုးရေး၊ အိုင်တီနည်းပညာ၊ ဘာသာစကား၊ အလုပ်အကိုင်ရှာဖွေရေး၊ ခရီးသွားလုပ်ငန်း၊ ကျန်းမာရေးစသည်တို့ပါဝင်သည်။

အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင်စေခြင်းဖြစ်သောကြောင့် ဒိုင်လူကြီးများအဖြစ် တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ဆမ်ဆောင်းမှတာဝန်ရှိသူများ၊ ALPHA Info Tech Studio AMK & Yangon Heartz အစရှိသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပါဝင်ခဲ့ကြသည်။

အဆိုပါ Samsung Tech Institute အစီအစဉ်ကို ယခုနှစ်မေလအတွင်း ရန်ကုန်တက္ကသိုလ်တွင်လည်း ကျင်းပခဲ့ပြီး ထပ်မံ၍ နိုဝင်ဘာလတွင် မန္တလေးကွန်ပျူတာတက္ကသိုလ်တွင်လည်း အထက်မြန်မာပြည်တစ်ဝန်းရှိ ကွန်ပျူတာတက္ကသိုလ်များမှ ရွေးချယ်စေလွှတ်သည့် ကျောင်းသား ၇၅ ဦးဖြင့် ပြိုင်ပွဲကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ယခုနှစ်တွင် တက္ကသိုလ်ကျောင်းသားကျောင်းသူ ၂၀၀ ကို သင်တန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Alez**

## ကလေးငယ်များအား ညနေစာကျွေးမွေးလှူဒါန်း

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲမှ မန္တလေးမြို့တော်ဝန်၏ဇနီးနှင့် အသင်းဝင်များက လူမှုဝန်ထမ်းဦးစီးဌာန ကလေးပြုစုရေးဌာန အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန၊ အမျိုးသမီးကလေးများသင်တန်းကျောင်းရှိ ကလေးငယ်များနှင့် အမျိုးသမီးငယ်များအား နိုဝင်ဘာ ၁ ရက် ညနေ ၄ နာရီခွဲက ညနေစာကျွေးမွေးလှူဒါန်းကြသည်။

မန္တလေးမြို့တော်ဝန်၏ ဇနီးနှင့်အသင်းဝင်များက ကလေး ပြုစုရေးဌာနရှိ မွေးကင်းစမှ ရှစ်နှစ်အရွယ် ကလေးငယ် ၂၁ ဦး၊ အမျိုးသမီးကလေးများသင်တန်းကျောင်းရှိ အသက်ရှစ်နှစ်မှ အသက် (၁၈) နှစ်အောက် အမျိုးသမီးငယ် ၅၃ ဦး၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနရှိ အသက်(၁၈)နှစ်အထက် အမျိုးသမီး ၄၆ ဦးတို့အား ညနေစာကျွေးမွေးလှူဒါန်းခဲ့သည်။ **မောင်ပြည်သူ(မန္တလေး)**

## ပြင်ဆင်သိမှတ်ပေးပါရန်

နိုဝင်ဘာ ၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၁)တွင် ဖော်ပြပါရှိသော အမျိုးသားစာပေဆုရ စာရေးဆရာများနှင့် အင်တာဗျူးပုံတွင် ဆရာရတနာစိုးအား ဆရာကျော်ဦးအဖြစ်လည်းကောင်း၊ ဆရာကျော်ဦးအား ဆရာရတနာစိုးအဖြစ်လည်းကောင်း ပြင်ဆင်သိမှတ်ပေးပါရန်။

**(စာတည်း)**

# ဆယ်နာရီကျော်ကြာ မိုးရေထဲမှာ ပေါ့ပ်တေးဗီဒီယိုရိုက်ကူးခဲ့တဲ့ ဆူဇီ



တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် "Miss A"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆူဇီသည် သူ၏တေးသီချင်းသစ် " The Sound of a Flower " အတွက် တေးဗီဒီယိုကိုရိုက်ကူးခဲ့ရာ မိုးရေထဲတွင် ဆယ်နာရီကျော်ကြာ အချိန်ပေး၍ ရိုက်ကူးခဲ့ကြောင်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့သည်။

ယင်းတေးဗီဒီယိုသည် ဂျိုဆွန်မင်းဆက်လက်ထက်က ပေါ်ပေါက်ခဲ့သည့် ပထမဦးဆုံးသော အမျိုးသမီးတေးသံရှင် ဂျန်ချေစန်အကြောင်းကို ပုံဖော်ရိုက်ကူး ထားခြင်းဖြစ်ကာ အဆိုပါတေးဗီဒီယိုကို CJ Entertainment က နိုဝင်ဘာ ၃ ရက်တွင် အစမ်းထုတ်လွှင့်ပြသခဲ့သည်။

ယင်းတေးဗီဒီယိုတွင် ဆူဇီသည်မိုးရေထဲ၌ အော်ဟစ်ငိုကြွေးနေခဲ့ပြီး မြင့်မားသည့် ကျောက်ဆောင်နှင့် အရှိန်အဟုန်ဖြင့် စီးဆင်းနေသည့် ရေတံခွန်ကြီးကိုလည်း နောက်ခံမြင်ကွင်းအဖြစ်တွေ့မြင်ရသည်။ ဆူဇီ၏ ယင်းတေးဗွီဒီယိုသစ်ကို နိုဝင်ဘာ ၂၅ရက်တွင် တောင်ကိုရီးယားနိုင်ငံ၌ စတင်ထုတ်လွှင့်ပြသသွားရန်စီစဉ်ထားကြောင်း သိရသည်။

အေးပြည့် - ရေးသားသည်

## တစ်ပတ်အတွင်း ကူးယူမှုတစ်သန်းကျော်သွားတဲ့ အဒဲလ်ရဲ့သီချင်းသစ်"Hello"



ဗြိတိန်ပေါ့ပ်အဆိုတော်အဒဲလ်ရဲ့ တေးသီချင်းသစ် " Hello "ဟာ စတင်ထုတ်လွှင့်ခဲ့တဲ့နေ့မှစပြီး ရက်သတ္တပတ်အတွင်း အွန်လိုင်းမှတစ်ဆင့် ကူးယူဝယ်ယူခဲ့သူ ၁ ဒသမ ၁ သန်းကျော်ရှိခဲ့ကြောင်း Nielsen Music က ပြောကြားခဲ့ပါတယ်။

ယင်းသီချင်းဟာ ရက်သတ္တပတ်အတွင်း သီချင်းကော်ပီသန်းတစ်ရာကျော် ရောင်းချခဲ့ရတဲ့ ပထမဦးဆုံးသော တေးသီချင်းလည်းဖြစ်ပါတယ်။

ဒ့ါအပြင် "Hello"ဟာ ထုတ်လွှင့်အပြီး တစ်ပတ်အတွင်း ဘေဘုတ်ရဲ့ ထိပ်တန်း သီချင်း ၁၀၀ စာရင်းမှာ ပါဝင်နိုင်ခဲ့တဲ့ ပထမဦးဆုံးသော သီချင်းဖြစ်ပြီး လတ်တလောမှာ အဆိုပါစာရင်းရဲ့ နံပါတ် ၂၄ နေရာမှာ ရောက်ရှိနေပါတယ်။ ယင်းတေးသီချင်းဟာ အဒဲလ်ရဲ့ တတိယမြောက်တေးအယ်လ်ဘမ် "25"မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ကာ အဆိုပါ တေးအယ်လ်ဘမ်ကို နိုဝင်ဘာ ၂၀ ရက်မှာ အပြီးသတ်ထုတ်လုပ်ဖြန့်ချိသွားမှာဖြစ်ကြောင်း ယူအက်စ်အေတူဒေးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဒဲလ်ရဲ့တေးသီချင်းနောက်မှာ ဒုတိယနေရာကရပ်တည်နေတဲ့ အဆိုတော်ဂျက်စတင်ဘီဘာရဲ့ တေးသီချင်း "Sorry"ကတော့ လတ်တလောအထိ သီချင်းကော်ပီပေါင်း သုံးသိန်းနီးပါးရောင်းချခဲ့ရပြီး ဖြစ်ပါတယ်။

## ဟောလိဝုဒ်ရဲ့ အပြုံးမဲ့မင်းသား လီဗြောင်ဟွန်း



တောင်ကိုရီးယားမင်းသား လီဗြောင်ဟွန်းဟာ ကိုရီးယားရဲ့ရုပ်ရှင်လောကမှာသာမက ဟောလိဝုဒ်အထိပါခြေဆန့်နိုင်ခဲ့သူတစ်ဦးပါ။ ၂၀၁၅ ခုနှစ် ဇူလိုင်၁ရက်က အမေရိကန်မှာ ရုံတင်ပြသခဲ့တဲ့ သူ့ရဲ့ ဟောလိဝုဒ်ရုပ်ရှင်" Terminator Genisys"မှာ ရုပ်ရှင်တစ်ခုလုံး အစမှအဆုံးတိုင်အောင် သူ့ရဲ့အပြုံးကို တစ်ခါတောင် မမြင်ခဲ့ရပါဘူး။ ဒါကလည်း သူပါဝင်သရုပ်ဆောင်ရတဲ့ ဇာတ်ကောင်စရိုက်ကြောင့်ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဟောလိဝုဒ်ရဲ့ရုပ်ရှင်လောကမှာတော့ သူ့ကို အပြုံးမဲ့မင်းသားလို့ တင်စားခေါ်ဝေါ်ခဲ့ကြပါတယ်။

နိုဝင်ဘာ ၂ရက်က မင်းသားလီဗြောင်ဟွန်းဟာ သူ့ရဲ့ရုပ်ရှင်သစ် "Inside Men"ရဲ့ မိတ်ဆက်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။

ယင်းရုပ်ရှင်ကတော့ ပြစ်မှုအမျိုးအစားဖြစ်ပြီး တောင်ကိုရီးယားရဲ့လူမှုအဖွဲ့အစည်းကို ကိုင်လှုပ်နိုင်ခဲ့တဲ့ သစ္စာဖောက်မှုတစ်ခုအကြောင်းကို ရိုက်ကူးထားတဲ့ရုပ်ရှင်လည်း ဖြစ်ပါတယ်။

အဆိုပါရုပ်ရှင်မှာ လီဗြောင်ဟွန်းနဲ့အတူ ဂျိုဆန်ဝူး၊ ဘက်ခ်ယွန်စစ်ခ်၊ လီကွမ်ယွမ်၊ ဘေဆောင်ဝူးနဲ့ ကင်မ်ဒေးမြောင်တို့လည်း အတူပါဝင်သရုပ်ဆောင်ထားကာ ယင်းရုပ်ရှင်ကို တောင်ကိုရီးယား၌ နိုဝင်ဘာ ၁၉ရက်မှာ စတင်ရုံတင်ပြသသွားမှာဖြစ်ပါတယ်။

## ဖက်ရှင်ရှိုးလျှောက်မည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်တဲ့ ရီဟားနား

အမေရိကန်ပေါ့ပ်အဆိုတော်ရီဟားနားသည် လာမည့် ဗစ်တိုးရီးယားစီးကရက်ထ်အမှတ်တံဆိပ် အဝတ်အထည်များ၏ ဖက်ရှင်ပြပွဲတွင် ပါဝင်ပြသမည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း နိုဝင်ဘာ ၃ရက်က ထုတ်ဖော်ပြောကြားခဲ့သည်ကို အမ်တီဗွီနယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

ယင်းသို့အစီအစဉ်ပျက်သွားရခြင်းမှာ ရီဟားနားသည် လတ်တလောတွင် သူ၏တေးအယ်လ်ဘမ်သစ် "Anti"အား အချိန်မီထွက်ရှိနိုင်ရေး ကြိုးပမ်းနေရသောကြောင့်ဖြစ်သည်။

ရီဟားနားသည် ၂၀၁၂ခုနှစ်က အဆိုပါဖက်ရှင်ပြပွဲကို ပါဝင်ဆင်နွှဲခဲ့ဖူးပြီး ပရိသတ်အားပေးမှုကိုလည်း ရရှိခဲ့သည်။ ယခုနှစ်ဖက်ရှင်ပြပွဲတွင် ရီဟားနားပါဝင်မည်ဆိုသည့်သတင်းကြောင့် ပရိသတ်များက သူ၏ ဖက်ရှင်ဒီဇိုင်းကို အထူးစိတ်ဝင်စားလျက်ရှိသော်လည်း ပါဝင်နိုင်ခြင်းမရှိတော့သည့်အတွက် နောက်နှစ်အတွက်သာ မျှော်လင့်ရတော့မည်ဖြစ်သည်။

အဆိုပါဖက်ရှင်ပြပွဲကို ဒီဇင်ဘာ ၈ ရက် ည ၁၀ နာရီတွင် CBSရုပ်သံလိုင်းက ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်သည်။



## ရုပ်မြင်သံကြားအစီအစဉ်များ

၅ - ၁၁ -၂၀၁၅ (ကြာသပတေးနေ့)

### MRTV - 4

၅:၀၀ ပဌာန်းပါဠိတော်+ ဓဇဂ္ဂသုတ်
၉:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၂၅)
၁၀:၅၀ ဖွဲ့ထက်စိန်ရွှေရတနာဆိုင် ကံထူးရှင် ရွေးချယ်ပွဲအခမ်းအနား
၁၁:၀၅ Food & De'cor
၁၁:၄၀ MRTV-4 Stage
၁၂:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၈၇)
၁၂:၃၅ ရန်ကုန်မြင်ကွင်းကျယ် (Cool Polka Dot Collection Party)
၁၂:၄၀ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ [မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (အပိုင်း-၂)]
၁:၀၀ "မြတ်ဗုဒ္ဓ၏ အဆုံးအမဖြင့် ဘဝအောင်မြင်မှုကို ရယူခြင်း" တရားဒေသနာတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies"
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁)
၃:၄၅ Mandalay-Bangkok (Thai Airway) လေကြောင်းခရီးစဉ်သစ်ဖွင့်ပွဲ
၄:၀၅ Cartoon Series (English Playground)
၄:၄၅ ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၂)
၇:၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies"
၈:၁၅ ရသစုံညွှန်းတမ်းများ
၈:၃၅ Art 15 Art Exhibition ပန်းချီ၊ ပန်းပု အနုပညာပြပွဲ ဖွင့်ပွဲအခမ်းအနား
၈:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၂၆)
၉:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၈၈)
၁:၁၅ Food & De'cor
၄:၁၀ World of Knowledge (Beyond The Cosmos Space Odyssey)


### မြဝတီ

၆:၀၃ တရားတော်
၆:၂၀ မေတ္တာပို့
၆:၂၅ ဓမ္မပူဇာတေး
၆:၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၆:၄၅ မျိုးချစ်တပ်မတော်
၆:၅၅ မြန်မာသံစဉ်ချိုနားဝင်
၇:၂၀ အမျိုးသားရေးတေးကဗျာ
၇:၂၅ သင့်အတွက်တစ်နေ့တာ
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈:၀၄ အမျိုးသားရေးတေးကဗျာ
၈:၁၀ ရွှေဟောင်းသုတ
၈:၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၈:၄၅ မြဝတီနေ့စဉ်သတင်း
၈:၅၅ လှုပ်တစ်ပြက်
၄:၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၄၅ ဗီစီဒီကျော်ကြားတေး
၄:၅၀ မွေးမြူသုတ
၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၅:၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅:၂၀ မှော်ဆရာနဲ့အပျော်ဆရာ
၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၈၈)
၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆:၃၅ ကိုယ်ပျောက်လူသား
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း အပိုင်း(၃၁)
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မောင်မောင့်ချစ်သူလေဒီ ဒီဇိုင်နာ အပိုင်း(၁)

### mitv

07:26 "A Novitiation Ceremony in a Rural Township
07:511 "Chaung Tha Souvenir Business
08:26 "To The Blue Ridge Mountains of Rhododendrons
08:36 "Htan Taw Drums (Part-II) "Dobat"
08:53 "Myanmar General Election 2015 (Ambassador of Brazil)
09:26 "Products Of Myanmar - Seashells Products
09:44 "Insight Myanmar "PACE Takes Steps for Election"
10:26 "Family of Toys
10:46 "Myanmar General Election 2015 (Ambassador of United States of America)
10:49 "Pet Fish Biz
07:25 "A Journey To Southern Shan State (Ep-1)
07:47 "Maha Myatmuni Buddha Image In Rakhine
08:26 "Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung
08:40 "Now in Yangon
08:44 "Jeyyanandi (A Day in the Life of a Nun)
09:26 "Let's Cook (EP-8) Caesar Salad and Scrumptious Crackers with Assorted Toppings
09:50 "Art Students: Sculpture

# ကျွန်တော်ကသာ ကမ္ဘာ့အကောင်းဆုံး ကစားသမားပါ



ရီးယဲလ်တောင်ပံတိုက်စစ်မှူး စီရိုနယ်လ်ဒိုက လက်ရှိကမ္ဘာ့အကောင်းဆုံးကစားသမားဟာမက်ဆီ မဟုတ်ဘဲ သူသာလျှင်ဖြစ်တယ်လို့ အယ်ပီရက်ဇ်နဲ့ အင်တာဗျူးပြုလုပ်စဉ်မှာ ဖြေကြားခဲ့ပါတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်မှာ စီရိုနယ်လ်ဒိုက မက်ဆီကိုကျော်လွန်ပြီး ကမ္ဘာ့အကောင်းဆုံးကစားသမားဆုဖြစ်တဲ့ ဘာလွန်းဒီအော ဆုကို နှစ်ကြိမ်ဆက်ရရှိခဲ့သူပါ။ ဒါပေမယ့် ဘာစီလိုနာက ပြီးခဲ့တဲ့ ၄ ဘာလုံးရာသီမှာ မက်ဆီရဲ့ ခြေစွမ်းပြမှုနဲ့အတူ ဖလားသုံးလုံးဆွတ်ခူးနိုင်မှုကြောင့် ဒီနှစ်ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို မက်ဆီကလွဲပြီး ကျန်တဲ့ကစား သမားရနိုင်ခြေမရှိနိုင်ဘူးလို့ ထင်မြင်ချက်တွေ ကျယ်ကျယ်ပြန့်ပြန့်ထွက်နေပါတယ်။ မှန်ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီက မက်ဆီပြသခဲ့တဲ့ ခြေစွမ်းကို စီရို နယ်လ်ဒိုအနေနဲ့ မမီခဲ့ပါဘူး။

စီရိုနယ်လ်ဒိုရဲ့ တစ်ဦးချင်းအရည်အသွေးက မက်ဆီကို ယှဉ်နိုင်ပေမယ့် ဖလားလက်မဲ့ ရီးယဲလ်ရဲ့အနေအထားကြောင့် ဒီနှစ်မှာ မက်ဆီဟာ စီရိုနယ်လ်ဒို လက်ထဲက ဘာလွန်းဒီအောဆုကို သေချာပေါက် ပြန်လည်ရယူနိုင်မယ့် အလားအလာတွေမြင်တွေ့နေရပါပြီ။

ဒါပေမယ့် စီရိုနယ်လ်ဒိုက "ခင်ဗျားတို့ အမြင်မှာ တော့ မက်ဆီက ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ် ရင်ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော့်ခေါင်းထဲမှာ တော့ ကျွန်တော်ကသာ မက်ဆီထက်သာတဲ့ ကစား သမားပါ။ လွန်ခဲ့တဲ့ရှစ်နှစ်တာကာလကို ပြန်ပြီး သုံးသပ်ရင် ကျွန်တော့်ရဲ့ခြေစွမ်းကိုတောက်လျှောက်အတက်ဘက် ရောက်အောင် ကျွန်တော် ထိန်းသိမ်းနိုင်ခဲ့တယ်။ ဒါက အပြောလွယ်ပေမယ့် တကယ်လက်တွေ့ ထိန်းသိမ်းဖို့ဆိုတာ ခက်ပါတယ်။ တစ်ဦးချင်း စွမ်းရည်ဆိုတာ ကလပ်အသင်း ဆုတံဆိပ်ရရှိမှု မရရှိမှုနဲ့ မဆိုင်ပါဘူး" လို့ ပြောခဲ့ပါတယ်။


**နိုင်ယန်အောင်**

## နိုဝင်ဘာ ၄ ရက် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| အက်စ်တာနာ | ၀ | - | ၀ | အက်သလက်တီကို |
| ရှက်တာဒိုးနက် | ၄ | - | ၀ | မယ်လ်မို |
| ရီးယဲလ်မက်ဒရစ် | ၁ | - | ၀ | ပီအက်စ်ဂျီ |
| မန်ယူ | ၁ | - | ၀ | CSKAမော်စကို |
| ပီအက်စ်ဗွီ | ၂ | - | ၀ | ဝုဖ်ဘတ် |
| ဘင်ဖီကာ | ၂ | - | ၁ | ဂါလာတာစာရေး |
| ဂလက်ဘတ် | ၁ | - | ၁ | ဂျူဗင်တပ် |
| ဆီဗီလာ | ၁ | - | ၃ | မန်စီးတီး |

**မောင်မောင်ဇော်**

## ဝေလတောင်ပံကစားသမား ဂါရတ်ဘေးလ် နယ်သာလန်နှင့် ပွဲစဉ်လွဲချော်မည်



**ငွေကြယ်**

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ဒဏ်ရာပြဿနာကြုံတွေ့နေခြင်းကြောင့် ဝေလလက်ရွေးစင်အသင်းနည်းပြ ခရစ်ကိုးလ်မန်းက အသင်း၏ ကစားသမားစာရင်းတွင် ချန်လှပ်ထားခဲ့ပြီး နယ်သာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချစ်ကြည်ရေးပွဲစဉ်တွင် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ရီးယဲလ်တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ခြေသလုံးဒဏ်ရာပြဿနာကြောင့် အောက်တိုဘာ ၁၃ ရက်ကတည်းက အသင်း၏ ပွဲထွက်လူစာရင်းတွင် ပါဝင်လာနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ထို့ပြင် လက်ရှိတွင်လည်း ဒဏ်ရာပြဿနာမှ ပြန်လည်သက်သာလာပြီဖြစ်သောကြောင့် အသင်းနှင့်အတူ ပွဲထွက်ကစားခွင့်ရရှိရန် စပိန်နိုင်ငံတွင် အထူးလေ့ကျင့်မှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။

အာဆင်နယ်အသင်း၏ ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးသည်လည်း တံကောက်ကြောဒဏ်ရာရရှိထားခဲ့ခြင်းကြောင့် ဝေလအသင်းယှဉ်ပြိုင်ကစားမည့် ချစ်ကြည်ရေးပွဲစဉ်တွင် ပါဝင်လာမည်မဟုတ်ကြောင်း သိရသည်။ ကွင်းလယ်ကစားသမား ရမ်ဆေးသည် အောက်တိုဘာ ၂၀ ရက်က အာဆင်နယ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းအား အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြီးခဲ့သည့် ပွဲစဉ်လေးပွဲတွင် လွဲချော်ခဲ့သည့်အပြင် လက်ရှိတွင်လည်း အပေါ့စားလေ့ကျင့်မှုသာ ပြုလုပ်ထားနိုင်ခဲ့သည်။ သို့ရာတွင် ဆီဗီလာအသင်းနှင့် ကစားမည့် လာလီဂါပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပါဝင်လာရန်ရှိနေကြောင်းသိရသည်။

## ပင်နယ်တီရရန်ရည်ရွယ်၍ ဒိုင်ဗင်ပစ်ခဲ့သော အက်ရှ်လေယန်းအား ပေါလ်စခိုးဝေဖန်

မန်ယူနှင့် စီအက်စ်ကေအေ မော်စကို ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်၌ ဂိုးမရှိသရေရလဒ်ထွက်ပေါ်နေစဉ် ပင်နယ်တီရရန်ရည်ရွယ်ချက်ဖြင့် ဒိုင်ဗင်ပစ်ခဲ့သော မန်ယူကွင်းလယ် ကစားသမား အက်ရှ်လေယန်း၏ လုပ်ရပ်အပေါ် ပေါလ်စခိုးက ဝေဖန်ပြစ် တင်လိုက်သည်။ မန်ယူသည် မန်စီးတီး၊ မစ်ဒယ်ဘရော့၊ ခရစ္စတယ်ပဲလေ့စ်တို့နှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များတွင် သွင်းဂိုးတစ်ဂိုးမျှသွင်းယူနိုင်ခြင်းမရှိခဲ့သလို ယခုပွဲစဉ်တွင်လည်း ပွဲချိန် မိနစ်၇၀ကျော်လွန်သည်အထိ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ပေ။

အက်ရှ်လေယန်းသည် စီအက်စ်ကေအေအသင်း၏ ပင်နယ်တီဧရိယာအတွင်း စီအက်စ်ကေအေနောက်ခံကစားသမား ဂျော်ဂျီရှန်နီကော့ဗ်နှင့် ဘောလုံးယှဉ်လုနေစဉ် အချိန်တွင် ဒိုင်ဗင်ပစ်ကာ ပင်နယ်တီရရှိရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ သို့သော် အဆိုပါ အင်္ဂလန်တောင်ပံ တိုက်စစ်မှူး၏ လုပ်ရပ်အပေါ် ပြစ်ဒဏ်တစ်စုံတစ်ရာ သတ်မှတ်ခြင်းမခံခဲ့ရသည်မှာ မန်ယူအတွက် ကံကောင်းခဲ့ကြောင်း ပေါလ်စခိုးက ထောက်ပြခဲ့သည်။

နည်းပြ ဗန်ဟားလ်လက်ထက်တွင် မန်ယူအသင်းမှာ ဖန်တီးမှုနှင့် တိုက်စစ်စွမ်းရည် နိမ့်ကျနေသောကြောင့် ပရိသတ်အများစုများက ဗန်ဟားလ်၏ နည်းဗျူဟာချဉ်းကပ်မှုအပေါ် မကျေနပ်ကြပေ။ ထို့ကြောင့်လည်း ပွဲချိန် ၆၆ မိနစ်တွင် မာရှယ်လ်နှင့် ဖယ်လိုင်နီ လူစားလဲခဲ့ရာပရိသတ်များက မာရှယ်လ်၏ အမည်ကိုဟစ်ကာ ဗန်ဟားလ်၏ နည်းဗျူဟာအပေါ် မကျေနပ်ကြောင်း ပြသခဲ့ကြသည်။

"အက်ရှ်လေ(ယန်း)အနေနဲ့ ဒီလို အပြုအမူမျိုးပြုလုပ်နေတာကို ရပ်တန်းက ရပ်သင့်နေပါပြီ။သူကိုယ်တိုင်ကလည်း ဒါမျိုးပြုမူတာ မသင့်လျော်ဘူးဆိုတာ သိလောက်ပါတယ်။ ဒါက သူ့ရဲ့ အလေ့အထတစ်ခုဖြစ်နေတယ်ဆိုရင်တောင် သူက ကစားသမားကောင်းတစ်ယောက်ဖြစ်နေတဲ့ အတွက် ဖျောက်ပစ်နိုင်ရပါမယ်။နည်းဗျူဟာပိုင်းကျေညက်နေတဲ့ကစားသမားတစ်ယောက်က ဘယ်လိုနေရာမှာပဲကစားကစား ခြေစွမ်းပြနိုင်မှာ ဖြစ်တဲ့အတွက် ကိုယ့်ရဲ့ နာမည်ဂုဏ်သတင်းထိခိုက်တဲ့ ကိစ္စရပ်တွေကို ရှောင်ကြဉ်ရပါမယ်" ဟု ပေါလ်စခိုးကပြောကြားခဲ့သည်။

**မေလွဲ့သင်း**

■

# ပရီမီယာလိဂ်ရင်ခုန်သံ - ၁၂

**ပရီမီယာလိဂ်ပွဲစဉ် (၁၁) မှာ ချယ်လ်ဆီးက လီဗာပူးကိုရှုံးတယ်။ မန်ယူကလည်း ပဲလေ့စ်ကိုအနိုင်မရဘူး။ အခုပွဲစဉ် (၁၂) မှာ ချယ်လ်ဆီးက ကက်ပီတယ်ဝမ်းဖလားမှာရှုံးခဲ့ရတဲ့ စတုတ်နဲ့ဆုံတွေ့နေပြီး မန်ယူကလည်း ဝက်စ်ဘရွန်းနဲ့ဆုံတွေ့နေပါတယ်။ ဒါကြောင့် ချယ်လ်ဆီးနဲ့ မန်ယူနိုင်ပွဲပြန်ရမလားစောင့်ကြည့်ရမယ်။**

**ရှိုင်းမင်းမင်း**

**ဘုန်းမောက် - နယူးကာဆယ် ည ၇း၁၅ (၇-၁၁-၁၅)**

နယူးကာဆယ်ခြေက အားနည်းနေဆဲပဲ။ အဝေးကွင်းပွဲစဉ်တွေမှာ ပိုမိုရုန်းကန်ရတတ်ပြီး အဝေးကွင်း ငါးပွဲမှာ အနိုင်လုံးဝမရဘေး လေးပွဲရှုံးနိမ့်ခဲ့ကာ တိုက်စစ်ကလည်း လေးဂိုးသာသွင်းယူနိုင်ခဲ့ပါတယ်။ ဘုန်းမောက်ကတော့ ခြေသာမန်သာရှိပေမယ့် အိမ်ကွင်းဖြစ်နေပါတယ်။ ဘုန်းမောက်သာနိုင်ပွဲရဖို့ရှိပါတယ်။

**ဝက်စ်ဟမ်း - အဲဗာတန် ည ၉း၃၀ (၇-၁၁-၁၅)**

ဝက်စ်ဟမ်းက နောက်ဆုံးပွဲစဉ်မှာ ဝက်ဖို့ဒ်ကို ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်ရရေး အားစိုက်လာဖို့ရှိပါတယ်။ အထူးသဖြင့် ဝက်စ်ဟမ်းရဲ့အသင်းလိုက် ကစားပုံကလည်း ကောင်းမွန်ဆဲဖြစ်ပြီး အိမ်ကွင်းလည်းဖြစ်လို့ အမှားခံမှာမဟုတ်ပါဘူး။ အဲဗာတန်ခြေကောင်းမွန်ပေမယ့် ဒီပွဲမှာတော့ သရေလောက်ပဲကစားနိုင်ပါလိမ့်မယ်။

**ဆန်းဒါးလန်း - ဆောက်သမ်တန် ည ၉း၃၀ (၇-၁၁-၁၅)**

ဆန်းဒါးလန်းဟာ ဆမ်အလာဒိုက်စ်လက်ထက်မှာ ကစားပုံပြောင်းလဲလာသလို အမှတ်ဆုံးရှုံးမှုတွေများခဲ့တာကြောင့်လည်း အိမ်ကွင်းပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်မှာတင် ကစားမှာသေချာပါတယ်။ ဆောက်သမ်တန်က ဒီရာသီမှာခြေစွမ်းပိုင်းတည်ငြိမ်မှုရှိပေမယ့် အဝေးကွင်းပွဲတွေမှာ ရုန်းကန်ရလေ့ရှိတယ်။

**နော့ဝှစ်ချ် - ဆွမ်ဆီး ည ၉း၃၀ (၇-၁၁-၁၅)**

မန်စီးတီးကို ရှုံးနိမ့်ခဲ့ပေမယ့် အကောင်းဆုံးခံကစားသွားနိုင်တဲ့ နော့ဝှစ်ချ်ခြေက မဆိုးဘူးလို့ဆိုနိုင်ပါတယ်။ ဒ့ါအပြင် ပရီမီယာလိဂ်မှာလည်း နောက်ဆုံးလေးပွဲ ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်ရရေးအတွက် အားစိုက်လာမှာသေချာတယ်။ ဆွမ်ဆီးက အဝေးကွင်းခြေစွမ်းတည်ငြိမ်မှု မရှိပါဘူး။

**လက်စတာ- ဝက်ဖို့ဒ် ည ၉း၃၀ (၇-၁၁-၁၅)**

နောက်ဆုံးလေးပွဲဆက်တိုက်အရှုံးကင်းပြီး သုံးပွဲတိတိ အနိုင်ရခဲ့တဲ့ လက်စတာခြေက တည်ငြိမ်မှုရှိပါတယ်။ အိမ်ကွင်းပွဲစဉ်ဖြစ်သလို တတိယနေရာမှာ ဆက်မြဲရေးအတွက်လည်း အမှားခံမှာမဟုတ်ဘူး။ ဝက်ဖို့ဒ်က ဝက်စ်ဟမ်းကိုအနိုင်ရခဲ့တယ်ဆိုပေမယ့် ခြေကသာမန်သာရှိပါတယ်။



**မန်ယူ - ဝက်စ်ဘရွန်း ည ၉း၃၀ (၇-၁၁-၁၅)**

မန်ယူက အခုနောက်ပိုင်း တိုက်စစ်ကစားပုံအားနည်းပြီး ဂိုးရရေးရုန်းကန်နေရတယ်ဆိုပေမယ့် နှစ်ပွဲဆက်သရေကျခဲ့လို့ နိုင်ပွဲပြန်ရရေးအားစိုက်လာမယ့်အချက်ကို သတိပြုရမယ်။ အိမ်ကွင်းလည်းဖြစ်သလို ဝက်စ်ဘရွန်းခြေကလည်း ဒီရာသီမှာ တည်ငြိမ်မှုမရှိပါဘူး။ မန်ယူနိုင် ပွဲပြန်ရဖို့သေချာပါတယ်။

**စတုတ်- ချယ်လ်ဆီး နံနက် ၀၀း၀၀ (၈-၁၁-၁၅)**

ကက်ပီတယ်ဝမ်းဖလားမှာ ဆုံခဲ့တုန်းက စတုတ်က ပင်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရခဲ့ဖူးပါတယ်။ ဒါပေမယ့် ဒီပွဲမှာတော့ စတုတ်တို့ အသာရဖို့မလွယ်ပါဘူး။ ချယ်လ်ဆီးက စွမ်းအားနည်းလွန်းနေဆဲဖြစ်ပေမယ့် မဖြစ်မနေအနိုင်ရဖို့လိုအပ်နေတာကြောင့် တင်ကစားမှာပါ။

**ဗီလာ - မန်စီးတီး ည ၈း၀၀ (၈-၁၁-၁၅)**

မန်စီးတီးဟာ နော့ဝှစ်ချ်ကိုအနိုင်ရပြီး ထိပ်ဆုံးနေရာမှာ ဆက်လက်တည်မြဲနေတယ်ဆိုပေမယ့် အဂူရိုမပါဝင်နိုင်တဲ့ လက်ရှိအချိန်မှာ တိုက်စစ်ကဂိုးသွင်းခြေမတည်ငြိမ်တာတွေ့ရပါတယ်။ ဗီလာကတော့ ခြေစွမ်းအားနည်းတယ်ဆိုပေမယ့် အမှတ်လိုနေလို့ တင်ကစားသွားမှာပါ။ မန်စီးတီးအနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့ ခက်တယ်။

**လီဗာပူး - ပဲလေ့စ် ည ၁၀း၃၀ (၈-၁၁-၁၅)**

ဂျာဂင်ကလော့လက်ထက်မှာ ပထမဆုံးပရီမီယာလိဂ်နိုင်ပွဲအဖြစ် ချယ်လ်ဆီးကို အနိုင်ယူနိုင်ခဲ့ပေမယ့် လီဗာပူးမှာတိုက်စစ်ဇုန်အတွင်း အဆုံးသတ်သေချာမှုအားနည်းဆဲပင်ဖြစ်တယ်။ ပဲလေ့စ်ကလည်း ခံစစ်ကစားပုံကောင်းတဲ့အသင်း ဖြစ်တာကြောင့် လီဗာပူးအိမ်ကွင်းမှာ ရုန်းကန်ရနိုင်ပြီး ကပ်ပြီးသာအနိုင်ရနိုင်ပါတယ်။

**အာဆင်နယ် - စပါး ည ၁၀း၃၀ (၈-၁၁-၁၅)**

အာဆင်နယ်ခြေစွမ်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ဆန်းချက်ဇ်နဲ့ အိုဇေးလ်ခြေစွမ်းပြနေတာကြောင့် ကွင်းလယ်နဲ့ ထိုးဖောက်ကစားပုံကောင်းမွန်နေပါတယ်။ အိမ်ကွင်းလည်းဖြစ်လို့ မန်စီးတီးကိုဖိအားပေးနိုင်ရေး အာဆင်နယ်အမှားခံမှာလည်း မဟုတ်ဘူး။ စပါးခြေမဆိုးပေမယ့် အာဆင်နယ်ပဲ ကပ်ပြီးအနိုင်ရမှာပါ။

# ငါ့သရောက်မြို့နယ်တွင် မြေပဲများသိမ်းဆည်းချိန် မိုးရွာသွန်းနေ၍ တောင်သူများအခက်အခဲဖြစ်

**ငါ့သရောက် နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ကျေးလက်ဒေသများ၌ တောင်သူများသည် မိုးဦးမိုးဖြင့် ခြောက်လပင်ပြန့် မြေပဲများကို စိုက်ပျိုးထားရှိပြီး ယခုအချိန်တွင် အဆိုပါ ခြောက်လပင်ပြန့်မြေပဲများကို မြို့နယ်အတွင်း ကျေးရွာများမှ တောင်သူများ သိမ်းဆည်းနေချိန်ဖြစ်ကာ အောက်တိုဘာ ၃၀ ရက်မှ စတင်၍ နိုဝင်ဘာပထမပတ်အထိ မိုးများရွာသွန်းနေမှုကြောင့် လုပ်ရကိုင်ရ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း တောင်တောကျေးရွာ တောင်သူများ က ပြောသည်။

ငါ့သရောက်မြို့နယ်တွင် ကျေးလက်ဒေသနေ ပြည်သူများသည် မြေယာလုပ်ငန်းဖြင့် ဆီထွက်သီးနှံဖြစ်သည့် မြေပဲနှင့်နှမ်းကို အလေးထား စိုက်ပျိုးကြကြောင်း၊ ယင်းအပြင် မြေပဲစိုက်ပျိုးရာတွင် သုံးလပင်ထောင်မြေပဲနှင့် ခြောက်လပင်ပြန့်မြေပဲဟူ၍ နှစ်မျိုးစလုံး စိုက်ပျိုးကြရာ ယခုအချိန်သည် သုံးလပင်ထောင်မြေပဲများနုတ်သိမ်းပြီး ခြောက်လပင်ပြန့်မြေပဲများ သိမ်းဆည်းချိန်ဖြစ်သဖြင့် မြေပဲများ သိမ်းဆည်းချိန်တွင် မိုးရွာသွန်းမှုများကြောင့် လုပ်ငန်းအဆင်မပြေမှုများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ထိုသို့ ခြောက်လပင်ပြန့် မြေပဲခင်းများမှ မြေပဲအထွက်နှုန်းကောင်းမွန်မှုကြောင့် တောင်သူများ အဆင်ပြေသော်လည်း မြေပဲသိမ်းဆည်းချိန်၌ တောင်သူများ မြေပဲခင်းများ ခေးခုတ်ပြီး မိုးရွာခဲ့၍ မြေပဲတောင့်များ ပုတ်မရဖြစ်သည့်အပြင် နွားစာအဖြစ် မြေပဲရွက်မှော်များပါ ဆုံးရှုံးမှုများဖြစ်နေကြကြောင်း သိရသည်။

“ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ ဒီအချိန်က ကျေးလက်တောရွာတွေမှာရှိတဲ့ တောင်သူတိုင်း ခြောက်လပင်ပြန့်မြေပဲခင်းတွေ သိမ်းဆည်းနေတဲ့အချိန်ပါ။ ကျွန်တော်တို့ရွာက တောင်သူတွေလည်း တချို့တဝက်က မြေပဲခင်းတွေ သိမ်းပြီးနေကြပါပြီ။ ပဲအထွက်နှုန်းလည်း ကောင်းတယ်။

“သုံးလ ပင်ထောင်မြေပဲဆိုရင် မြေပဲဆန် တစ်တင်းကျကို မြေပဲအတောင့် ၃၀၊ ၅၀ အထိ ထွက်ရှိပါတယ်။ အခု ခြောက်လပင်ပြန့် မြေပဲခင်းတွေကလည်း အထွက်နှုန်းကောင်းပါတယ်ခင်ဗျ။ မြေပဲဈေးနှုန်းလည်းကောင်းတော့ မြေပဲစိုက်ပျိုးထားတဲ့ တောင်သူတိုင်း အဆင်ပြေကြပါတယ်။

ဒါပေမယ့် အခုအချိန် ခြောက်လပင်ပြန့်မြေပဲခင်းတွေ သိမ်းဆည်းချိန်မှာ မိုးရွာသွန်းနေတော့ တောင်သူတွေ စိတ်ညစ်ရပါတယ်။ ရွာက နေ့စားအလုပ်သမားတွေလည်း မိုးရွာနေတော့ အလုပ်မဖြစ်ကြပါဘူး။ မိုးပွင့်သွားရင်တော့ ကျန်တဲ့ တောင်သူတွေလည်း တစ်ပြိုင်တည်းသိမ်းကြမှာပါ။ အခုတော့ လုပ်လက်စ မြေပဲခင်းတွေကတော့ မိုးနဲ့တိုးတော့ ဘာမှလုပ်လို့မရဘဲ ဒီအတိုင်း ကြည့်နေရတာပါ။ မိုးရွာနေတာလည်း ရပ်နားစေချင်ပါပြီ” ဟု တောင်တောကျေးရွာမှ ဒေသခံ တောင်သူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်** (IPRD)




# နောက်ဆုံးပေါ် BMW မော်တော်ကားသစ်များ မိတ်ဆက်ပြသ

**မန္တလေး နိုဝင်ဘာ ၄**

ဂျာမနီနိုင်ငံမှ ထုတ်လုပ်သော နည်းပညာနှင့် လုံခြုံမှုစနစ် အစဉ်အမြဲဆန်းသစ်တီထွင်မှု ဦးဆောင်နေသော နောက်ဆုံးပေါ် BMW မော်တော်ယာဉ်သစ်များ မိတ်ဆက်ပြသပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် Mandalay Hill Resort Hotel တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် Prestige Automobile Co.Ltd,The Exclusive Authorised BMW Dealer in Myanmar မှ ဈေးကွက်မန်နေဂျာက နှစ်ပေါင်း ၄၀ ကျော်ကြာ ရပ်တည်ပြီး ကမ္ဘာ့နိုင်ငံများတွင် သုံးစွဲနေသည့် အဆင့်မြင့် BMW မော်တော်ကားများအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများအား Mandalay Hill Resort Hotel မှ ၁၂ လမ်း၊ ၆၆ လမ်းကျုံးအရှေ့ဘက်ခြမ်းအထိ အသွားအပြန် စမ်းသပ်မောင်းနှင်ခွင့်ပြုခဲ့သည်။

အလားတူ ပေါ့ပါးပြီး တောင်တက်ကောင်းမွန်စေရန် တီထွင်ထားသည့် BMW စက်ဘီးများကို စီးနင်းသရုပ်ပြကာ လူငယ်များအား Mandalay Hill Resort Hotel တစ်ပတ် မိတ်ဆက်စီးနင်းခွင့်ပြုခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ မြင်းမူမြို့နယ်၌ ပေးအပ်

**မြင်းမူ နိုဝင်ဘာ ၄**

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ကျေးရွာများတွင် မီးလင်းရေးကို ရည်ရွယ်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်အောင်နှင့် ဝန်ထမ်းများသည် ကြာပင်လှ၊ မန်းသာစည်နှင့် မကျီးကိုးပင်ကျေးရွာများသို့ သွားရောက်ပြီး နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများကို ကျေးရွာပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ သွားရောက်ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်အောင်နှင့် စံချိန်လင်းကုမ္ပဏီမှ တာဝန်ရှိသူများက ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများအသုံးပြုပုံကို ကျေးရွာပြည်သူများအား လက်တွေ့ရှင်းလင်းပြသခဲ့ကြသည်။

“နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားနဲ့ ဆက်စပ်ပစ္စည်းတွေကို မြို့နယ်ရဲ့အစွန်အဖျားမှာရှိတဲ့အပြင် လျှပ်စစ်မီးရရှိဖို့ ခက်ခဲတဲ့ကျေးရွာတွေကို ထောက်ပံ့ပေးတာ ဖြစ်ပါတယ်။ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားနဲ့အတူ Controller၊ ဘက်ထရီအိုး၊ မီးသီး၊ မီးချောင်းနဲ့ ဆက်စပ်ပစ္စည်းတွေ ပါဝင်ပါတယ်။

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားနှင့် တစ်နေ့တာ အားသွင်းထားသည့် ဘက်ထရီအိုးကို အသုံးပြုပြီး မီးအားစားသက်သာသည့် LED တီဗွီကို နှစ်နာရီကြာကြည့်နိုင်ကြောင်း၊ 2 W မီးသီးနှစ်လုံးနဲ့ 10 W မီးချောင်းတစ်ချောင်းကို ငါးနာရီကြာ ထွန်းနိုင်ကြောင်း သိရသည်။ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ အိမ်ထောင်စု ၁၅၅ စုအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်း ၁၅၅ စုံကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖိုးခါး**

# မိတ္ထီလာတွင် မျိုးစေ့၊ မြေအသုံးချ၊ သီးနှံကာကွယ်ရေး နည်းပညာပေးသင်တန်းဖွင့်လှစ်

**မိတ္ထီလာ နိုဝင်ဘာ ၄**

မိတ္ထီလာတွင် မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်းရှိ မျိုးစေ့၊ မြေအသုံးချရေး၊ သီးနှံကာကွယ်ရေး မြို့နယ်တာဝန်ခံများအား လုပ်ငန်းများ စနစ်တကျပီပြင်စွာ အကောင်အထည်ဖော်နိုင်ရေး ရည်ရွယ်ချက်ဖြင့် နည်းပညာပေးသင်တန်းကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ရုံးခန်းမတွင် ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းသို့ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်၊ ရမည်းသင်းခရိုင်အတွင်းရှိ ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်များမှ မျိုးစေ့၊ မြေအသုံးချရေး၊ သီးနှံကာကွယ်ရေး မြို့နယ်တာဝန်ခံများ စုစုပေါင်း သင်တန်းသား ၃၅ ဦး တက်ရောက်ပြီး မျိုးစေ့၊ မြေအသုံးချရေး၊ သီးနှံကာကွယ်ရေးနည်းပညာများ၊ ဥပဒေများကို စနစ်တကျကျွမ်းကျင်တတ်မြောက်စေရေးအတွက် တိုင်းဒေသကြီးတာဝန်ခံများက သင်တန်းပို့ချကြောင်းသိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ရှမ်း(မြောက်)ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဟိုပန်ကော်မရှင်အဖွဲ့ခွဲနှင့် တွေ့ဆုံ

**ဟိုပန် နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင်များသည် ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဟိုပန်မြို့ရှိ တိုင်း၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်၊ ကျေးကော်မရှင်အဖွဲ့ခွဲဝင်များနှင့် နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီက အခြေခံပညာ အထက်တန်းကျောင်း စာမဟာခန်းမတွင် တွေ့ဆုံခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များဖြစ်သည့် ဦးလုပ်ယွန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး၊ ဦးစောနိုင်တို့သည် ရွေးကောက်ပွဲကာလတွင် ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့ ကြီးကြပ်ရန် တာဝန်ပေးအပ်သဖြင့် ယခုကဲ့သို့ ဟိုပန်မြို့ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲအသီးသီးမှ ပူးပေါင်းဆောင်ရွက်ရန်၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်က ရွေးကောက်ပွဲနှင့်ပတ်သက်၍ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ခရိုင် ရွေးကောက်ပွဲကော်မရှင်အရာရှိ ဦးနိုင်ဝင်းစိုးက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းကျော်နိုင်က လုံခြုံရေးနှင့် ဆက်သွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင်များသည် ဟိုပန်မြို့ ဈေးရပ်ကွက် မဲရုံပြင်ဆင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ရေဘေးသင့်များအတွက်ငွေနှင့် အိမ်ဆောက်ပစ္စည်းများပေးအပ်

**ကျွန်းလှ နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ရေဘေးသင့်၍ ပျက်စီးသွားသော နေအိမ်များ ပြန်လည်တည်ဆောက်ရန်အတွက် မြန်မာနိုင်ငံသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့သောငွေနှင့် အိမ်ဆောက်ပစ္စည်းများကို နိုဝင်ဘာ ၂ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုနေအိမ်များမှာ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက မိုးသည်းထန်စွာ ရွာသွန်းပြီး ချောင်းရေလျှံမှုကြောင့် ရှမ်းစုကျေးရွာအုပ်စု ရှမ်းစုကျေးရွာတွင် နေအိမ်လေးလုံး၊ ထိန်တောကျေးရွာအုပ်စု ဖာလောကျေးရွာတွင် နေအိမ်တစ်လုံး စုစုပေါင်း နေအိမ်ငါးလုံး ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ပျက်စီးသွားသော နေအိမ်များအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသောင်းဟိန်းက နေအိမ်တစ်လုံးလျှင် ငွေကျပ် ၅၅၂၀၀ နှင့် ရှစ်ပေသွပ် ၂၀ ချပ်နှင့် ရိုက်သံမျိုးစုံ ရှစ်ပိဿာတို့ကို အိမ်ရှင်များထံပေးအပ်ခဲ့ကြောင်းသိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မူလတန်းကြိုကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း

**ပုသိမ် နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက်တွင် မူလတန်းကြိုကျောင်းဆောင်သစ် ဖွင့်လှစ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှေ့၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ နာယကက ဖွင့်လှစ်ပေးခဲ့သည်။

မူလတန်းကြို ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နာယကက မူကြိုကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းသည့် အလှူရှင် မြောင်းမြမြို့ စံပြမုန့်တိုက်ပိုင်ရှင် ဦးသန့်ဇင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

မြောင်းမြမြို့ စံပြမုန့်တိုက်ပိုင်ရှင်မှ အဆိုပါ မူလတန်းကြိုကျောင်းကို သိန်း ၁၂၀ အကုန်အကျခံဆောက်လုပ်လှူဒါန်းပေးခဲ့ပြီး ရပ်မိရပ်ဖ တစ်ဦးဖြစ်သူ ဦးစိုးမြင့်က ကလေးများအတွက် ဆေးစိမ်ခြင်ထောင်များနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်ဟန်(ပြန်/ဆက်)**

# ငွေချည်(၉) ချည်မျှင်ရှည်ဝါ တောင်သူ ပညာပေး ကွင်းသရုပ်ပြပွဲကျင်းပ

**ချောက် နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာန စက်မှုသီးနှံမှုကြီးကြပ်၍ ဇောင်းတောကန်အုပ်စု ဆူးပုတ္တန်းကျေးရွာတောင်သူ ဦးတင်မောင် စိုက်ခင်း၌ နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက ငွေချည် (၉) ချည်မျှင်ရှည်ဝါ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကျင်းပခဲ့သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) တိုင်းဦးစီးမှူးမှ စံပြကွက် ကွင်းသရုပ်ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် တောင်သူများစိုက်ပျိုးနည်းစနစ် မှန်ကန်စေရန်၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်စေရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက တောင်သူများ ဝင်ငွေတိုးတက်စေရန် ဒေသနှင့်ကိုက်ညီသော ဝါမျိုးကောင်းမျိုးစေ့များ အသုံးပြုစိုက်ပျိုးရန် ဆွေးနွေးပြောကြားကာ ခရိုင်ဦးစီးမှူးက စိုက်ပျိုးထားရှိသည့် ငွေချည်မျှင်(၉) ဝါ၏ အားသာချက်များ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးမှ ကွင်းသရုပ်ပြပွဲများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး (GAP)နည်းစနစ်ဖြင့် စိုက်ပျိုးထားသော စိုက်ခင်းအတွင်း အသေးစိတ်သိလိုသည့် တောင်သူများ၏ မေးမြန်းဆွေးနွေးမှုကို ရှင်းလင်းပြောကြားကာ ဝါသီးနှံဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ငွေချည်(၉) ချည်မျှင်ရှည်ဝါ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) တိုင်းဦးစီးမှူး၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ စုစုပေါင်း ၁၅၂ ဦး တက်ရောက်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ခရီးသွားလများတွင် မြန်မာ့ရိုးရာ အမှတ်တရပစ္စည်းရောင်းချနိုင်ရန် ဒေသခံများမျှော်လင့်

**မင်းကွန်း နိုဝင်ဘာ ၄**

စက်တင်ဘာလမှ ဒီဇင်ဘာလအထိကို မြန်မာနိုင်ငံ၏ ခရီးသွားရာသီအဖြစ် အများစုက သတ်မှတ်ထားပြီး မြန်မာ့အနုပညာလက်ရာ အမှတ်တရပစ္စည်းရောင်းချသည့်သူများကလည်း ယင်းလများတွင် နိုင်ငံခြားသားခရီးသည်များအား မျှော်လင့်လျက်ရှိသည်။

မြန်မာ့လက်မှုအနုပညာမြောက်ပစ္စည်းများသည် သမိုင်းဝင်အနုပညာမြောက်နေရာများတွင် ပိုမိုရောင်းချလေ့ရှိပြီး ယင်းနေရာများသို့ နိုင်ငံခြားသားခရီးသွားများ လာရောက်မှု အများဆုံးဖြစ်သောကြောင့် ဖြစ်သည်။

လက်ရှိကာလတွင် မင်းကွန်းခေါင်းလောင်းနားရှိ မြန်မာ့ရိုးရာပုသိမ်ထီးကလေးများကို နိုင်ငံခြားသားများက အထူးစိတ်ဝင်စားလျက်ရှိပြီး အရောင်အသွေးစုံလင်ကာ မြန်မာ့လက်မှုအနုပညာများဖြင့် ခြယ်မှုန်းထားသော ပုသိမ်ထီးကို အမှတ်တရဝယ်ယူအားပေးကြသည်။

ထိုနိုင်ငံခြားသားများက နေပူပါက ပုသိမ်ထီးကလေးများဆောင်းကာ မြန်မာ့ဟန်ပန်အတိုင်း ထမီဝတ်ကာသွားလာခြင်းကိုလည်း ပြုလုပ်လေ့ရှိပြီး မြန်မာ့သမိုင်းဝင်နေရာများနှင့် မြန်မာ့လက်မှုအနုပညာမြောက်ပစ္စည်းများကိုလည်း အထူးသဘောကျကြသည်။

လက်ရှိကာလတွင် နိုင်ငံခြားသားခရီးသွားဧည့်သည်များ အဝင်များသည့် နိုဝင်ဘာလသို့ ရောက်ရှိလာပြီး ခရီးသွားဧည့်သည်များ အဝင်များလျက်ရှိသည်။

မန္တလေးရောက် နိုင်ငံတကာခရီးသွားဧည့်သည်များကမူ မရမ်းခြံဆိပ်မှသည် မင်းကွန်းသို့ သင်္ဘောဖြင့်ကူးကာ ဧရာဝတီအလှနှင့် မင်းကွန်းအလှကို ခံစားကြည့်ရှုလေ့လာလေ့ရှိပြီး မြန်မာနိုင်ငံ၏ သမိုင်းဝင်နေရာများတွင် မြန်မာ့လက်မှုအနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို နှစ်သက်မြတ်နိုးစွာ ဝယ်ယူလေ့ရှိသည်။

မြန်မာ့ရိုးရာလက်မှုပစ္စည်းများမှာ ဒေသတစ်ခုစီတွင် လက်မှုထုတ်ကုန်တစ်မျိုးစီဖြင့် ထင်ရှားလှပြီး ထိုထုတ်ကုန်များသည်ပင် ဒေသအသီးသီးရှိ သမိုင်းဝင်နေရာများစွာသို့ ဖြန့်ဖြူးတင်ပို့ရောင်းချကြသည်။

မင်းကွန်းဒေသတွင် ပြည်တွင်းဘုရားဖူးများနှင့် နိုင်ငံတကာခရီးသွားများ စိတ်ဝင်စားစေသည့် အခင်းအကျင်းများဖြင့် သဘာဝကျစွာ ရောင်းချလေ့ရှိပြီး ဈေးဆိုင်ခန်းများတစ်လျှောက်တွင် လက်ရာမြောက်ပန်းချီကားများ၊ ရွှေချည်ထိုးကားများ၊ ရုပ်သေးရုပ်များနှင့် အခြားလက်မှုပစ္စည်းများ ရောင်းချသည်။

မင်းကွန်းဒေသထွက် မြန်မာ့လက်မှုအနုပညာထုတ်ကုန်အဖြစ် ပန်းချီကား၊ ဝါးပေတံ၊ ခုံဖိနပ်ကလေးများမှာ အထူးရောင်းချရပြီး ရိုးရာတိုင်းရင်းသားဝတ်စုံများကို တွင်ကျယ်စွာရောင်းချသလို ခေတ်နှင့်အညီ မြန်မာဆန်ဆန်အဝတ်အစားများကို ချုပ်လုပ်ရောင်းချကြသည်။

**တိမ်တမန်**

## မအူပင်မြို့နယ်တွင် နေရောင်ခြည်စွမ်းအင် (ဆိုလာ) ဖြင့် ကျေးလက်မီးလင်းရေးဆောင်ရွက်

**မအူပင် နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် မြို့နှင့်အလှမ်းကွာဝေးသည့်ကျေးရွာများ မီးသုံးစွဲနိုင်ရန် နေရောင်ခြည်စွမ်းအင် (ဆိုလာ) စနစ်ဖြင့် လျှပ်စစ်မီးသုံးစွဲရန်အတွက် မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မအူပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ A.MAST Co.Ltd ၏ ဆောင်ရွက်မှုကြောင့် အိမ်ခြေ ၂၁၆ လုံးကို ဆိုလာမီးဖြင့် မီးသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

မအူပင်ခရိုင် မအူပင်မြို့နယ်ရှိ ကျွဲဂုတ်ကျေးရွာအုပ်စု သရက်တောစုကျေးရွာနှင့် ကုလားစုကျေးရွာရှိ နေအိမ်များအား တစ်အိမ်လျှင် မီးသုံးပွင့်သုံးစွဲနိုင်ပြီး ဖုန်းအားသွင်းခြင်း၊ ရုပ်မြင်သံကြားကြည့်ရှုနိုင်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများ မီးအလင်းရောင်ဖြင့် စာကျက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မအူပင်ခရိုင်(ပြန်/ဆက်)**

## အရှေ့မော်တုန်းရွာ၌ ဆင်းသွယ်လတ် မျိုးစပါးစံပြစိုက်ကွက်အား စံကွက်ရိတ်သိမ်း

**တနင်္သာရီ နိုဝင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့မှ အရှေ့မော်တုန်းကျေးရွာ ကွင်းအမှတ် ၄၆၆ မြို့ဟောင်းကွင်း ဦးပိုင်အမှတ်(၄၂)၊ တောင်သူဒေါ်ယု၏ မျိုးစပါးစိုက်ခင်း၌ နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက ဆင်းသွယ်လတ် မျိုးစပါးစံပြစိုက်ကွက်အား စံကွက်ရိတ်သိမ်းကြသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်လင်းစိုးနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ထက်နှင့် ၎င်းတို့၏ဝန်ထမ်းများပါဝင်သော မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် တောင်သူများမှ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ အရှေ့မော်တုန်းရွာ တောင်သူဒေါ်ယု၏ စံပြလယ်ကွက်တွင် ဒေသနှင့်ကိုက်ညီသည့် ရေမြုပ်ခံ ဆင်းသွယ်လတ်မျိုးစပါးစိုက်ပျိုးခြင်းဖြစ်ပြီး စံကွက်ရိတ်သိမ်းကြခြင်းဖြစ်ကြောင်းနှင့် စံကွက်အထွက်နှုန်း ၆၅ ဒသမ ၄၈ တင်းထွက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ထိန်ဝင်း(ပြန်ဆက်)**



## ပခုက္ကူခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပခုက္ကူ နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ကျင်းပရာ သစ်တော၊ ဓာတ်သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသိန်းထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်တို့က ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များပေါ်ထွန်းလာစေရန်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်ရည်ရွယ်၍ ယခုပြိုင်ပွဲကို ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူမြို့နယ်၊ ပေါက်မြို့နယ်၊ မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် အဆို၊ အက၊ အရေး၊ အတီးဝါသနာရှင်အဆင့်၊ ပညာရှင်အဆင့်စုစုပေါင်း ၂၇ ဦးတို့က အက၊ ကဗျာလွတ်၊ ကာလပေါ်၊ မဟာဂီတ၊ ခေတ်ဟောင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးအဆို၊ ဆိုင်းတစ်ဦးချင်း၊ အရေး၊ စောင်း၊ မယ်ဒလင်၊ ပတ္တလား၊ ဒုံမင်း၊ တယော၊ စန္ဒရားတို့ ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို ခရိုင်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ **ဉာဏ်တိုး(ပြန်/ဆက်)**

## ချည်မျှင်ရှည်ဝါမျိုး ထုတ်လုပ်သုတေသနဆောင်ရွက်မှုများ ကွင်းသရုပ်ပြသ

**ဝမ်းတွင်း နိုဝင်ဘာ ၄**

စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) ဝါနှင့် လျှော်မျှင်ထွက်ဌာနခွဲ (ဝါနှင့် ပိုးချည်) ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံတွင် ချည်မျှင်ရှည်ဝါမျိုးထုတ်လုပ်ခြင်း၊ သုတေသနဆောင်ရွက်မှု ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက ဝမ်းတွင်းမြို့နယ် ရွှေတောင်သုတေသနမျိုးပွားခြံ၌ ကျင်းပခဲ့သည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ နေပြည်တော်ရုံးချုပ် ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ပဲခူး၊ နေပြည်တော်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မှ ဝန်ထမ်းများ၊ ဝါသုတေသနနှင့်မျိုးသန့်ခြံများမှ ခြံတာဝန်ခံနှင့် ဝန်ထမ်းများ၊ မန္တလေးတိုင်းဒေသကြီးမှ ဝါစိုက်တောင်သူများ စုစုပေါင်း ၁၆၄ ဦးတက်ရောက်ကြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးအောင်မော် (ဝါနှင့်ပိုးချည်) က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးသိန်း ခြံတာဝန်ခံက ဝါစိုက်တောင်သူများအတွက် မျိုးသန့်အဆင့်မြင့်၍ ငွေချည် ၆၊ ရွှေတောင် ၈၊ ငွေချည် ၉ ဝါမျိုးများ မွေးမြူထိန်းသိမ်းနေမှု၊ မျိုးသန့်ပွားများခြင်းလုပ်ငန်းများဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနုက ဝါမျိုးသစ်များ ထပ်မံရရှိရေးအတွက် ဝါမျိုးလိုင်းသစ်များစိုက်ပျိုးထားမှု၊ မျိုးထိန်းခြင်းအတွက် အမြုတေမျိုးစေ့ထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

**ငွေးလှိုင်(ဝမ်းတွင်း)**

နေပြည်တော်(၁) ဖုန်း - 251277 251288
မင်္ဂလာ (၂)
မင်္ဂလာ စံပြ
မင်္ဂလာနိုင်းမွန်း
မင်္ဂလာထွန်းသီရိ
ရွှေဆောင်(၁) 01-252113 01-388034
မင်္ဂလာ စံပြ ဖုန်း - 09260887035 01 2303165 09 73176000
မင်္ဂလာနိုင်းမွန်း






# ကမ္ဘာ့ရေထု (Earth's Hydrosphere)

à ဘူမိလုလင်(မြိတ်)

### ဂြိုဟ်ပြာပြာ (Blue Planet)

ကမ္ဘာ့မျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းကို ရေထုက ဖုံးအုပ်ထားပြီး ကျန်သည့် ၃၀ ရာခိုင်နှုန်းကို ကမ္ဘာ့တိုက်ကြီးများ၏ ကုန်းမြေထုတို့က နေရာယူဖုံးလွှမ်းထားပေသည်။ ထို့ကြောင့်လည်း အာကာသမှကြည့်ကာ ကမ္ဘာဂြိုဟ်သည် အပြာရောင်ရေပင်လယ်နှင့် ရေခိုးရေငွေ့ပါ အဖြူရောင်တိမ်တိုက်တို့ကို အများဆုံး မြင်တွေ့နေရခြင်းဖြစ်ပေသည်။ ကမ္ဘာ့လေထုယနေ့ ပုံသဏ္ဌာန်ဖြစ်ပေါ်တည်ရှိနေခြင်းသည် အဓိက ကမ္ဘာ့ရေထု၏ အခန်းကဏ္ဍကြောင့်ပင်ဖြစ်သည်။ ထိုကမ္ဘာ့ရေထုတွင် ပင်လယ်သမုဒ္ဒရာတို့၏ အခန်းကဏ္ဍသည် အထူးပင် အရေးပါလှချေသည်။ အကြောင်းမူ ကမ္ဘာ့ရေထု၏ ၉၇ ရာခိုင်နှုန်းသည် ပင်လယ်ရေငန်ဖြစ်၍ ကျန် သုံးရာခိုင်နှုန်းသည်သာ ရေချိုဖြစ်၍ပင်ဖြစ်သည်။

အမှန်တကယ်ဆိုသော် မြောက်ဝင်ရိုးစွန်းအထိ မြေကမ္ဘာကို သမုဒ္ဒရာကြီးတစ်စင်းတည်းကသာ ဖုံးအုပ်ထားသည်။ ဥပမာ- တတိယ မဟာတိုက်ကြီး ပန်ဂေအာ (Pangea) တစ်စုတစ်လုံးတည်း ကြီးမားသော မဟာကုန်းမြေထုကြီးတစ်ခုအနေဖြင့် စုစည်းတွဲဆက်ဖြစ်တည်နေခဲ့ချိန် (လွန်ခဲ့သော နှစ်သန်းပေါင်း ၃၀၀ ကျော်) မှ၊ ၎င်းမဟာတိုက်ကြီး ပြန်လည်စတင်မကွဲကွာ မရွေ့လျားမီအချိန် (လွန်ခဲ့သော သန်းပေါင်း ၂၀၀) အတွင်း မြေကမ္ဘာ၌ ပန်သာလစ်စာ (Panthalassa) ခေါ် သမုဒ္ဒရာကြီးတစ်စင်းတည်းသာရှိခဲ့ပေသည်။ နောင်တွင် ထိုမဟာတိုက်ကြီး ပန်ဂေအာမှ ကွဲထွက်လာသည့် တိုက်ကြီးတိုက်ငယ်များက ပိုင်းခြားထားသဖြင့် သမုဒ္ဒရာများဟူ၍ ဖြစ်လာရပေသည်။ သို့ဖြင့် သမုဒ္ဒရာကြီးငါးစင်းအဖြစ် သတ်မှတ်ပိုင်းခြားထားပါသည်။ ၎င်းတို့မှာ ပစိဖိတ်သမုဒ္ဒရာ၊ အတ္တလန္တိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာ၊ အာတိတ်သမုဒ္ဒရာနှင့် တောင်ပိုင်းသမုဒ္ဒရာဟူ၍ဖြစ်သည်။ တစ်ဖန် ထိုသမုဒ္ဒရာကြီးတို့နှင့် ထိစပ်လျက်ရှိသည့် ကုန်းမြေထုတို့၏ ဖြတ်တောက်ခြင်းခံရသဖြင့် အရွယ်ပမာဏ သေးငယ်သွားရသည့် ပင်လယ်ရေပြင်ထုကို ထပ်မံ၍ ပင်လယ် (Sea)၊ ပင်လယ်အော် (Bay)နှင့် ပင်လယ်ကွေ့ (Gulf) ဟူ၍ ခွဲခြားထားပြန်သည်။

သမုဒ္ဒရာကြီးငါးစင်းတွင် ပစိဖိတ်သမုဒ္ဒရာသည် အကြီးဆုံးနှင့် အနက်ဆုံးဖြစ်သည်။ ၎င်းသည် ကျန်သမုဒ္ဒရာအားလုံးပေါင်းထက်လည်း ပိုကြီးသည်။ ထို့အပြင် တိုက်ကြီးများအားလုံး၏ မျက်နှာပြင်အကျယ်အဝန်းထက် ပိုကျယ်ဝန်းသည်။ အတ္တလန္တိတ်သမုဒ္ဒရာသည် ဒုတိယအကြီးဆုံးနှင့် လေ၊ သင်္ဘောများ ဖြတ်သန်းသွားလာမှု အများဆုံး သမုဒ္ဒရာဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၊ ဥရောပတိုက်၊ အာဖရိကတိုက်ကြီးတို့၏ ကုန်စည်များ စီးဆင်းသယ်ဆောင်ရာ ပင်လယ်ပြင်ကြီးပင်ဖြစ်သည်။

### ရေသံသရာ (Hydrologic Cycle)

ပင်လယ်သမုဒ္ဒရာအတွင်းရှိ ရေတို့သည် နေအပူရှိန်ကြောင့် ရေခိုးရေငွေ့အဖြစ် အငွေ့ပြန်တက်သည်။ ထိုရေခိုးရေငွေ့တို့ကို လေကသယ်ဆောင်သွားပြီး ထရိုပိုစဖီးယား (Troposphere) လေထုလွှာအရောက်တွင် သိပ်သည်းအေးခဲလာ၍ မိုးသားတိမ်တိုက်တို့ဖြစ်လာကြပြီး အဆုံး၌ မိုးအဖြစ်မြေပြင်ရေပြင်သို့ ပြန်ကျစေသည်။

မြေပြင်သို့ ကျရောက်လာသော မိုးရေတို့သည် မြစ်ချောင်းများမှတဆင့် ပင်လယ်ထဲသို့ ပြန်လည်စီးဝင်ကြသည်။ တချို့သော မိုးရေတို့မှာ မြေတွင်းသို့ စိမ့်ဝင်သွားပြီး ကျောက်များအကြား ခိုအောင်းလျက် မြေအောက်ရေ (Ground Water) ဖြစ်လာသည်။ ၎င်းမြေအောက်ရေသည် စိမ့်စမ်းများမှ ပြန်လည်စိမ့်ထွက်၍ မြစ်ချောင်းအတွင်းသို့ စီးဝင်ကြပြန်သည်။ ဤသို့ဖြင့်ရေသံသရာလည်တော့သည်။

### သမုဒ္ဒရာအောက်ခင်းပြင် (Ocean Floor)

သမုဒ္ဒရာအောက်ခင်းပြင်သည် ညီညာပြန့်ပြူးလျက်ရှိသည်ဟု တချို့က ထင်ခဲ့ကြသည်မှာ မှားယွင်းသည်။ သမုဒ္ဒရာအောက်ခင်းပြင်သည် ကမ္ဘာ့ကုန်းမြေ (Mainland) ပေါ်တွင် ဖြစ်ပေါ်လျက်ရှိသည့် တောင်တန်းကြီးများ (Mountains)၊ တောင်ကုန်းများ(Hills) နှင့် လျှိုမြောင်ချိုင့်ဝှမ်းများ (Valleys) သဏ္ဌာန် အနေအထားများကဲ့သို့ပင် ပင်လယ်ရေအောက်တွင်လည်း ဖြစ်ပေါ်လျက်ရှိပေသည်။

သမုဒ္ဒရာအောက်ခင်းပြင်ကို ရေအတိမ်အနက်အပေါ် အခြေခံ၍ လေးပိုင်းပိုင်းခြားထားသည်။ ၎င်းတို့မှာ ကမ်းလွန်ရေတိမ်ပိုင်း (Continental Shelf)၊ ပင်လယ်ဆင်ခြေလျှောပိုင်း (Continental Slope)၊ ပင်လယ်နက်ပိုင်းလွင်ပြင် (Abyssal Plain) နှင့် သမုဒ္ဒရာချောက်ပိုင်း (Ocean Trench) ဟူ၍ ဖြစ်သည်။

### ကမ်းလွန်ရေတိမ်ပိုင်း

ကမ်းလွန်ရေတိမ်ပိုင်းသည် ပေ ၆၅၀ ထက်တိမ်သော ပင်လယ်ရေတိမ်ဒေသများဖြစ်သည်။ ဤအပိုင်းသည် တိုက်ကြီးတို့၏ အနားစွန်းများတစ်လျှောက်တွင် ကျရောက်လျက်ရှိသည်။ ၎င်းတို့၏ အကျယ်အဝန်းသည် တစ်နေရာနှင့်တစ်နေရာ မတူညီဘဲ ကွာခြားကြသည်။ ပျမ်းမျှအကျယ်သည် မိုင် ၃၀ မှ ၅၀ ခန့်အတွင်းဖြစ်သည်။

### ပင်လယ်ဆင်ခြေလျှောပိုင်း

ပင်လယ်ဆင်ခြေလျှောပိုင်းသည် ပင်လယ်အောက်ခင်းပြင် သိသိသာသာနိမ့်လျှောသွားသောအပိုင်းဖြစ်သည်။ ၎င်းအပိုင်းသည် ပေ ၆၅၀ မှ ၁၃၀၀၀ ခန့်အထိ နက်သောအပိုင်းဖြစ်သည်။

### ပင်လယ်နက်ပိုင်းလွင်ပြင်

ပင်လယ်နက်ပိုင်းလွင်ပြင်သည် အနက်ပေ ၁၃၀၀၀ မှ ၂၁၀၀၀ ခန့်အထိ နက်ရှိုင်းသောအပိုင်းဖြစ်သည်။ အပိုင်းလေးပိုင်းတွင် အကျယ်ဝန်းဆုံး အပိုင်းဖြစ်သည်။ ဤအပိုင်းတွင် သမုဒ္ဒရာအလယ်တောင်ရိုးကြီးများ (Mid-Ocean Ridge) လည်းပါဝင်သည်။ ၎င်းသမုဒ္ဒရာအလယ်တောင်ရိုးကြီးတို့သည် မြေထုချပ်ကြီး (Plate) နှစ်ချပ် ဆန့်ကျင်ဘက်ဆီသို့ ရွေ့လျားသွားကြရာမှ သမုဒ္ဒရာအောက်ခင်းပြင် (Ocean Floor) စတင်ကွဲကွာလာစဉ် ကမ္ဘာ့အတွင်းပိုင်းမှ မဂ္ဂမာ (Magma) ခေါ် ကျောက်ရည်ပူများ ပန်းထွက်ကျလာရာမှ ဖြစ်ပေါ်လာကြသည်။ **ဆက်လက်ဖော်ပြပါမည်။**



ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း ဆော်လမွန်ကျွန်းစုနိုင်ငံ၏ ပင်လယ်ကမ်းခြေတစ်နေရာ။





ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၅ယ/၇၄၉၈ ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုမျိုးဆန်းအောင် (ခ)မျိုးဆန်း [၁၂/လမန(နိုင်)၁၃၈၃၆၃]၏ PP No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း ၀၉-၇၃၁၄၉၃၃၂

မီးသတိပြု



# ကောလင်းမြို့နယ်ရှိ ကျေးရွာ ၁၂၇ ရွာတွင် လျှပ်စစ်မီးလင်းပြီ

**ကောလင်း နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ကျေးရွာပေါင်း ၂၁၀ ရှိပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ၌ မဟာဓာတ်အားလိုင်းမှ ၂၄ နာရီလျှပ်စစ်မီးရရှိသည့်ကျေးရွာ ၁၂၇ ရွာရှိပြီဖြစ်သည်။

နိုင်ငံတော်အစိုးရမှ ကျေးလက်ဒေသမီးလင်းရေး အစီအစဉ်ဖြင့် မဟာဓာတ်အားမှဝေးကွာသော ကျေးရွာ ၁၆ ရွာတွင်လည်း ဆိုလာလျှပ်စစ်မီးများ ထောက်ပံ့ဆောင်ရွက်ပေးခဲ့သည်။

သဖန်းဆိပ်ဆည်တည်ဆောက်မှုကြောင့် ပြောင်းရွှေ့ခဲ့ရသည့်ကျေးရွာများကိုလည်း တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေဖြင့် လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ခဲ့ရာ ရွာသစ်၊ ပန်းမရဲ၊ အောင်ချမ်းသာ၊ ပေတပင်၊ ခန္ဓစင်ကျေးရွာများတွင် ၂၄ နာရီ မီးလင်းနေပြီဖြစ်သည်။

၎င်းအပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၄၄၃ ဒသမ ၉ သန်းဖြင့် ခေါင်းဖြူ၊ ဇမ္ဗူရာဇ်၊ ယင်းတိုက်၊ သစ်ဆိမ့်ကုန်း၊ ကြာအင်းကျေးရွာတို့၌ ၁၁ ကေဗွီလိုင်း ၂၀၀ ကေဗွီအေခွဲရုံ တစ်ရုံစီနှင့် ၄၀၀ ဗို့အားလိုင်းတို့ကိုတည်ဆောက်လျက်ရှိသည်။ **ကိုကိုမောင်(ကောလင်း)**

# ရခိုင်ပြည်နယ်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူများနှင့်တွေ့ဆုံဆွေးနွေး

**မြောက်ဦး နိုဝင်ဘာ ၄**

စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်သည် အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီ၌ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ထမ္မရာဇ်ကျေးရွာတွင် ဒေသခံတောင်သူများအားတွေ့ဆုံ၍ စက်မှုလယ်ယာဦးစီးဌာနမှ နိုင်ငံတော်လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှုများနှင့် ရခိုင်ပြည်နယ်တောင်သူများအတွက် ဖြည့်ဆည်းပေးမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အဆိုပါဆွေးနွေးပွဲသို့ ထမ္မရာဇ်အနီးပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူ ၁၁၅ ဦး တက်ရောက်ခဲ့သည်။

ဒေသခံတောင်သူများမှ မိမိတို့ဒေသအတွင်းလိုအပ်ချက်များကိုတင်ပြခြင်း၊ မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူးက မြောက်ဦးဒေသအတွက်လိုအပ်နေသည့် စပါးရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) များ ဖြည့်ဆည်းပေးရေးကို တင်ပြခဲ့ရာ ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးချက်များအား ပြန်လည်ရှင်းလင်းခဲ့ပြီး မြောက်ဦးဒေသအတွက် စပါးရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) များအား နှစ်အလိုက်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ရခိုင်ပြည်နယ်(ပြန်/ဆက်)**

# ကန့်ဘလူမြို့၌ မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုး၊ အသစ်ပြုလုပ်ခြင်း နေ့ချင်းပြီးဆောင်ရွက်ပေး

**ကန့်ဘလူ နိုဝင်ဘာ ၄**

ကန့်ဘလူမြို့တွင် အောက်တိုဘာနောက်ဆုံးပတ်က ရွှေဘိုခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်လွင်ဦးဆောင်၍ ဆက်စပ်ဌာနများ၊ မြို့နယ်မ. စ. ကအဖွဲ့တို့နှင့် ပူးပေါင်းကာ ပြည်သူများ၏ဆန္ဒအတိုင်း ယာဉ်အမျိုးအစားအလိုက် သက်တမ်းတိုးခြင်း၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းနှင့် အသစ်ပြုလုပ်ပေးခြင်းတို့ကို ကန့်ဘလူမြို့ ပိတောက်သိင်္ဂီခန်းမ ၁ ၌ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြကြောင်းသိရသည်။

အဆိုပါ မော်တော်ယာဉ်သက်တမ်းတိုးမှတ်ပုံတင်လုပ်ငန်း ၁၆၀ ကျော်နှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်း ၇၀၀ ကျော်တို့ကို နေ့ချင်းပြီးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်၊ ဆိုင်ကယ်များ သက်တမ်းမပြတ်စေရေး၊ မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်တို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်မှရသင့်ရထိုက်သော အခွန်များရရှိစေရေး၊ ဝေးလံသောဒေသမှ ပြည်သူများ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ အဆင်ပြေစေရေးအတွက် နယ်လှည့်ရွေ့လျားစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မန္တလေးခရိုင်မြို့နယ်များရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများတွင် မဲဆန္ဒရှင် သက်သေခံလက်မှတ်များ ထုတ်ပေး



**မန္တလေး နိုဝင်ဘာ ၄**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒရှင်များမဲထည့်ရာတွင် ပိုမိုလွယ်ကူစေရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီးပျောက်ဆုံးနေသူများ မဲပေးခွင့်အတွက် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို နိုဝင်ဘာ ၂ ရက်မှစတင်ကာ မန္တလေး ခရိုင်၊ မြို့နယ်များရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများတွင် ထုတ်ပေးလျက်ရှိသည်။

ရပ်ကွက်အုပ်ချုပ်ရေး အကွက်တာဝန်ခံများမှလည်း မဲရုံအလိုက် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို အိမ်တိုင်ရာရောက် တာဝန်ခံပေးဝေမှုများလည်း ရှိသည်။

မဲဆန္ဒရှင်သက်သေခံလက်မှတ်တွင် မဲရုံအမှတ်၊ မဲစာရင်းအမှတ်စဉ်၊ အမည်၊ ကျား-မ မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အဘမည်၊ အမိအမည်၊ နေရပ်လိပ်စာတို့ပါဝင်ပြီး မဲပေးရန်လာရောက်စဉ် ယူဆောင်လာကာ မဲရုံတာဝန်ခံအား ပြသ၍ မဲစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးကာ မှန်ကန်ပါက လက်မှတ်ရေးထိုးပြီး မဲလက်မှတ်ထုတ်ယူကာ ဆန္ဒပြုပြီး လွယ်ကူမြန်ဆန်စွာ မဲပေးနိုင်မည်ဖြစ်သည်။

မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို နိုဝင်ဘာ ၇ ရက်ထိ ထုတ်ပေးမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒရှင်သက်သေခံလက်မှတ်မထုတ်ယူနိုင်၊ လက်ဝယ်မရှိသော်လည်း မဲပေးခွင့်အခွင့်အရေးမဆုံးရှုံးစေရန် ရပ်ကွက်နှင့်ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စီစဉ်ပေးထားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# စပ်မျိုးနေကြာ မျိုးစေ့ထုတ်နည်းပညာ ကွင်းသရုပ်ပြသ



**မြင်းမူ နိုဝင်ဘာ ၄**

ဆီထွက်သီးနှံအထွက်တိုး စပ်မျိုးနေကြာ မျိုးစေ့ထုတ်နည်းပညာ ပညာပေးကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ကန်ဖျားကျေးရွာ ကွင်းအမှတ် (၃၇၇)၊ ဦးပိုင်အမှတ် (၄၃/၁) ရှိ တောင်သူဦးကျော်ခင်၏ ရေဆင်း(၁) စပ်မျိုးနေကြာနှစ်ဧကစိုက်ခင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

သရုပ်ပြသရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမိုးကျော်က ရေဆင်း(၁) စပ်မျိုးနေကြာစိုက်ပျိုးမှုနှင့် အထွက်တိုးမှုများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ ဒုတိယတာဝန်ခံ ဒေါ်လဲ့လဲ့အေး၊ ဒေါ်ခင်မာထွေး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ ဒုတိယတာဝန်ခံ ဒေါ်တင်တင်ဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက တက်ရောက်လာကြသော နေကြာစိုက်တောင်သူများအား ရေဆင်း(၁) စပ်မျိုးနေကြာ ဝတ်မှုန်ကူးခြင်း၊ တန်းခြားစိုက်ပျိုးခြင်း၊ တစ်ဧကအပင်ဝင်ဆံ့မှု၊ ရေသွင်းမှုနှင့် ထွက်ရှိမှုများကို ရှင်းလင်းသရုပ်ပြသခဲ့ကြသည်။

"ရိုးရိုးနေကြာက အခွံထူပြီး အဆီအနှစ်နည်းတယ်။ တစ်ဧကကို တင်း ၂၀ ကျော်လောက်ထွက်တဲ့အတွက် တစ်ဧကကို နှစ်သိန်းကျော်လောက်ရတယ်။ ရေဆင်း(၁) စပ်မျိုးနေကြာက အခွံပါးပြီး အဆီအနှစ်လည်းများတယ်။ တစ်ဧကကို အမမျိုးစေ့ ၁၀ တင်းထွက်ပေမယ့် တစ်ဧကကို ခြောက်သိန်းကျော်လောက်ရတဲ့အတွက် နေကြာစိုက်တောင်သူများ စိုက်ပျိုးသင့်ပါတယ် " ဟု ရေဆင်း(၁) စပ်မျိုးနေကြာစိုက်တောင်သူ ဦးကျော်ခင်က ပြောပြသည်။

မြင်းမူမြို့နယ် ကန်ဖျားကျေးရွာအုပ်စုတွင် ပျော့ရွှာလျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရေရရှိသဖြင့် ရေဆင်း(၁) စပ်မျိုးနေကြာကို ပိုမိုစိုက်ပျိုးနိုင်ပြီဖြစ်ပြီး မြင်းမူမြို့နယ်တွင် ရေဆင်း(၁) စပ်မျိုးနေကြာ ၁၉၈၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ**

# ကန့်ဘလူမြို့နယ် မြေထူးကျေးရွာမှ ကူးတို့ဆိပ်သွားလမ်း ၄ ဒသမ ၅ ဖာလုံ ပြုပြင်မှုပြီးစီး

**ကန့်ဘလူ နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မြေထူး မူးဆိပ် (မြေထူးကျေးရွာမှ ကူးတို့ဆိပ်သွားလမ်း) လမ်း ၄ ဒသမ ၅ ဖာလုံကို ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ်သိန်း ၂၀ ဖြင့် ပြုပြင်ရာ ဒေသခံပြည်သူများ၊ တန့်ဆည်မြို့နယ် ထန်းပင်ကုန်း၊ သာဂရကျေးရွာများမှ ရပ်မိရပ်ဖများ၊ ပြည်သူများက စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းကို အောက်တိုဘာ ၂၆ ရက်ကစတင်ပြုပြင်ခဲ့ရာ ယခုအခါ ပြီးစီးသွားပြီဖြစ်ပြီး ယင်းလမ်းသည် ကန့်ဘလူမြို့နယ်မှ ဒေသခံတောင်သူများ လယ်ယာလုပ်ငန်းခွင်ဝင်ရောက်ရာနှင့် သီးနှံများ သယ်ယူရာလမ်းဖြစ်ပြီး တန့်ဆည်မြို့နယ် သာဂရ၊ သာဂလ၊ ထန်းပင်ကုန်း၊ မူးထိန်၊ မူးချင်းစု၊ အောင်စွာ၊ အက်ကြီး၊ ထန်းပင်ဆိပ်၊ ကုံးအိုင်၊ ရွာရှည်၊ ဝက်တိုး၊ မယ်ဇလီကုန်း စသည့်ကျေးရွာ ၃၀ ခန့်မှ အဓိက အသုံးပြုနေသောလမ်း ဖြစ်သည်။

"ကျွန်တော်တို့အတွက် ကန့်ဘလူမြို့ ခုတင် ၁၀၀ ဆေးရုံကိုအားကိုးပြီး ကျန်းမာရေးဆေးကုသဖို့နဲ့ ကျောင်းသား၊ ကျောင်းသူတွေ ပညာရေးနဲ့ ဒေသ၏ ကုန်စည်စီးဆင်းမှုအနေဖြင့် အဓိကအားထားရာလမ်းဖြစ်ပါတယ်" ဟု တန့်ဆည်မြို့နယ် ထန်းပင်ကုန်းကျေးရွာ ရပ်မိရပ်ဖ ဦးသန်းထွန်းက ပြောသည်။

ယင်းလမ်းသည် ဇူလိုင်၊ ဩဂုတ်လများက မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မူးမြစ်ရေကြီးရေလျှံဖြစ်ရာမှ ရေတိုက်စား၍ပျက်စီးခဲ့သဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆီဂါလန် ၄၀၀၊ ဘိလပ်မြေအိတ် ၁၀၀ နှင့်စက်ယန္တရားကြီးများ ကူညီထောက်ပံ့ပေးခဲ့ပြီး ဦးသောင်းငွေ (မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုဥက္ကဋ္ဌ)က ကျပ်သိန်း ၁၀၀ မတည်၍ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၁၀သိန်းကျော်ဖြင့် စတင်ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးကော်မတီများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ပခုက္ကူ နိုဝင်ဘာ ၄**

ရဲတပ်ရင်းများ ကွပ်ကဲမှုအမှတ် (၁) ရဲမှူးချုပ် မျိုးဆွေဝင်းသည် ပခုက္ကူခရိုင်နှင့် ပခုက္ကူ ရေစကြို မြိုင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးနှင့်စီမံခန့်ခွဲရေးကော်မတီများ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁ ရက် ညနေ ၃ နာရီက ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပခုက္ကူခရိုင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးနှင့်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်နှင့် အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဝင်းတို့က လုံခြုံရေးကိစ္စများနှင့်ပတ်သက်၍ စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြခဲ့ကြောင်း သိရသည်။

ယင်းနောက် ရဲမှူးချုပ်မျိုးဆွေဝင်းက ရွေးကောက်ပွဲကာလ တည်ငြိမ်အေးချမ်းရေးတွင် ရဲတပ်ဖွဲ့အင်အားသာမက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ ပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်းနှင့် မြို့နယ်အလိုက်စုရပ်များတွင် အသင့်အနေအထားဆောင်ရွက်ထားကြရန် မှာကြားခဲ့သည်။

အလားတူ နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီက ပခုက္ကူခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး၊ စီမံခန့်ခွဲမှုကော်မတီနှင့် ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ပခုက္ကူမြို့နယ်အတွင်း တာဝန်ထမ်းဆောင်မည့် မဲရုံးမှူး၊ ဒုတိယမဲရုံမှူးများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ပြည်သာယာခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးနှင့် စီမံခန့်ခွဲမှုကော်တီဥက္ကဋ္ဌ ဦးကိုကိုလွင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရွှေကျော်၊ မြို့နယ်ရွေးကောက်ပွဲ ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှရွှေတို့က လုံခြုံရေးကိစ္စများ၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ရေးကိစ္စများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ ပြည်သူ့ဆေးရုံတွင် ဝန်ထမ်းအိမ်ရာများတည်ဆောက်မှု ပြီးစီးတော့မည်

**ကျွန်းလှ နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ပြည်သူ့ဆေးရုံတွင် ဝန်ထမ်းအိမ်ရာများ တည်ဆောက်လျက်ရှိပြီး လက်ရှိတွင် ခြောက်ခန်းတွဲလေးထပ်အဆောက်အအုံမှာတည်ဆောက်ပြီးစီး၍ကျန်းမာရေးဝန်ထမ်းများ နေထိုင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျန်းမာရေးဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ်ကို နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၆၈ ဖြင့် ယခုနှစ် ဇန်နဝါရီလမှစ၍တည်ဆောက်ခဲ့ကာ နိုဝင်ဘာလကုန်၌ ပြီးစီးမည်ဖြစ်သည်။

ယင်းအဆောက်အအုံမှာ အခန်း ၂၄ ခန်းပါရှိပြီး လူနေခန်းတစ်ခန်းလျှင် အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ မီးဖိုခန်း၊ ထမင်းစားခန်း၊ ရေချိုးခန်းနှင့် အိမ်သာတို့ပါကြောင်း ကြယ်စင်မင်းကုမ္ပဏီတာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ကြည်က ပြောပြသည်။

ကျွန်းလှမြို့နယ်ပြည်သူ့ဆေးရုံကို သဖန်းဆိပ်ဆည်စီမံကိန်းကြောင့် ပြောင်းရွှေ့လာခဲ့ပြီး ကန့်ဘလူမြို့နယ် ကျေးရွာများကလည်း လာရောက်၍ ဆေးကုသကြကာ ခုတင် ၅၀ မှ ခုတင် ၁၀၀ ဆေးရုံအဖြစ် အဆင့်မြှင့်တင်မည်ဖြစ်သည်။

**မျိုးဝင်းညို(ကျွန်းလှ)**

ဓာတ်စရာ



## မန္တလေးတက္ကသိုလ်နောက်ခံနှင့် လှပနေသော ပန်းခြံကလေးမှာ မြင်ရသူကိုစိတ်ကြည်နူးစေ

**à wdwref**

လွင်ပြင်ကျယ်၊ ပန်းခြံနှင့်တကွ သဘာဝတောတောင် အလှအပများသည် လူတို့၏စိတ်ကို ကြည်နူးစေကာ လန်းဆန်းတက်ကြွမှုကို ပေးစွမ်းနိုင်သည်ဟု ဆိုထားသည်။ မန္တလေး မြို့တွင် မြို့နေပြည်သူလူထု စိတ်ချမ်းသာရေး မြို့တော်သန့်ရှင်းသာယာရေးကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။ သစ်ပင်ပန်းမန်စိမ်းလန်းစေရန်စိုက်ပျိုးပြုစုထိန်းသိမ်းမှုများကို ပြုလုပ်ကာမြို့တော်၏ အလှကိုပေါ်လွင်အောင် ဖော်ဆောင်လျက်ရှိသည်။

လက်ရှိကာလတွင် သဘာဝအလှတရားများကို ကြည့်ရှုနိုင်စေရန်နှင့် ပြည်သူများ အပန်းဖြေနိုင်ရန် ပြည်သူ့ပန်းခြံများကိုတည်ဆောက်လျက်ရှိသည်။ မန္တလေးမြို့တွင် ပြည်သူများသာမက နိုင်ငံတကာ ခရီးသွားဧည့်သည်များပါ အပန်းဖြေကာ ဧရာဝတီမြစ်၏ အလှရှုခင်းကို ကြည့်ရှုနိုင်ရန် ရှုခင်းသာပန်းခြံကိုလည်း ပြုလုပ်ပေးထားပြီး ဧရာဝတီအလှရှုခင်းကို ကြည့်ရှုသူ များပြားသည်။

မန္တလေးမြို့ရှိ ပန်းခြံများတွင် သမိုင်းဝင် မန္တလေးတက္ကသိုလ် အနောက်ဘက်ပေါက်မှ ပန်းခြံလည်းပါဝင်သည်။ လက်ရှိကာလတွင် လှပသာယာသော ပန်းခြံလေးမှာ တက္ကသိုလ်နောက်ခံနှင့် တင့်တယ်လျက်ရှိသည်။ မန္တလေးတက္ကသိုလ် ၁၉၂၅ ဇူလိုင် ၄ ရက်တွင် ရန်ကုန်တက္ကသိုလ်လက်အောက်ခံ မန္တလေးဥပစာကောလိပ်အဖြစ်ဖွင့်လှစ်ခြင်းမှ စတင်ခဲ့သည်။ စတင်ဖွင့်စဉ်က ကျောင်းအုပ်ကြီးအပါအဝင် ဆရာခြောက်ဦးဖြင့် စတင်ခဲ့ကြောင်း သိရသည်။ ၁၉၈၀ ပြည့်နှစ် မန္တလေး ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ဟု ပြန်လည်သတ်မှတ်ကာ မန္တလေးဒေသ ကောလိပ်ကိုလည်း တက္ကသိုလ်အတွင်းထည့်သွင်းကာ မန္တလေးတက္ကသိုလ် ရတနာဘုမ္မိနယ်မြေအဖြစ် သတ်မှတ်ခဲ့သည်။ ပထမဆုံးဘွဲ့နှင်းသဘင် အခမ်းအနားကို ပင်မဆောင်တောင်ဘက်ကွက်လပ်ရှိ မဏ္ဍပ်တွင် စတင်ကျင်းပခဲ့သည်။ နောက်ပိုင်းတွင်သီးခြားဘွဲ့နှင်းသဘင်ခန်းမကို ဆောက်လုပ်ခဲ့ပြီး မြန်မာနိုင်ငံတွင် သမိုင်းဝင်တက္ကသိုလ်အဖြစ် ယနေ့တိုင်တည်ရှိနေသည်။

လက်ရှိကာလတွင် သမိုင်းဝင်တက္ကသိုလ် အနောက်ပေါက်တွင် လှပသောပန်းခြံကလေး တည်ထောင်စိုက်ပျိုးထားမှုနှင့် အလှဆင်ထားမှုများ အောင်မြင်ကာ လှပသောနေရာကလေးအဖြစ် တည်ရှိနေသည်။ သိပ္ပံလမ်းမီးပွိုင့်ရောက်သည်နှင့် လှပသောပန်းခြံကိုမြင်ရကာ စိတ်ကြည်နူးစေသည်။ အထူးသဖြင့် ဘွဲ့နှင်းသဘင်အခမ်းအနားများရှိသည့်ကာလတွင် ဒေသအသီးသီးမှ ဘွဲ့ရမောင်မယ်များစွာ အမှတ်တရဓာတ်ပုံရိုက်ရာ နေရာကလေး မြို့ခံပြည်သူများ အပန်းဖြေနားနေသွားရောက်ရာ ပန်းခြံကလေးအဖြစ် မန္တလေးတက္ကသိုလ်အနီးတွင် လှပစွာ တည်ရှိနေသည်။

## ငါးသိုင်းချောင်းမြို့ အား/ကာကော်မတီရန်ပုံငွေ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ အနုပညာရှင်များပါဝင်ဆင်နွှဲ

**ငါးသိုင်းချောင်း နိုဝင်ဘာ ၄**

နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီခွဲက ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ငါးသိုင်းချောင်းမြို့ အားကစားရန်ပုံငွေပွဲပြုလုပ်ရာ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်များ၊ ဂီတ၊ သဘင် အနုပညာရှင်များမှ ဒေသခံပြည်သူလူထုအား တေးသံသာများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ယင်းနောက် အနုပညာရှင်များ၊ မြန်မာ့လက်ရွေးစင် ဘောလုံးသမားများ ပါဝင်သော ဘောလုံးရူးလေးများအသင်းနှင့် ဒေသခံလူငယ်ဘောလုံးအသင်းတို့ ချစ်ကြည်ရေး ယှဉ်ပြိုင်ကစားကြရာ ပွဲအပြီးတွင် တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။

အဆိုပါရန်ပုံငွေပွဲအား ငါးသိုင်းချောင်းမြို့ဒေသခံ ဘောလုံးဝါသနာရှင်များနှင့် အနုပညာရှင်များ၏ ပရိသတ်များ တစ်ခဲနက်လာရောက်အားပေးခဲ့ကြသည်။

ရရှိသောရန်ပုံငွေဖြင့် ပြည်သူ့အားကစားကွင်းကြီးရှိ ပျက်စီးယိုယွင်းနေသော ပွဲကြည့်စင်အပါအဝင် ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်သောအစိတ်အပိုင်းများအား အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်ရန် စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း အား/ကာကော်မတီ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## ခရိုင်ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာကော်မတီနှင့် ရွေးကောက်ပွဲ စေ့စပ်ညှိနှိုင်းရေးကော်မတီတို့ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၀ ရက်က ခရိုင်ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ခရိုင်ရွေးကောက်ပွဲ စေ့စပ်ညှိနှိုင်းရေးကော်မတီ တွေ့ဆုံစည်းဝေးပွဲ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ခိုင်က မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တွင် မဲရုံပေါင်း ၁၅၄၁ ရှိ မဲဆန္ဒရှင်လူဦးရေ ၁၈ သိန်းကျော်တို့အတွက် မဲရုံများ၏ အခြေအနေ၊ မဲလက်မှတ်များ ခွဲဝေဖြန့်ထားမှု၊ မဲရုံသုံးပစ္စည်းများ ဖြန့်ဝေပြီးစီးမှု၊ မဲစာရင်းများ နောက်ဆုံးအခြေအနေအထိ ဆောင်ရွက်ထားရှိမှုနှင့် ကြိုတင်ဆန္ဒမဲပေးနေမှုတို့ကို အသေးစိတ်ရှင်းလင်း တင်ပြခဲ့သည်။

ယင်းနောက် ခရိုင်လုံခြုံရေးနှင့် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်လွင်က မဲဆွယ်စည်းရုံးရေးကာလ၊ မဲပေးသည့်ကာလနှင့် ဆန္ဒမဲပေးပြီးနောက်ပိုင်းကာလများအတွက် မြို့နယ်အလိုက်၊ မဲရုံများအလိုက် လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှုတို့ကို အသေးစိတ်တင်ပြခဲ့ပြီး တက်ရောက်လာသူများမှ မရှင်းလင်းသည့်အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများမှ ပြန်လည်ဖြေကြားခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကြက်ခြေနီအသင်းခွဲ ရှေးဦး သူနာပြုစုခြင်းအခြေခံသင်တန်း (၅/၂၀၁၅) သင်တန်းဆင်း

**ရေး နိုဝင်ဘာ ၄**

မွန်ပြည်နယ် ရေးမြို့ အ-ထ-ကခွဲ နီလာဆောင်၌ နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်ကြက်ခြေနီအသင်းခွဲ ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်းအမှတ်စဉ် (၅/၂၀၁၅) သင်တန်းဆင်းပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ် ကြက်ခြေနီတပ်ရင်းမှူးရဲမှူးမြင့်သော်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမေစန်းချိုက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ တာဝန်ရှိသူများက ထူးချွန်သင်တန်းသားများအားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၇၁ ဦး တက်ရောက်ခဲ့ပြီး အခြေခံရှေးဦးပြုစုခြင်းဆိုင်ရာများကို လေးရက်ကြာ စာတွေ့လက်တွေ့ ပို့ချပေးခဲ့ကြောင်းသိရသည်။

ယင်းသင်တန်းကို ဖွင့်လှစ်ခြင်းဖြင့် မြို့နယ်အတွင်းရှိ ကျောင်းကြက်ခြေနီအသင်းများ ဖွဲ့စည်းနိုင်ရေးနှင့် မြို့နယ်ကြက်ခြေနီပုံရိပ်များ ပေါ်လွင်ထင်ရှားစေရန် မျိုးဆက်သစ်များ မွေးထုတ်ပေးရန်လည်းဖြစ်၍ သဘာဝဘေးအန္တရာယ် ကျရောက်လာပါကလည်း အရေးပေါ် ကူညီစောင့်ရှောက်ပေးနိုင်မည်ဖြစ်ကြောင်း၊ မြို့နယ်တွင် ကြက်ခြေနီတပ်ဖွဲ့ဝင်အင်အား ၅၄၈ ဦးရှိနေပြီးအရေးပေါ် ကယ်ဆယ်ရေးလုပ် ငန်းများတွင် အသင့်အနေထားဖြင့် ကြိုတင်ပြင်ဆင်ထားရှိကြောင်း ကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ထွန်းထွန်း(ရေး)**

## ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် သထုံတွင် ဇုန်နယ်မြေအလိုက် စုဖွဲ့တာဝန်များပေးအပ်

**သထုံ နိုဝင်ဘာ ၄**

နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ဇုန်နယ်မြေအလိုက် တာဝန်ခွဲဝေစုဖွဲ့ထားရှိပြီး အဆိုပါ အစုအဖွဲ့များအား တာဝန်ပေးအပ်ပွဲကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက သထုံမြို့ သုဝဏ္ဏခန်းမတွင် ပြုလုပ်ခဲ့သည်။

"သထုံမြို့နယ်မှာရှိတဲ့ မဲရုံ ၈၉ ရုံကို ဇုန် ၉ ခု ခွဲခြားသတ်မှတ်ပြီးတော့ ဇုန်တစ်ခုစီမှာ မြို့နယ်ကော်မရှင်က သတ်မှတ်ထားတဲ့ အဖွဲ့ဝင်တွေက ဦးဆောင်ပြီး ဌာနဆိုင်ရာ သုံးဦးပါမယ်။ မဲရုံတွေ လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်တွေလည်း ပါမယ်။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ချိတ်ဆက်ပြီး အပြန်အလှန် ထိန်းကျောင်းနိုင်ခြင်းအားဖြင့် ရွေးကောက်ပွဲကို တရားမျှတမှုရှိအောင်ဆောင်ရွက်ကြမှာပါ" ဟု မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးနှင့် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က အဆိုပါအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်ကော်မရှင်အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းသန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းတို့က လုံခြုံရေးဆိုင်ရာများနှင့် အထွေထွေစီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်း ပြောကြားခဲ့သည်။

ယင်းနောက် ဇုန်နယ်မြေတာဝန်ခံများက မိမိတို့ဇုန်အလိုက် ဆောင်ရွက်မည့် အစီအမံများကို ချပြရှင်းလင်းရာ တက်ရောက်လာကြသည့် ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံအဖွဲ့ဝင်များ၊ အထူးရဲများနှင့် ပါတီအသီးသီးမှ ကိုယ်စားလှယ်များတို့က သိရှိလိုသည်များကို မေးမြန်းကြပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## သီလရှင်ကျောင်းများသို့ ဝတ်စုံ၊ ဆွမ်းဆန်တော်နှင့် ဝတ္ထုငွေလှူဒါန်း

**ပုသိမ် နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီးတွင် နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ဦးဆောင်၍ ပုသိမ်မြို့ပေါ်ရှိ သီလရှင်များအား ဝတ်စုံ၊ ဆွမ်းဆန်တော်နှင့် နဝကမ္မဝတ္ထုငွေများ လှူဒါန်းပွဲကိုကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သာသနာရေးဦးစီးဌာနနှင့် အကြည်ညိုခံဆရာလေးများ တက်ရောက်ခဲ့ကြသည်။

တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကက မွန်မြတ်သန့်စင်ပြီး သမာဓိတည်ကြည်ကာ သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့အောင်စွမ်းဆောင် ပေးလျက်ရှိသည့် သီလရှင်ဆရာကြီးများ အနေဖြင့် သာသနာ့တာဝန်များကို စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းနေကြသကဲ့သို့ တပည့်တော်မတို့အနေဖြင့် ပူဇော်ခြင်း၊ တရားဓမ္မများ နာယူခြင်းနှင့် ဒါန၊ သီလ၊ ပညာ တည်းဟူသော ကုသိုလ်ထူးများကို လေ့ကျင့်စုဆောင်းခဲ့ပြီး နိဗ္ဗာန်သို့ ရည်မျှော်ကာ နဝကမ္မလှူဒါန်းငွေ သိန်း ၂၀၊ ဆွမ်းဆန်တော် ၃၃ အိတ်၊ ငွေကျပ် ၉၉၀၀၀၀ နှင့် သီလရှင်ဝတ်စုံများ စုစုပေါင်းတန်ဖိုး ၅၃၉၀၀၀၀ ကို လှူဒါန်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် သီလရှင်ဆရာကြီးများအား အလှူငွေနှင့် ဝတ်စုံများကို မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်လှူဒါန်းခဲ့သည်။

**ပုသိမ်(ပြန်/ဆက်)**

## တောင်တွင်းကြီးမြို့နယ်တွင် စပါးခင်းများ အောင်မြင်ဖြစ်ထွန်း

**တောင်တွင်းကြီး နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်း မိုးဦးကျစဝါဆိုလက စတင်စိုက်ပျိုးခဲ့သော စပါးခင်းများမှာ ယခုအခါ စပါးနှံများဖြင့် ဖြစ်ထွန်းအောင်မြင်ကြောင်း ဒေသခံများက ပြောသည်။

တောင်တွင်းကြီးမြို့နယ် ဝါးခြမ်းကာကျေးရွာမိုးကောင်းသောက်လယ်မြေ ကွင်းအမှတ် ၂၀၀၀၊ ဦးပိုင်အမှတ် ၁၂၃ စိုက်ပျိုးထားသော ပုလဲသွယ် စံပြစပါးခင်းမှာ ရွှေဝါရောင်စပါးနှံများဖြင့် လှပဝေဆာစွာ ဖြစ်ထွန်းနေမှုကို လယ်ပိုင်ရှင် ဦးကျော်ဆွေက "ဝါဆိုလကစပါး ၁၀ ဧကစိုက်ပျိုးခဲ့တာ သီတင်းကျွတ်လကုန်ဆို ရိတ်သိမ်းလို့ရပါပြီ။ ထွန်ယက်ခ၊ မြေဩဇာခ၊ ပျိုးနုတ်ခ၊ စိုက်ပျိုးခ၊ ရိတ်သိမ်းခစတဲ့ စိုက်ပျိုးစရိတ်တွေ နုတ်လိုက်ရင် ငွေကျပ်သိန်း ၃၀ လောက် အသားတင်ကျန်ပါတယ်။ စပါးရိတ်သိမ်းပြီးရင် ဆောင်းသီးနှံအဖြစ် မတ်ပဲနဲ့ ကုလားပဲတွေ အချိန်မီစိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထွန်းမြင့်နှင့် စိုက်ပျိုးရေးဝန်ထမ်းတွေရဲ့ စိုက်ပျိုးရေး နည်းပညာတွေကိုရယူပြီး စိုက်ပျိုးသွားမှာပါ" ဟု ပြောသည်။

**(၅၈၀)**



# ကျေးရွာ ၉၄ ရွာအတွက် ဆေးစိမ်ခြင်ထောင်အလုံး ၂၉၇၅၀ အခမဲ့ဖြန့်ဝေ



**ကောလင်း နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ကျေးရွာ ၉၄ ရွာရှိ အိမ်ထောင်စု ၁၄၂၃၅ စု၊ လူဦးရေ ၆၈၄၆၀ ဦးအတွက် ဆေးစိမ်ခြင်ထောင်အလုံး ၂၉၅၇၅၀ ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် University Research Company တို့ ပူးပေါင်းပြီး ထောက်ပံ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ထောက်ပံ့ရာတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေးအတွက် ငှက်ဖျားအလွှာ (B) အဆင့်ရှိကျေးရွာများမှ အိမ်ထောင်စုများကို ဖြန့်ဝေပေးခြင်းဖြစ်သည်။ ကောလင်းမြို့နယ်၌ ငှက်ဖျားရောဂါကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင် အခမဲ့ဖြန့်ဝေမှုမှာ လေးကြိမ်ရှိပြီဖြစ်သည်။

၎င်းအပြင် ကောလင်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ငှက်ဖျားရောဂါအကြောင်း ပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**

# မဲပေးရာ၌အခက်အခဲမရှိစေရန် ပုသိမ်တွင် မဲဆန္ဒရှင်သက်သေခံလက်မှတ်များ စတင်ထုတ်ပေး

**ပုသိမ် နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် မဲပေးရာ၌ အခက်အခဲမရှိစေရေး၊ မဲစာရင်းရှာရာတွင် လွယ်ကူစေရန် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို နိုဝင်ဘာ ၁ ရက်မှစ၍ ထုတ်ပေးနေပြီဖြစ်ကြောင်း မဲရုံတာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ မဲပေးရမည်ဖြစ်သည်။ မဲပေးရာတွင် အထောက်အကူပြုရန်ရည်ရွယ်၍ ယခုကဲ့သို့ မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ထုတ်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

ယခုထုတ်ပေးလျက်ရှိသော မဲဆန္ဒရှင်သက်သေခံလက်မှတ်တွင် မဲပေးခွင့်ရှိသူ၏အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အဘအမည်၊ အမိအမည်၊ နေရပ်လိပ်စာနှင့် ကျောဘက်တွင် သတိပြုရန်အချက်သုံးချက်ပါရှိကြောင်း မဲဆန္ဒရှင် သက်သေခံလက်မှတ် သွားရောက်ထုတ်ပြီးသူများ၏ပြောပြချက်အရ သိရသည်။

ပုသိမ်မြို့တွင် ရပ်ကွက် ၂၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၀ တွင် မဲရုံ ၂၀၈ ရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ ၂၃၈၀၀၀ ကျော်ရှိကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ်တွင် အထူးရဲသင်တန်းဆင်းပွဲအခမ်းအနားပြုလုပ်

**မိုင်းပန် နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် အထူးရဲသင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီတွင် မိုင်းပန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နမ့်ပန်ခန်းမ၌ပြုလုပ်ရာ အခမ်းအနားသို့ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ရဲမှူးဝင်းမောင်၊ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မဲရုံအလိုက် တာဝန်ထမ်းဆောင်မည့် အထူးရဲများ တက်ရောက်ကြပြီးမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ရဲမှူးဝင်းမောင်က မဲရုံအလိုက် တာဝန်ထမ်းဆောင်မည့် အထူးရဲများကို လုံခြုံရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# ခင်ဦးမြို့နယ်တွင် ဓမ္မစကူး စုံညီပွဲတော်ကျင်းပ

**ခင်ဦး နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် လက်ပန်လှကျေးရွာ ဓမ္မဝါဒီပရဟိတအသင်းမှ စီစဉ်ကျင်းပသော လက်ပန်ကြီးကျေးရွာ၊ ဝင်းကြီးကျေးရွာ၊ လောင်းရှည်ကျေးရွာ၊ ရှင်မင်းတွေကျေးရွာ၊ ရွာသန်းကျေးရွာ၊ ပေါက်တုန်ကျေးရွာ၊ ပန်းတွင်းကျေးရွာများမှ ဓမ္မစကူးကျောင်းသား၊ ကျောင်းသူများ စုံညီပွဲတော်ကို နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီက ဥက္ကံကျောင်းတိုက် ဓမ္မစကူးဗုဒ္ဓဘာသာသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဓမ္မဝါဒီပရဟိတအသင်းမှ တနင်္လာနေ့တိုင်း ဇီဝိတဒါန တိုင်းရင်းဆေးခန်း ဖွင့်လှစ်ပေးခြင်း၊ မော်တော်ယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရတနာ့ဂုဏ်ရည်စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်း၊ ဓမ္မစကူးအပတ်စဉ် ဗုဒ္ဓဘာသာသင်တန်းကျောင်း ဖွင့်လှစ်ပေးခြင်း၊ ယဉ်ကျေးလိမ္မာသင်တန်း၊ အဘိဓမ္မာသင်တန်းဖွင့်လှစ်ပေးခြင်း၊ ဒုတိယတန်းမှ အဌမတန်းအထိ ပညာဒါနကျူရှင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ယခုဓမ္မစကူးစုံညီပွဲတော်ကို ကျေးရွာရှစ်ရွာမှ ဓမ္မစကူးဆရာဖြစ်သင်တန်းဆင်း ဆရာ၊ ဆရာမများနှင့် ဓမ္မစကူးကျောင်းသား၊ ကျောင်းသူ ၆၅၀ ဦးတက်ရောက်ခဲ့သည်။

**ခင်ဦးစိုးဝေ**

# ပုလဲမြို့နယ်အတွင်း ကြိုတင်ဆန္ဒမဲပေးမှု အခြေအနေများ ကွင်းဆင်းကြည့်ရှု

**ပုလဲ နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာညဏ်လင်းသည် ယင်းမာပင်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အတူ ပုလဲမြို့သို့ နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီက ရောက်ရှိရာ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လွတ်လပ်၍တရားမျှတမှုရှိစွာဖြင့် တည်ငြိမ်အေးချမ်းအောင်မြင်စွာ ပြုလုပ်နိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုလဲမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းကြည်က ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ကြိုတင်ဆန္ဒမဲ လာရောက်ပေးမှုအခြေအနေများ၊ မဲရုံသုံးပစ္စည်းများ ဖြန့်ဝေထားရှိမှုအခြေအနေများနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာညဏ်လင်းက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားဆွေးနွေးခဲ့သည်။ ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာညဏ်လင်းသည် ယင်းမာပင်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်အောင်၊ ပုလဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမြင့်သိန်းစိုးနှင့်အတူ မွန်းလွဲ ၁ နာရီတွင် ခင်အေးကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ရောက်ရှိရာ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့်အဖွဲ့ဝင်များအား တွေ့ဆုံ၍ ကြိုတင်ဆန္ဒမဲလက်ခံရရှိမှုအခြေအနေများ၊ မဲပုံးများအား လုံခြုံရေးကြိုးချည်ရမည့်ကိစ္စရပ်များ၊ ခိုင်လုံမဲ၊ ပယ်မဲသတ်မှတ်ရမည့်ကိစ္စရပ်များ၊ မဲရုံမှူးနှင့် အဖွဲ့ဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားဆွေးနွေးခဲ့ကြောင်းသိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**




## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးအောင်ပွင့်လမ်း၊ (၂) ရပ်ကွက်၊ အမှတ်-(၄/က)တွင် တည်ရှိသော နင်ဂျာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီဖြစ်ပြီး အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

POWER PLUS

မှတ်ပုံတင်အမှတ် - ၄/၁၂၈၅၈ / ၂၀၁၅

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် မော်တော်ယာဉ်နှင့်ပတ်သက်သည့် အတွင်းပိုင်းဆိုင်ရာ အပိုပစ္စည်းအမျိုးမျိုး၊ ဆိုင်ကယ် အပိုပစ္စည်း အမျိုးမျိုးတို့တွင် ကပ်နှိပ်အသုံးပြုပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်၏ အမှတ်အသားကို နင်ဂျာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ တရားဝင် ခွင့်ပြုချက်မရှိဘဲ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ မရိုးမသားမဖြောင့်သောသဘောဖြင့် ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ တုပထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ သုံးစွဲခြင်းတို့ကို တွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးအောင်နိုင်မိုး(စဉ်-၃၁၂၈) **B.A (LAW), LL.B** | ဒေါ်မေဖြိုးခင်(စဉ်-၃၆၅၄၁) **LL.B, LL.M** |
| ဦးအောင်မင်းဦး (စဉ်-၂၄၅၃) **B.A(LAW), LL.B** | အထက်တန်းရှေ့နေ |

တရားလွှတ်တော်ရှေ့နေများ

**Myanmar Global Law Firm**

အမှတ်(၆၅၅)၊ အောင်ချမ်းသာလမ်း၊ ဆ/ခရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်။

**Ph:09- 73220023**

## ကြော်ငြာ

### ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ မွေးနေ့ပူဇော်ပွဲနှင့် မဟာဘုံကထိန်လျှာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ကျေးဇူးဂုဏ်ကိုရည်စူး၍ သက်တော်(၁၀၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ပူဇော်ပွဲနှင့် ရန်ကုန်မြို့၊ စကားဝါလမ်း၊ တိပိဋကကျောင်းတော်၌ ပုရိမဝါမှထတော်မူသော တိပိဋက စာချစာသင်၊ သံဃာတော်အရှင်မြတ်တို့အား (၃၅)ကြိမ်မြောက်၊ မဟာဘုံကထိန်လျှာသင်္ကန်း ဆက်ကပ်ပူဇော်ပွဲကို

(က) တိပိဋကနိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့
(ခ) တိပိဋကနိကာယရာသက်ပန်အဖွဲ့ဝင်များ
(ဂ) နိုင်ငံခြားရေးဝန်ကြီးဌာနမိသားစု
(ဃ) အထက(၁)ဒဂုံမှဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ
(င) အထက(၃)ဒဂုံမှဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ
(စ) ပန်ဒါဟိုတယ်မိသားစု
(ဆ) တော်ဝင်စင်တာမိသားစုများစုပေါင်း၍ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်တော်မူကြပါရန် ရှိသေလေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - (၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ရက်) ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက်(သောကြာနေ့)
ကျင်းပမည့်အချိန် - နံနက်(၉)နာရီ၊ ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် ဧည့်ခံပါမည်။

**တိပိဋကနိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့.**
ဖုန်း-၀၁-၂၂၂၂၇၇၊ ၀၁-၂၂၂၂၇၈၊ ၀၁-၂၂၂၂၇၉

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

# ဇနိတာရာမ ထီးတော်တင်ပွဲ

**သက်ရှည်ကျန်းမာဘေးရန်ကွာ . . . အဘယမုနိသဗ္ဗညုပုထိုးတော်ကြီး**
**ဗုဒ္ဓါဘိသေကအနေကဇာတော်တင်၊ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်ငှက်မြတ်နားတော်၊ စိန်ဖူးတော်အထွတ်တင် မင်္ဂလာအခမ်းအနား ဖိတ်ကြားလွှာ**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အင်းတကော်မြို့ မိုးကုတ်ဝိပဿနာ ဇနိတာရာမ တောရကျောင်းတိုက်ကြီးအတွင်း ဇနိတာရာမ ဆရာတော်ကြီး ဦးဆောင်၍ (၇) ရက် သားသမီးများစုပေါင်း၍ ပုဂံ-သဗ္ဗညုပုထိုးတော်ကြီးပုံတော်တူ. . . . . သက်ရှည်ကျန်းမာဘေးရန်ကွာ အဘယမုနိသဗ္ဗညုပုထိုးတော်မြတ်ကြီး တည်ထားပူဇော်ပြီးဖြစ်ပါ၍ ဗုဒ္ဓါဘိသေကအနေကဇာတော်တင် အထက်ဌာပနာတော်သွင်း ရွှေထီးတော်ငှက်မြတ်နားတော် စိန်ဖူးတော်အထွတ်တင်ပွဲကို **၁၃၇၇-ခု၊ သီတင်းကျွတ်လပြည့်ကျော်(၁၀)ရက်၊ (၇-၁၁-၂၀၁၅) စနေနေ့** မင်္ဂလာအချိန်တွင် ကျင်းပမည်ဖြစ်ပါ၍ "ဇနိတာရာမ တောရကျောင်းတိုက်ကြီး"သို့ **နံနက်(၇)နာရီအရောက်** ကြွရောက်ကြပါရန် မေတ္တာ အနန္တဖြင့် ဖိတ်မန္တကပြုအပ်ပါသည်။

**အကျိုးတော်ဆောင်အဖွဲ့.**

### ပြင်ဆင်ဖတ်ရှုပါရန်

၁-၁၁-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၃၀)ပါ ဒေါ်အေးအေးမူနှင့် အများသိစေရန်ကြေညာခြင်းကြော်ငြာပါ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ် (၁၂)၊ ၄-လွှာအစား ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုဘုရားလမ်း၊ အမှတ် (၁၂)၊ ၄-လွှာဟု ပြင်ဆင်ဖတ်ရှုပါရန်။

### သွေးသည်အသက်


### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမျိုးသန့် ၉/မကန(နိုင်)၁၅၈၉၈၄၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်၊ ဖုန်း-၀၉-၇၈၈၅၀၂၉၉၆၊ ၀၉-၂၅၆၃၇၀၇၉၀












GRAND STYLE

GRAND STYLE
TILES EXPO'15

ALL TILES SALE 25% & OTHER ITEMS STOREWIDE
ALL SALE UP TO 60%

Sep 09 - Nov 11, 2015

SHOCK PRICE

Thiriyadanar Wholesale Market Compound

Building Zone G3,Unit G46-G52, Thudhamma Road,North Okkalapa Township,Yangon.

Building : G3, Room No.46-52 သီရိရတနာ လက်ကားဈေးဝင်းသုဓမ္မာလမ်း၊အောင်မင်္ဂလာအဝေးပြေးဝင်းအနီး၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

TEL +95-1-1224217,+95-95136279,+95-95088488 GrandStyleMM

MIC Myanmar Imperial College

Myanmar Imperial College မှ သင့်အားကြိုဆိုပါသည်။

| | |
|---|---|
| **General Manager** | - Degree in business-related field, preferably a Master degree in Management<br>- Ability to display independent leadership and interpersonal skills in a fast pac working environment.<br>- Minium of 5 years experience / Fluent in English |
| **HR Manager** | - Degree in HRM or any Degree and Diploma in HRM<br>- Familiar with employment laws<br>- Minimum of 5 years experience |
| **Restaurant Manager** | - Any graduate and diploma/certificate holder with relevant experience<br>- Excellent communication and interpersonal skills.<br>- Minimum of 5 years experience. |
| **Lecturers Business/ Media/ Hospitality & Tourism/ English (Foreign/Local)** | - Ph.D or MBA or Any Master Degree or Bachelor in a related subject from an accredited institution<br>- Minimum 2 years of teaching experience<br>- Fluent in English |
| **Disciplinary Officer** | - Any graduate and diploma/certificate holder with relevant experience .<br>- minimum of 1 year of experience<br>- Fluent in English |
| **Chef** | - လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃) နှစ်ရှိရမည်။<br>- Thai food, European food နှင့် Chinese food တို့ကို ကျွမ်းကျင်စွာ ချက်ပြုတ်နိုင်ရမည်။ |
| **Librarian** | - Bachelor Degree holder<br>- ကွန်ပြူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။လုပ်ငန်းအတွေ့အကြုံ(၁)နှစ် |
| **Waiter** | - လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁) နှစ် ရှိရမည်။<br>- ဆက်ဆံရေးကောင်းမွန်ရမည်။ |

**Supervisor, Receptionist, Office Staff** are also warmly welcome.

အမှတ်(၁) ဈေးမြောက်လမ်း၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအဝိုင်းအနီး။
humanresource.mic@gmail.com

www.mic-education.com
09 73210001/ 09421100222

Xenon Company Limited တွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းအလိုရှိသည်။

1. **Branch Manager**
(နေပြည်တော်ရုံးခွဲတွင် တာဝန်ထမ်းဆောင်ရန်) ကျား/မ (၁) ဦး
- ဘွဲ့ရဖြစ်ရမည်။ အင်္ဂလိပ်စာ 4 Skills ကျွမ်းကျင်ရမည်။
- အသက်(၂၈)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- အုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၅) နှစ်နှင့်အထက်ရှိရမည်။
- ချမှတ်ထားသော ရုံးစည်းကမ်းများနှင့်အညီ စီမံခန့်ခွဲ အုပ်ချုပ်နိုင်ပြီး ပေါင်းသင်းဆက်ဆံရေး အထူးကောင်းမွန်သူ ဖြစ်ရမည်။
- လူလွတ်ဖြစ်ပါက နေ/စား စရိတ်ငြိမ်းစီစဉ်ပေးမည်။

2. **Assistant Marketing Manager** ကျား/မ (၁) ဦး
- ဘွဲ့ရဖြစ်ရမည်။ အင်္ဂလိပ်စာ 4 Skills ကျွမ်းကျင်ရမည်။
- Advertising နယ်ပယ်မှ Marketing လုပ်ငန်းအတွေ့အကြုံ (၅) နှစ်နှင့်အထက်ရှိရမည်။
- အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်တတ်သူ၊ အပြောအဆိုပြေပြစ်ပြီး သည်းခံနိုင်စွမ်းရှိသူ ဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်၍ အလုပ်အတွက် အချိန်ပေးနိုင်သူ၊ လိုအပ်လျှင်နယ်သို့ ခရီးထွက်နိုင်သူ ဖြစ်ရမည်။
- Marketing Plan ရေးဆွဲနိုင်ရမည်။ အလုပ်တာဝန်များနှင့် လက်အောက်ဝန်ထမ်းများကိုပါ စနစ်တကျစီမံခန့်ခွဲအုပ်ချုပ်နိုင်ရမည်။

3. **Assistant Decoration Manager** ကျား(၁) ဦး
- ဘွဲ့ရဖြစ်ရမည်။
- Construction, Decoration and Sign Work လုပ်ငန်းများတွင် လုပ်ငန်းအတွေ့အကြုံ(၃) နှစ်အထက်ဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး နယ်ခရီးများ သွားလာနိုင်ရမည်။
- ပေးအပ်ထားသော လုပ်ငန်းတာဝန်များကို ကောင်းစွာလုပ်ကိုင်နိုင်ပြီး အထက်လူကြီးသို့ ကောင်းစွာ Report လုပ်နိုင်သူဖြစ်ရမည်။
- Decoration လုပ်ငန်းကို စိတ်ဝင်စားပြီး အမှန်တကယ် လုပ်ကိုင်လိုသူဖြစ်ရမည်။

4. **လက်ထောက်စက်ရုံကြီးကြပ်ရေးမှူး** ကျား (၁) ဦး
- အသက်(၃၅)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်နှင့်အထက် ရှိရမည်။
- စနစ်တကျ စီမံခန့်ခွဲ အုပ်ချုပ်နိုင်ရမည်။ အလုပ်အတွက် အချိန်ပေးနိုင်ရမည်။
- တပ်မတော်မှ အငြိမ်းစားအရာရှိများ ဦးစားပေးမည်။

5. **Office Staff (အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်)** ကျား/မ (၂) ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူ ဖြစ်ရမည်။ အင်္ဂလိပ်စာ 4 Skills ကျွမ်းကျင်ရမည်။
- Internet & Email ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- Microsoft office Word , Excel ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- Advertising နယ်ပယ်မှလာသူ/ Event ပိုင်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။
- အလုပ်အတွက်အချိန်ပေးနိုင်သူ၊ လိုအပ်လျှင်နယ်သို့ ခရီးထွက်နိုင်သူ ဖြစ်ရမည်။

6. **Office Staff** မ (၅) ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူ ဖြစ်ရမည်။
- စိတ်ရှည်သည်းခံနိုင်ပြီး စနစ်တကျလုပ်ကိုင်နိုင်သူဖြစ်ရမည်။
- လုပ်သက်အနည်းဆုံး ( ၁ ) နှစ်ရှိရမည်။

အလုပ်လျှောက်လိုသူများသည် CV Form၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းထောက်ခံစာ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ လေဘာမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့နှင့်တကွ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာရုံးချုပ်** - အမှတ်(၆၀/၆၂)၊ ၄၅လမ်း၊(အောက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်။
**ဆက်သွယ်ရန်ဖုန်း၊** - ၀၁-၂၉၇၆၀၆၊၀၁-၂၉၇၀၄၅၊၀၁-၃၉၈၇၈၇၊ ၀၁-၃၉၈၈၄၄၊၀၁-၈၆၁၀၄၅၅၊၀၁-၈၆၁၀၄၄၄။

ကြော်ငြာ

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်တိုင်းဒေသကြီး
## ဆေးဝါးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်နှင့်အချိန် - ၆-၁၁-၂၀၁၅ရက်နံနက် ၉း၃၀ နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၁၂-၂၀၁၅ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့်စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V GOLDEN FAN V.30 သင်္ဘောသည် ၆-၁၁-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တဲထားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၀၊ ၂၃၀၁၁၇၈**

**တိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## မေမြန်မာ
အဆင့်မြင့်ဘုရားဖူးပို့ဆောင်ရေး
*Consultative by Shwe Lan Kha Yee*

- ▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ကလော Nov 13, 20 - 140000
- ▲ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (စွယ်တော်လေးဆူ)၊ ပခုက္ကူ Nov 13, 20 - 120000
- ▲ မန္တလေး(ကျောက်စိမ်းစေတီ)၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Nov 13, 20 - 140000
- ▲ ထားဝယ်(ရှင်ကိုးရှင်)၊ မြိတ်၊ မောင်းမကန်ကမ်းခြေ Nov 20, 25- 180000
- ▲ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ ကျိုက်မရော Nov 13, 20, 25, 27- 70000

အမှတ်(၂၄)၊ ဖန်သီးစာန်လမ်း(အထက်)၊ ကျောက်တံတားမြို့နယ် Ph: 09250277491, 09-250622428, 09-791771537

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် ( မြောက်ပိုင်း ) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ မြေကွက်အမှတ် (၄၃၈)၊ မြေအကျယ်အဝန်း (၄၀' x ၆၀')၊ ဧရိယာ (၀. ၀၅၅) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၂) ရပ်ကွက်၊ ပြည်တော်အေးလမ်းနှင့် ရွှေပြည်သာလမ်းထောင့်၊ အမှတ် ( ၃၈၆ ) ဟု ခေါ်တွင်သည့် နေအိမ်နှင့် နေအိမ်တွင် အခိုင်အမာစွဲကပ်တပ်ဆင်ပြီးဖြစ်သည့် ပစ္စည်းအရပ်ရပ်တို့ကို ဂရန်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်မွှေးမွှေးဝင်း (၁၂/ဥကတ (နိုင်) ၀၁၀၈၅၁) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရောင်းကြေးတန် ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကတိစာချုပ်ချုပ်ဆို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်နေအိမ်တို့၏ ပိုင်ရေးဆိုင်ခွင့် လွှဲပြောင်းရောင်းချခွင့်များနှင့်စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးမောင်မောင်ထွန်း B.A ( LAW ) , LL.B.
တရားလွှတ်တော်ရှေ့နေ (စဉ်–၂၆၅၃)
အမှတ်(၅၀)၊ မလွကုန်းလမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၁၀၂၃၈၂၂

## ခိုးမြင့်ကြယ်

| | |
|---|---|
| ကျိုက်ထီးရိုး (ဒြိမ်း) | 33000 |
| ရှောင်းသာ Hotel(ဒြိမ်း) | 35000 / 45000 |
| ငွေဆောင် Hotel | 45000 |

ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။
01-549380,09-5093704,09-450012971

## အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ရှောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

**ပျောက်ဆုံးကြောင်း**
မယုယုလွင်[၁၂/ရကန(နိုင်)၀၀၅၆၂၈]၏ပတ်စပို့နံပါတ် MA-882196မှာ ပျောက်ဆုံးသွားပါသောကြောင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
Ph:09-5121854

## အများသိစေရန်

မမြင့်သက်ဝေ နိုင်ငံသား(N/OKA-000907)သည် ဖခင်ဖြစ်သူ၏ဆိုဆုံးမမှုကို အကြိမ်ကြိမ်မနာခံဘဲ မိမိသဘောဆန္ဒအတိုင်း ပြုမူသွားပါသဖြင့် ယနေ့မှစပြီး အမွေစား၊ အမွေခံသမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)
LL.B,DBL,DML,DIL,DLP,WIPO (Switzerland)
ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)
B.Sc,Hon(IC),HGP,R.L,D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)-၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
Tel-294866 HP-09-5017044,09-73107094

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်မ ဒေါ်အေးအေးမူ[၁၂/ဒပန(နိုင်)၀၀၀၅၄၀]သည် ဦးကျော်ဝင်း[၁၂/ဒပန(ယ)၀၀၅၆၃၈] (ဒီပီအမ်-၀၀၁၃၂၅)နှင့် ၆-၈-၂၀၁၄ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၆၆/၂၀၁၄)ဖြင့် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်မ ဒေါ်အေးအေးမူ[၁၂/ဒပန(နိုင်)၀၀၀၅၄၀]**










ကြော်ငြာ


CALL 1875 HOTLINE

1875 Hotline ဝန်ဆောင်မှုများ

- ဗေဒင်ဝန်ဆောင်မှု
- ဘောလုံးအားကစားနှင့် ပတ်သက်သောဝန်ဆောင်မှု
- IT & Mobile Help Desk
- Social Consultant / Beauty Help Line
- ကုန်စည်ဈေးနှုန်း



NEW MOTION Travels & Tours

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ခွေ့လျှားသစ်လွင် ခရီးစဉ်

- တောင်ကြီးမီးပုံးပျံပွဲ (တောင်ကြီး- ကလော့- ထမ်စမ်း- အင်းလေး- ပင်းတယ- ကလော) - Nov 24, Nov 25
- မန္တလေးမီးပုံးပျံပွဲ (မန္တလေး - ပြင်ဦးလွင် - ကျောက်စိမ်းဘုရား- စစ်ကိုင်း - မင်းကွန်း) - Nov 21
- ပုဂံခရီးစဉ် (ပုဂံ - ပုပ္ပါး- စွယ်တော်လေးဆူ - ပခုက္ကူ) - Nov 25

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 527 922, 538 811, 09 492 529 11, 09 492 529 22, 09 731 489 22

iStock® ကုန်ပစ္စည်းထိန်းကွပ်မှုစာရင်း

- ကုန်ရောင်း/ကုန်ဝယ်စာရင်း
- ငွေစာရင်း
- ကုန်လက်ကျန်စာရင်း
- ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
- အကြွေးစာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Contact Us ...
YGN 09-252424002, 09-254151516, 09-43029798
MDY 09-257333214, 09-978030881
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

Nelson English Language Centre

Enroll Now!



NELC

Pre-school (Age 3 to 5)
✓5 Development Pre-school
mental, physical, emotional, social, critical Development

Young Learners
✓Beginner, Foundation, Step Up

Adult ( Over 16 years old)
✓Communicative English
Basic Grammar, Intro, Level 1,2,3,4
✓IELTS/TOEFL

"စာရင်းစစ်ဝန်ထမ်းများ အလိုရှိပါသည်"

NATIONAL INFRASTRUCTURE HOLDING CO.,LTD.

ဖုန်း-၀၁-၂၂၉၄၂၀/၀၁-၂၂၉၄၂၃

၁။ ကုမ္ပဏီမှ လုပ်ကိုင်လျက်ရှိသော ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် အောက်ဖော်ပြပါ စာရင်းစစ်ဝန်ထမ်းများ အလိုရှိပါသည်။

(က) စာရင်းစစ်အဖွဲ့ခေါင်းဆောင် (၈) ဦး
- B.Com, CPA, D.A ဘွဲ့ရရှိသူ၊ စာရင်းစစ်လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိသူဖြစ်ရမည်။

(ခ) စာရင်းစစ် (၀၆) ဦး
- ဘွဲ့ တစ်ခုခုရရှိပြီး၊ စာရင်းစစ်လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိသူဖြစ်ရမည်။

၂။ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများသည် ကိုယ်ရေးအချက်အလက်၊ ပညာရေး/ကျွမ်းကျင်မှုဆိုင်ရာ အထောက်အထားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ (၃)လအတွင်း ရိုက်ထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၃)ပုံတို့နှင့်အတူ ကုမ္ပဏီရုံး၊ တိုက်အမှတ်(၄၅/၄၆)၊ (၁၀)ရပ်ကွက်၊ ဗဟိုစည်အိမ်ရာဝင်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) စာတိုက်မှဖြစ်စေ ၁၅-၁၁-၂၀၁၅ ရက်အတွင်း ပေးပို့နိုင်ပါသည်။

ဝန်ထမ်းရေးရာဌာန၊ N.I.H CO.,LTD.

EVER UP HUMAN RESOURCES INSTITUTE

un-locking your talent

SIYB START AND IMPROVE YOUR BUSINESS

International Labour Organization

EVER UP HUMAN RESOURCES INSTITUTE

SINCE 2010

ILO SIYB Licensed Trainers:

U NYI NYI MAUNG
Managing Director cum Founder of EVER UP HR Institute, Candidate of M.Sc HRM (The University of London, UK), Master of Development Studies (Y.U.E), B.B.A. (Curtin University, Australia), Fellow of ABE (U.K.)

DAW MOE MOE KHINE
Master of Development Studies, Y.U.E., B.C.Sc (Hons), University of Computer Studies, Yangon. Advanced Diploma in Business Administration (abe, UK)

သင်တန်းဆင်းလက်မှတ်များကို ILO နှင့် EVER UP မှ ပူးတွဲချီးမြှင့်သွားမည်ဖြစ်ပါသည်။

- သင် ILO မှအသိအမှတ်ပြုသော SIYB လိုင်စင်ရ Trainer ဖြစ်လိုပါသလား?
- သင် အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များကို Business Plan ရေးဆွဲပေးခြင်း၊ Consultating ဝန်ဆောင်မှုပေးခြင်းဖြင့် အသက်မွေးလိုပါသလား?

သင့်စွမ်းအားကို အမြင့်ဆုံးမြှင့်တင်ပေးမည့်

ILO-SIYB ဆရာဖြစ်သင်တန်း

မှတ်ချက် ။ ။ အသေးစားနှင့် အလတ်စား လုပ်ငန်းများကို Training ပေးခြင်းလုပ်ငန်းဖြင့် အသက်မွေးလိုသူများ သင်တန်းတက်ရန် လျှောက်ထားနိုင်ပါသည်။

သင်တန်းကာလ
၈ ရက်

REGISTER NOW!

သင်တန်းနေ့ရက်
၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်မှ (၂၉) ရက်နေ့ထိ

သင်တန်းချိန်
နံနက် (၈) နာရီခွဲ မှ ညနေ (၅) နာရီ

သင်တန်းကြေး
၂၅၀,၀၀၀ ကျပ် (Including 2 Tea Breaks and a Lunch)
(လူဦးရေ ၂၀ သာလက်ခံမည်။ နိုဝင်ဘာလ (၁၅)ရက်နေ့ နောက်ဆုံးထား၍ အမြန်ဆုံးလာရောက်စာရင်းပေးသွင်းပါ။)

Room-402, MGW Tower, Bo Aung Kyaw Street, Botahtaung Township, Yangon, Myanmar. Tel : 95-1-256523, 09 731 75137, 09 8630 849

အောင်နိုင်သူ ပယင်းစိန် ကုမ္ပဏီလီမိတက်

Winner Super Diamond Pile Co., Ltd.

W.S.D GROUP

W.S.D Pile





လူကြီးမင်းတို့၏ အဆောက်အအုံများနှင့် စက်ရုံများတွင် ပိုင်ရိုက်ခြင်း၊ Bored Pile လုပ်ငန်းများဆောင်ရွက်လိုပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph:01-381964, 09-73131288, 09-73150482, 09-977909888, 09-250499988
Off: Ph- 09-250 288811, FAX: 01-381964, Email: wsdmyanmar@gmail.com

# (၁) လပြည့် ဝမ်းနည်းကြေကွဲခြင်း

ချစ်ဇနီး ဒေါ်စိန်လှိုင်(ခ)ဒေါ်ယုလှိုင် အသက် (၇၈)နှစ်သည် ၅-၁၀-၂၀၁၅ (တနင်္လာနေ့)တွင် မိသားစုနှင့်ခွဲခွာခဲ့သည်မှာ ၅-၁၁-၂၀၁၅ ရက်တွင် တစ်လပြည့်သော်လည်း တစ်နေ့မှ မေ့မရခဲ့ပါ။ နှစ်ပေါင်း (၅၁) နှစ်တိုင် မရှိအတူ ရှိအတူ ဒုက္ခများစွာ ရင်ဆိုင်ကြုံတွေ့တိုင်း လက်တွဲရင်ဆိုင်ခဲ့လို့ ကျေးဇူးတင်ပါတယ်ချစ်ဇနီး။ ရည်စူး၍ပြုသမျှကိုလည်း ရောက်ရှိရာ အမြင့်ဆုံးဘုံဘဝမှ ဝမ်းမြောက်စွာသာဓုခေါ်ပါ ချစ်ဇနီးရယ်။ အမျှ. . . အမျှ. . . အမျှ

**ချစ်ခင်ပွန်း**

**ဦးကင်စင်း (MD မြန်မာဝင့်နဝရတ်ကုမ္ပဏီ)**

## ကွယ်လွန်သူအားရည်စူး၍ လှူဒါန်းမှုများအား နတ်လူသာဓုခေါ်စေသော်

၁။ နိကာယ်စာသင်တိုက် (တောင်ဒဂုံ)မှ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ [၂၀၁၅ Model Lancruser (နက်) တစ်စီး] ၇၇၀၀၀ U$D

၂။ ဓမ္မဂုဏ်ရည်သီလရှင်စာသင်တိုက် (တောင်ဒဂုံ)သို့ နဝကမ္မဝတ္ထုငွေကျပ်သိန်း ၁၀၀ တိတိ။

၃။ သာသနောဓယကျောင်းတိုက်ဆရာတော် ရန်ကုန်သံဃာ့တက္ကသိုလ်ပါဠိဌာနမှူး ဒေါက်တာဘဒ္ဒန္တပဝရာဘိဝံသ၏ ကျန်းမာရေးကုသရန် စင်ကာပူဒေါ်လာ ၅၀၀၀ တိတိ။

၄။ မင်းကွန်းကျောင်းတိုက်ဆရာတော် တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊ မြင်းမူဆရာတော်အမှူးပြု၍ တိပိဋက စက္ခုပါလ ကုသိုလ်ဖြစ်မျက်စိဆေးရုံသို့ ရာသက်ပန်ဆေးပဒေသာပင်အတွက် လစဉ်လှူဒါန်းငွေ ကျပ်သိန်း (၅၀) တိတိ။

၅။ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်းသို့ ရာသက်ပန်အလှူငွေ ကျပ်သိန်း (၁၀၀) တိတိ။

၆။ ဇီဝိတဒါနသံဃာ့ဆေးရုံ (ဗဟန်း)သို့ ရာသက်ပန်အလှူငွေ ကျပ်သိန်း (၁၀၀) တိတိ။

# (၁) လပြည့် ဝမ်းနည်းကန်တော့ပန်း

ဝမ်းတွင်း၌ အရေကြည်သန္ဓေတည် ဒီဒုက္ခကို
၉ လကျော် ၁၀ လထိတိုင် ကြံ့ကြံ့ခိုင်စိတ်ဖြေသိမ့်လို့
မွေးဖွားကာ နို့ချိုတိုက်ကျွေး လူဖြစ်အောင် ပညာတွေပေးတယ်
ဆုံးမကာပဲ့ပြင် စောင့်ရှောက်တဲ့ **မွေးသမိခင်ကျေးဇူးရှင်**
သမီးသားကိုအချစ်ပို၍ ကိုယ်ကျိုးပင်စွန့်လွှတ်ရဲတဲ့
တုနှိုင်းစရာစာပန်းချီမှဲ့အောင် ပြုခဲ့တဲ့ လောကရဲ့**တုနှိုင်းမရတဲ့မေမေ**
ငယ်စဉ်ခါ ယုယပိုက်ထွေးလို့ ကြီးပြင်းကာပညာပေးတယ်
သမီးသားများဒုက္ခတွေကို မငြီးငြူပူပွားယူတယ်
ပေါ်များတဲ့မေမေ့မေတ္တာတရား ခွင့်လွှတ်ကာစဉ်သနားတတ်တယ်
သမီးသားရဲ့ ခိုနားစရာကမ္ဘာ **အနန္တဂိုဏ်းဝင်မြတ်မိခင်**

တစ်နေ့ချိန်ခါ အောက်တိုဘာ (၅) ရက် ၂၀၁၅ ဝယ်
ဘုရားသခင်ဟောကြား ၃ ပါးလက္ခဏာတရားကို မွေးမေအောက်မေ့
ဖြေလျှော့စိတ်အစဉ် ခန္ဓာကြွေတယ်
သမီးသားလက်များ ဆုပ်ထားလိုလည်း သည်းခံတရား
ဤအနတ္တတရားကြောင့် ချန်ထားထွက်ခွာ ယနေ့ချိန်ခါတစ်လတည်း
ပူမှုဗျာများ ပူဆွေးရလည်း သွားလမ်းသာရန်
မြတ်မိခင်တွက် ပြုသမျှကောင်းမှု လှူဒါန်းမှုအစုစုကို
အမျှဝေပါ၏ ခေါ်ဆိုသာဓုသုံးကြိမ်ပြု၍ မြတ်ဆုံးမိခင်
ကျေနပ်ဘဝင် စိတ်ရွှင်ချမ်းမြ ကျေနပ်ပါရန် ဤစာပုရပိုက်ဖြင့်
ပူဇော်ကန်တော့ပါ၏။ ။

## ကွယ်လွန်သူအားရည်စူး၍ လှူဒါန်းမှုများအား နတ်လူသာဓုခေါ်စေသော်

၁။ နိကာယ်စာသင်တိုက် (တောင်ဒဂုံ)မှ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ [၂၀၁၅ Model Lancruser (နက်) တစ်စီး] ၇၇၀၀၀ U$D

၂။ ဓမ္မဂုဏ်ရည်သီလရှင်စာသင်တိုက် (တောင်ဒဂုံ)သို့ နဝကမ္မဝတ္ထုငွေ ကျပ်သိန်း ၁၀၀ တိတိ။

၃။ သာသနောဓယကျောင်းတိုက်ဆရာတော် ရန်ကုန်သံဃာ့တက္ကသိုလ်ပါဠိဌာနမှူး ဒေါက်တာဘဒ္ဒန္တပဝရာဘိဝံသ၏ ကျန်းမာရေးကုသရန် စင်ကာပူဒေါ်လာ ၅၀၀၀ တိတိ။

၄။ မင်းကွန်းကျောင်းတိုက်ဆရာတော် တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊ မြင်းမူဆရာတော်အမှူးပြု၍ တိပိဋက စက္ခုပါလကုသိုလ်ဖြစ် မျက်စိဆေးရုံသို့ ရာသက်ပန်ဆေးပဒေသာပင်အတွက် လစဉ်လှူဒါန်းငွေ ကျပ်သိန်း (၅၀) တိတိ။

၅။ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်းသို့ ရာသက်ပန်အလှူငွေ ကျပ်သိန်း (၁၀၀) တိတိ။

၆။ ဇီဝိတဒါနသံဃာ့ဆေးရုံ (ဗဟန်း)သို့ ရာသက်ပန်အလှူငွေ ကျပ်သိန်း (၁၀၀) တိတိ။

**ကျန်ရစ်သူမိသားစု**

| | | |
|---|---|---|
| သမီးကြီး | စောစန္ဒာအေး (မြန်မာဝင့်နဝရတ်ကုမ္ပဏီလီမိတက်)-ညွှန့်ဦး (ထာဝရကုမ္ပဏီလီမိတက်) |
| သားငယ် | သိန်းလွင်(ခ)မောင်မောင် |
| မြေးများ | ဒေါက်တာပွင့်ဖြူဦး (P.T.S Co., Ltd.)၊ ဉာဏ်လင်းဦး (ပန်းဆေးဒေသဌာနေ ပသစ အဖွဲ့ချုပ်ခေါင်းဆောင်)၊ ဝင့်ထယ်ဦး (ထာဝရကုမ္ပဏီလီမိတက်)။ |
| မြစ် | မသုန္ဒရီ (Y.I.S) KGB |

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြည်ကြည်မြင့် (၈၉) နှစ် (မော်လမြိုင်)
ဒေါက်တာဒေါ်မြင့်သီတာလွင် (ပါမောက္ခ/ဌာနမှူး၊ ထိန်ဆိုင်ကျောက်ကပ်ဆေးကုဌာန၊ ရတနာပုံဆေးရုံ)၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြည်ကြည်မြင့်သည်
၃၀-၁၀-၂၀၁၅ နံနက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ
မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
ကွယ်လွန်သွားသော ဒေါ်ကြည်ကြည်မြင့် ကောင်းရာသုဂတိရောက်ရှိပါစေ။

PARAMI General Hospital
ဥက္ကဋ္ဌ BOD
အဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုများ

စိန်ရတနာ
အမှတ် ၇၅၊ ၃၂လမ်း(အောက်)
09 510 2750
မိနိုင်း (1'x1') ၁၃၀ ကျပ်
sq-ft၁၀၀၀ဝဝ ၁၂၀ ကျပ်
လစဉ်အပ်လိုသော လုပ်ငန်းနှင့် ကုမ္ပဏီများအတွက် ၁ပေပတ်လည် ၉၀ကျပ်၊ ၉၅ကျပ်၊ ၁၀၀ကျပ် ဖြင့်ဆောင်ရွက်ပေးနေပါသည်။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးငွေးမြင့် (ပြင်ဦးလွင်)
## (၅-၁၁-၂၀၁၀) (၅-၁၁-၂၀၁၅)

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဒယ်ဒီ မိသားစုနှင့် ခွဲခွာသွားသည်မှာ (၅)နှစ်တိုင်ခဲ့လေပြီ။ ဒယ်ဒီအတွက် ရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်နှင့်အမျှ ပြုလုပ်ပေးသော အလှူ ဒါန၊ ကုသိုလ်ကောင်းမှု အစုစုတို့ကို အမျှ ပေးဝေပါသည်။ အမျှရ၍ မြင့်မြတ်သော ဘုံဘဝမှ ရရှိခံစား သာဓု ခေါ်နိုင်ပါစေ။

အမျှ အမျှ အမျှ
ချစ်ဇနီး - ဒေါ်နုနုသန်း
သမီးကြီး - ဦးမောင်မောင်- ဒေါ်ကြည်ကြည်ဝင်း
သားကြီး - ဦးအောင်နိုင်ဦး-ဒေါ်အိအိစိုး
သမီးငယ် - ဦးတင်ထွန်းဦး-ဒေါ်ဝင်းမြတ်မွန်
ချစ်မြေးများ - ဆုမြတ်မောင်မောင်၊ ဟိဏ်းမင်းကို

## သွေးသည် အသက်

## အမြန်ရောင်းမည်

မန္တလေးလမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်း၊ ပင်လုံအိမ်ရာအနီး၊ ၁၉ ပေ × ၅၄ ပေ၊ (ကြိုပွဲ့ပိုင်) အထူးလျှော့ဈေး။ ၆ထပ်-၃၃၀ သိန်း၊ ၅ ထပ်-၃၈၀ သိန်း၊ ၄ ထပ်-၄၃၀ သိန်း၊ ၃ ထပ်-၄၈၀ သိန်း၊ ၂ ထပ်-၅၈၀ သိန်း၊ မြေညီထပ်-၁၃၃၀ သိန်း။

**ဆက်သွယ်ရန်ဖုန်း - ၀၉ ၅၁၉၈၇၉၈၊ ၀၉ ၄၂၁၁၀၈၇၇၇၊ ၀၉ ၄၅၀၀၁၅၉၄၆။**

## အထူးဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း ဦးမင်းသိန်းတင်-ဒေါ်ခင်ဝင်းဝင်းထွဋ်၏ ချစ်လှစွာသောညီမ ဒေါ်ခင်ဆွေဆွေထွဋ်သည် ၁-၁၁-၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ခင်စောဝေ၊ ချိုမာအေး၊ ဆွေဆွေဝင်း၊ နုနုယဉ်**
**နွယ်နီသန်းထွန်း၊ လှမေမြင့်၊ ဦးဦးမြ၊ ဥမ္မာသိန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

ချစ်သူငယ်ချင်း ဦးမင်းသိန်းတင်-ဒေါ်ခင်ဝင်းဝင်းထွဋ်၏ ချစ်လှစွာသောညီမ ဒေါ်ခင်ဆွေဆွေထွဋ်သည် ၁-၁၁-၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ခင်ခင်ညွန့်၊ ခင်မေဟန်၊ ခင်မျိုးကြည်၊**
**ချိုချို၊ နွယ်နီ၊ ဖြူဖြူမာ၊ မိုးဝင့်အောင်၊ မိမိတင်၊**
**ယဉ်ယဉ်ထွေး၊ သိဂီ၊ သွဲ့**

## အထူးကျေးဇူးတင်ရှိခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းရွှေ(ကျောက်ဖြူ)
## အသက်(၇၀)

၂၄-၁၀-၂၀၁၅ရက်(စနေနေ့) နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားခဲ့သော ဦးသန်းရွှေ(ကျောက်ဖြူ)၏ ဈာပနအခမ်းအနားနှင့် ရက်လည်ဆွမ်းကျွေးတွင် တရားဓမ္မများ ချီးမြှင့်ပေးပါသော ဆရာတော်၊ သံဃာတော်များအားလည်းကောင်း၊ ကိုယ်တိုင်လာရောက်အားပေး သတင်းမေးမြန်းကြသည့် IGE ကုမ္ပဏီဥက္ကဋ္ဌကြီး ဦးနေအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများအားလည်းကောင်း၊ Than Phyo Thu Mining ကုမ္ပဏီမှ Executive Director ဦးမျိုးဝင်းသန်းနှင့် ဇနီး ဒေါ်မေမျိုးခိုင်တို့အားလည်းကောင်း၊ ဒေါက်တာအောင်ကျော်ဝင်းနှင့် ဇနီး ဒေါက်တာ သက်သက်ခိုင်၊ ရွှေနန်းတော် စိန်ရွှေရတနာဆိုင် မိသားစုတို့အားလည်းကောင်း၊ လွမ်းသူ့ပန်းခြင်းများ ပေးပို့ကြသည့် မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ သက်န်းပရိက္ခရာနှင့် လှူဖွယ်ပစ္စည်းများပေးပို့လှူဒါန်းကြသူများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ အားပေးနှစ်သိမ့်ကြသူများနှင့် ဈာပနကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေ ဆွေမျိုးသားချင်းများအားလည်းကောင်း၊ နာမကျန်းဖြစ်စဉ်ကာလ၊ ရန်ကုန်ဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူစဉ် ကိုယ်တိုင်လာရောက်ကူညီအားပေး သတင်းမေးမြန်းကြသည့် ဗိုလ်မှူးရန်အောင်(ငြိမ်း)ဇနီးဒေါက်တာပပ(ဆေးရုံအုပ်ကြီး)၊ ဗဟိုအမျိုးသမီးဆေးရုံအားလည်းကောင်းနှင့် တာဝန်ကျဆရာဝန်များနှင့် ဆေးရုံဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ လှိုက်လှိုက်လှဲလှဲအထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်ဝင်း(ခ)ဒေါ်ဝင်း
## ရန်ကုန်အလှကုန်စတိုး
## မန္တလေး(ဈေးချို)
## အသက်(၆၈)နှစ်

အာရီးဒေါ်ဝင်း ၃၀-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**SHE- မိသားစု၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မာရှီးလျှင်(လားရှိုးမြို့)
## အသက်(၁၀၈)နှစ်

Mottama Holdings Co.,Ltd. ဦးရန်ဟော်+ဒေါ်ခင်ခင်ထက်တို့၏မိခင် ဒေါ်မာရှီးလျှင် အသက်(၁၀၈)နှစ်သည် ၃၁-၁၀-၂၀၁၅ရက်(စနေနေ့) နံနက် ၁ နာရီတွင် လားရှိုးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းမြင့်၊ ဦးမောင်ကျေး**
N.I.H Co.,Ltd.

## အထူးဝမ်းနည်းကြေကွဲခြင်း
### နာယက၊ ရခိုင်သဟာယအသင်း(ရန်ကုန်)
### ဒေါ်မြင့်မြင့်(ရမ်းဗြဲ၊ ကျောက်ဖြူ)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၃၇)နေ ဦးမင်းကြည်(နာယက၊ ရခိုင်သဟာယအသင်း)၏ဇနီး ဒေါ်မြင့်မြင့်(ရမ်းဗြဲ၊ ကျောက်ဖြူ)သည် ၁-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ **အမှုဆောင်အဖွဲ့၊ ရခိုင်သဟာယအသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## Andrew @ ကိုအောင်ဟိန်းမင်း (SeinorExpert)
## အသက်(၃၄) နှစ်

စိတ်သဘောထားပြည့်ဝပြီး ခင်မင်ကူညီတတ်သူ လုပ်ဖော်ကိုင်ဖက် Andrew @ ကိုအောင်ဟိန်းမင်း သည် ၂၈-၁၀-၂၀၁၅ ရက် ညနေ ၆း၃၀နာရီတွင် မမျှော်လင့်ပဲ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ ကြေကွဲဝမ်းနည်းရပါသည်။

ကိုအောင်ဟိန်းမင်း ကောင်းရာသုဂတိလားပါစေ. . .

လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမောင်နှမများ
**Sourcing Team, Finance Group, Telenor Myanmar**

# ဝမ်းနည်းကြေကွဲခြင်း

**Mottama Holdings Ltd** ၏ ဥက္ကဋ္ဌ ဦးရန်ဟော်-ဒေါ်ခင်ခင်ထက်တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်မာရှီးလျှင် (၁၀၈)နှစ်သည် ၃၁-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ကျော်စိုး(ဥက္ကဋ္ဌ)**

**System Engineering Co., Ltd နှင့် ဝန်ထမ်းများ**

Hot Line No-0930500100

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ ပထမသက်တမ်းအထိမ်းအမှတ် ငွေဒင်္ဂါးထုတ်ဝေမည်



ငွေဒင်္ဂါးပြား၏ ရှေ့ဘက်




ငွေဒင်္ဂါးပြား၏ ကျောဘက်

**နေပြည်တော်  နိုဝင်ဘာ  ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံး၍ ဖွဲ့စည်းခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်ထောင်စုအစိုးရအဖွဲ့ ပထမသက်တမ်းအထိမ်းအမှတ်အဖြစ် ငါးထောင်ကျပ်တန် ငွေဒင်္ဂါးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ဝေမည်ဖြစ်သည်။

အထိမ်းအမှတ်အတွက်ထုတ်ဝေသည့် ဒင်္ဂါးသည် ငွေစင်ငွေသား ၉၂ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် သွန်းလုပ်ထားပြီး အလေးချိန် ၂၀ ဂရမ်နှင့် အချင်း ၂၅ မီလီမီတာရှိသည်။

အထိမ်းအမှတ် ဒင်္ဂါး၏ရှေ့ဘက်တွင် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ရိုက်နှိပ်ထားပြီး အထိမ်းအမှတ် တံဆိပ်အောက်ဘက်တွင် ၅၀၀၀ ကျပ်နှင့် ထုတ်လုပ်သည့်နှစ် ၂၀၁၅ ဟု ပါရှိသည်။ ငွေဒင်္ဂါး၏ရှေ့ဘက် ပတ်လည်အပေါ်ဘက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရဟုလည်းကောင်း၊ အောက်ဘက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟုလည်းကောင်း ပါရှိသည်။

အထိမ်းအမှတ်ဒင်္ဂါး၏ကျောဘက်တွင် တော်ဝင်ဆင်ဖြူတော်ပုံ ရိုက်နှိပ်ထားပြီး ဆင်ဖြူတော်ပုံ၏ အောက်တွင် 5000 Kyats နှင့် ထုတ်လုပ်သည့် ခုနှစ် 2015 ဟု ပါရှိသည်။ ငွေဒင်္ဂါးကျောဘက်ပတ်လည်အပေါ်ဘက်တွင် THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR ဟုလည်းကောင်း၊ အောက်ဘက်တွင် CENTRAL BANK OF MYANMAR ဟုလည်းကောင်း ပါရှိသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ပထမသက်တမ်းအထိမ်းအမှတ် ငွေဒင်္ဂါးကို အကန့်အသတ်ဖြင့် သွန်းလုပ်ခြင်းဖြစ်ပြီး ဝယ်ယူလိုပါက မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းအရောင်းဆိုင်များတွင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ သိရသည်။ **(သတင်းစဉ်)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ အောက်တိုဘာလအတွင်း နိုင်ငံခြားသား ၄၆၄၈၂ ဦး ရောက်ရှိဖူးမြော်

**ရန်ကုန်  နိုဝင်ဘာ  ၄**

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ထိုင်းနိုင်ငံသား ၁၂၅၈၇ ဦး၊ ကိုရီးယား ၃၉၂၅ ဦး၊ အမေရိကန် ၂၇၂၃ ဦး၊ တရုတ် ၂၄၄၆ ဦး၊ ဂျပန် ၂၄၄၂ ဦး အပါအဝင် ပြည်ပနိုင်ငံ ၃၃ နိုင်ငံမှ နိုင်ငံခြားသား စုစုပေါင်း ၄၆၄၈၂ ဦး ရောက်ရှိဖူးမြော်ကြည်ညိုခဲ့ကြသည်။ အဆိုပါ ပြည်ပဧည့်သည်များထံမှ အမေရိကန်ဒေါ်လာ ၄၈၈ ဒေါ်လာနှင့် မြန်မာငွေကျပ် ၃၇၁၃၆၈၀၀၀ ဧည့်ဝင်ကြေးအဖြစ် အလှူခံရရှိခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ပြည်ပနိုင်ငံပေါင်း ၂၆ နိုင်ငံမှ နိုင်ငံခြားသား ၄၆၇၉၆ ဦး ရောက်ရှိဖူးမြော်ကြည်ညိုခဲ့ကြပြီး ယခုနှစ်

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

## အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဒီမိုကရေစီနိုင်ငံတော်သစ် (၅)နှစ်တာကာလ "ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ" အထူးကဏ္ဍအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

## ယနေ့ မာတိကာ

ကမ္ဘာလှည့်အပျော်စီးသင်္ဘောဆိုက်ရောက် ရန်ကုန်၊ မန္တလေး၊ ပုဂံနှင့် ပဲခူးသို့ သွားရောက်လည်ပတ်မည် — စာမျက်နှာ - ၃

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ သတိပြုရမည့် အချက်များ — စာမျက်နှာ - ၅

အိန္ဒိယဘက်ကလေးအေးနဲ့ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းကလေနွေး စုဆုံတဲ့အခါ မိုးတိမ်ဖြစ်ထွန်း — စာမျက်နှာ - ၁၀

# စီအက်စ်ကေအေအား အနိုင်ရရှိခဲ့ပြီးနောက် အုပ်စု (B)တွင် မန်ယူ ထိပ်ဆုံးမှဦးဆောင်




ငွေကြယ်

မန်ယူအသင်းသည် အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ်တွင် စီအက်စ်ကေအေအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အုပ်စု(B)တွင် ထိပ်ဆုံးမှဦးဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် မန်ယူအသင်းအတွက် အနိုင်ဂိုးကို တိုက်စစ်မှူး ရွန်းနီက ပွဲကစားချိန် ၇၉ မိနစ်တွင် ခေါင်းတိုက်သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး မန်ယူအသင်းအတွက် ၄၀၄ မိနစ်ကြာ ဂိုးပေါက်ပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

မန်ယူအသင်းသည်လက်ရှိတွင် အုပ်စု (B)၌ ထိပ်ဆုံးမှ ရပ်တည်ထားနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်လက်ကျန် ပွဲစဉ်နှစ်ပွဲ ထပ်မံကစားရဦးမည်ဖြစ်သည်။ ယင်းပွဲစဉ်နှစ်ပွဲမှာ နိုဝင်ဘာ ၂၅ ရက်တွင် အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ပီအက်စ်ဗွီအိုင့်ဟိုဗင်အသင်းကိုလည်းကောင်း၊ ဒီဇင်ဘာ ၈ ရက်တွင် ဝုဖ်ဘတ်အသင်း၏ အိမ်ကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။




themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ The Mirror

ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ

# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ

အထူးကဏ္ဍအချပ်ပို

နိုဝင်ဘာ ၅ ရက်၊ ၂၀၁၅ ခုနှစ် (ကြာသပတေးနေ့)

## တိုးတက်လာသည်နှင့်အမျှ

တစ်ဖက်က မြို့ကြီးတွေတိုးတက်လာရင် တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးစနစ်ကောင်းမွန်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးရေးတို့အပြင် ဘာသာရေး၊ လူမျိုးရေးပဋိပက္ခတွေရဲ့ အန္တရာယ်တွေလည်း ရင်ဆိုင်နေရတာကို သတိပြုရမယ်၊ တားဆီးရမှာဖြစ်ပါတယ်။

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည့် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီအစည်းအဝေး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

ပြည်ထဲရေးဝန်ကြီးဌာန

# အုပ်ချုပ်ရေးအာဏာသက်ရောက်ခြင်းဖြင့် တရားဥပဒေစိုးမိုးမှုရှိပြီး နိုင်ငံတော်တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုကို ဖြစ်ထွန်းစေ

**လုပ်ငန်းစဉ် (၆) ရပ်**

လုံခြုံရေးကိစ္စရပ်များ တိုးတက်ကောင်းမွန်ရေး၊ အုပ်ချုပ်မှုစနစ်မှန်ကန်ရေး၊ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး၊ လေ့ကျင့်မှုမပြတ်ဆောင်ရွက်ရေး၊ စိတ်ဓာတ်ကောင်းမွန်တိုးတက်မြင့်မားရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသည့် လုပ်ငန်းစဉ် (၆) ရပ်ကိုချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

၂၀၁၁ ခုနှစ်တွင် နိုင်ငံတော် ရှေ့ဆက်သွားမည့်လုပ်ငန်းစဉ်(Road Map)၏ သတ္တမအဆင့်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို စတင်၍ ပြောင်းလဲကျင့်သုံးခဲ့ရာ ဒီမိုကရေစီစံချိန်စံညွှန်းနှင့်အညီ အုပ်ချုပ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲခဲ့ရာတွင် လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိရန် ဆောင်ရွက်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ရခိုင်နှင့် မိတ္ထီလာကဲ့သို့သော အရေးအခင်းများကို ဖြေရှင်းဆောင်ရွက်ခြင်းနှင့် ကြားဖြတ်ရွေးကောက်ပွဲများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများလုံခြုံရေး၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ASEAN Summit အခမ်းအနားများနှင့် ဆက်စပ်အစည်းအဝေးများ၊ (၇)ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေး၊ (၆)ကြိမ်မြောက် ACMES ထိပ်သီးအစည်းအဝေး၊ အကြိမ် (၂၀)မြောက် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ (GMS) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ ပြည်ပနိုင်ငံတကာအကြီးအကဲ ခရီးစဉ်များနှင့် ကမ္ဘာ့အဆင့် ညီလာခံများတွင် လုံခြုံရေးအကာအကွယ် အပြည့်အဝ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကိုလည်း အပြည့်အဝဆောင်ရွက်ပေးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**အင်တာပိုလ်နှင့် ပူးပေါင်းဆောင်ရွက်**

အရေးကြီးအခမ်းအနားများတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်များအား အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့(အင်တာပိုလ်)နှင့်ပူးပေါင်း၍ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အင်တာပိုလ် I-24/7 ဆက်သွယ်ရေးစနစ်မှတစ်ဆင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာနယ်ပယ်များတွင် အပြန်အလှန် သတင်းဖလှယ်၍ မူးယစ်ဆေးဝါးနှင့် တရားမဝင်ဆေးဝါးတုများ တိုက်ဖျက်ရေးစီမံကိန်းများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ လူမှောင်ခိုရောင်းဝယ်မှု တားဆီးနှိမ်နင်းရေးစီမံချက်များ၊ နိုင်ငံဖြတ်ကျော်မှုခင်း ကိုးမျိုးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အင်တာပိုလ်စီမံကိန်းများ၊ ပြည်ပနိုင်ငံတကာအကြီးအကဲခရီးစဉ်များ၊ ဆိုက်ဘာမှုခင်းများ၊ တောရိုင်းတိရစ္ဆာန်နှင့် သစ်တောထွက်ပစ္စည်းများ တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ (Operation Cobra)နှင့် လက်နက်မှုခင်းများ တားဆီးနှိမ်နင်းရေး နယ်ပယ်များတွင် အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်ခဲ့သည်။



**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေစဉ်။**

> **၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးကိုလည်း အပြည့်အဝ ဆောင်ရွက်ပေးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။**

၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစ၍ အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်များဖြစ်သည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး လေဆိပ်နှင့် ရန်ကုန်ဆိပ်ကမ်းများ၌ INTERPOL Database MIND Device များအသုံးပြုပြီး Travel Document များကို စစ်ဆေးလျက်ရှိသည်။

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်နေသော တစ်ဖက်နိုင်ငံများမှ မှောင်ခိုမှုများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ နယ်စပ်မှုခင်းများ ကာကွယ်တားဆီးရေးနှင့် တရားဥပဒေ စိုးမိုးရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဆက်ဆံရေးရုံး (Border Liaison Offices - BLOs) များကို မြန်မာ-တရုတ် နယ်စပ်တွင် လေးရုံး၊ မြန်မာ-ထိုင်းနယ်စပ်တွင် သုံးရုံးနှင့် မြန်မာ-လာအိုနယ်စပ်တွင် နှစ်ရုံး စုစုပေါင်း BLOs ကိုးရုံးကို ထူထောင်ဖွင့်လှစ်နိုင်ခဲ့သည်။

**Country Programme(2014-2017)**

UNODC နှင့်ပူးပေါင်း၍ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၁၃၃၉ သန်း တန်ဖိုးရှိ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေး လေးနှစ်စီမံကိန်း Country Programme (2014 - 2017)ကို ရေးဆွဲပြီး နိုင်ငံဖြတ်ကျော်မှုခင်းနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတိုက်ဖျက်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ပြစ်မှုဆိုင်ရာ တရားစီရင်ရေး၊ မူးယစ်ဆေးဝါးနှင့် ကျန်းမာရေး၊ ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးဟူသည့် လုပ်ငန်းနယ်ပယ် ငါးရပ်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၅ ခုနှစ်မှစတင်၍ DNA ကို လျင်မြန်စွာ စမ်းသပ်စစ်ဆေးနိုင်သည့် Rapid HIT (Human Identification Test) စက်ပစ္စည်းများအား တပ်ဆင်အသုံးပြုခဲ့ပြီး မှုခင်းများ စတင်စစ်ဆေးဖော်ထုတ်ခဲ့သည်။

တုပမှုမျိုးစုံနှင့်မမြင်ရသည့် လျှို့ဝှက်စာများ ဖော်ထုတ်စစ်ဆေးနိုင်သည့် DOCU-CENTER NIRVIS စက်များကိုလည်း တပ်ဆင်အသုံးပြု၍ မှုခင်းများစစ်ဆေးလျက်ရှိသည်။

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံတို့နှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ သတင်းဖလှယ်ရေးနားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အမေရိကန်နိုင်ငံ အခွန်ဝန်ကြီးဌာန၊ နည်းပညာအကူအညီပေးရေးရုံး၊ စီးပွားရေးမှုခင်းများအဖွဲ့(ECT)နှင့် သတ်မှတ်တာဝန်နှင့်လုပ်ပိုင်ခွင့်စာလွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

**စာမျက်နှာ ၃ သို့ »»**

# အိမ်ပြန်ချိန်တိုင် လွမ်းတသသဖြစ်ရသည့် ရွှေနိုင်ငံ၏ ခရီးသွားလုပ်ငန်း

သတင်းဆောင်းပါး
ဇော်ကြီး(ပဂိုတ)
ဓာတ်ပုံ-ဖေဇော်

"လွန်ခဲ့တဲ့ရှစ်နှစ်လောက်ကလည်း မြန်မာနိုင်ငံကို တစ်ခေါက်ရောက်ခဲ့တယ်။ အရင်နဲ့ မတူတော့ဘူး။ တော်တော်တိုးတက်ပြောင်းလဲသွားတယ်။ အခုဆိုရင် မြန်မာနိုင်ငံဟာ ပြုပြင်ပြောင်းလဲမှုနဲ့အတူ ကမ္ဘာက အထူးစိတ်ဝင်စားတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်ကို ရောက်နေပါပြီ"ဟု ဂျာမနီနိုင်ငံသား ကမ္ဘာလှည့်ခရီးသွား ဖိလစ်က ပြောသည်။

ဖိလစ်တစ်ယောက် သူ၏ မိတ်ဆွေ ကမ္ဘာလှည့်ခရီးသွားများနှင့်အတူ ရန်ကုန်မြို့တော်ခန်းမနှင့်အနီးဝန်းကျင်တွင် မှတ်တမ်းဓာတ်ပုံရိုက်နေကြသည့်ဟန်မှာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကာလတွင် မြို့ပြအမွေအနှစ်ထိန်းသိမ်းမှုနှင့် ခေတ်မီတိုးတက်ဖွံ့ဖြိုးလာမှုအပေါ် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်တစားဖြစ်လာမှုကို ပေါ်လွင်နေသည်။



ရန်ကုန်မြို့အတွင်းရှိ ရှေးဟောင်းအဆောက်အအုံများကို လေ့လာနေသော ကမ္ဘာလှည့်ခရီးသွားတချို့ကို တွေ့ရစဉ်။

မြန်မာနိုင်ငံသည် အစိုးရသစ်တက်လာခဲ့သည့် ၂၀၁၀ ခုနှစ်နောက်ပိုင်းမှစ၍ ကမ္ဘာလှည့်ခရီးသွားများ၏ အထူးစိတ်ဝင်တစားလာရောက်လေ့လာသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာခဲ့သည်။ ဒီမိုကရေစီစနစ်ပြောင်းလဲကျင့်သုံးလာခဲ့သည့်နောက် ကမ္ဘာလှည့်ခရီးသွားဧည့်သည် ဝင်ရောက်မှုနှုန်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် ဝင်ရောက်လာခဲ့ရာ ဂျာမနီနိုင်ငံသားဖိလစ်လည်းတစ်ဦး အပါအဝင်ဖြစ်သည်။

"အရင်တစ်ခေါက်လာတုန်းက ကယားပြည်နယ်ဘက်ကို သွားရောက်လေ့လာလို့ မရခဲ့ဘူး။ အခုတော့ အဲဒီဒေသတွေကို သွားရောက်လေ့လာခဲ့ရတယ်။ ကမ္ဘာလှည့်ခရီးသွားတွေအတွက်လည်း လုံခြုံရေးရဲတပ်ဖွဲ့တွေလည်းရှိလာတော့ ပိုပြီးလုံခြုံမှုရှိသလို ခံစားရတယ်။ ဒီတစ်ခေါက်တော့ လွိုင်ကော်ဘက်သွားပြီး ပဒေါင်လူမျိုးတွေရဲ့ ယဉ်ကျေးမှုနဲ့ လူမှုဘဝတွေကို သွားရောက်လေ့လာခွင့်ရခဲ့တာဟာ အတွေ့အကြုံသစ်တစ်ခုပါပဲ။ ဒီနိုင်ငံက တချို့နိုင်ငံတွေထက်ကျယ်ပြီး လေ့လာစရာတွေများတယ်။ ရက်အနည်းငယ်နေရုံနဲ့တော့ လုံလောက်မှာ မဟုတ်ပါဘူး"ဟု ဖိလစ်က သူ၏ သွားရောက်လေ့လာခဲ့မှုနှင့် အမြင်ကိုပြောသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကာလနှင့်အတူ ယဉ်ကျေးမှုအနုပညာများ၊ ရိုးရာဓလေ့ထုံးစံများ၊ သဘာဝအလှအပ ရှုခင်းများနှင့် လက်မှုပညာရပ်များကို လေ့လာသိရှိလိုကြ၍ ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော်လည်းကောင်း လေကြောင်းခရီးစဉ်ဖြင့် လာရောက်ကြသကဲ့သို့ မော်တော်ယာဉ်တန်း၊ ဆိုင်ကယ်ယာဉ်တန်း၊ စက်ဘီးယာဉ်တန်း ခရီးစဉ်တို့ဖြင့် နယ်စပ်ဝင်ပေါက်များမှလည်း စဉ်ဆက်မပြတ် ပိုမိုလာရောက်လည်ပတ်လျက်ရှိသည်။

ထိုသို့ လာရောက်လည်ပတ်သူများကို လုံခြုံမှုပေးနိုင်ရန်အတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် မြို့နယ် ငါးမြို့နယ်၌ အခြေပြု၍ အဖွဲ့ငါးဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။ ယခုအခါ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အများဆုံးသွားရောက်လည်ပတ်လေ့ရှိသည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ကျိုက်ထီးရိုး၊ ငပလီ၊ ပုဂံအပါအဝင် နယ်မြေဒေသ ၂၄ ခုတွင် တပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ်များ ဖွဲ့စည်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော ပြည်ပခရီးသွားဧည့်သည်များကို တွေ့ရစဉ်။

**မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနှင့်အတူ ကမ္ဘာလှည့်ခရီးသွားဧည့်သည် ဝင်ရောက်မှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့သဖြင့် ဟိုတယ်များ၊ စားသောက်ဆိုင်များ ပိုမိုတည်ဆောက်ဖွင့်လှစ်လာနိုင်ခဲ့ပြီး ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ဒေသခံပြည်သူတို့၏ စီးပွားရေး အလုပ်အကိုင်အခွင့်အလမ်းများလည်း များစွာပေါ်ပေါက်လာခဲ့သည်။**

"ကမ္ဘာလှည့်ခရီးသွားတွေရဲ့လုံခြုံမှုရှိဖို့ သက်ဆိုင်ရာဌာနတွေအပြင် ခရီးသွားလုပ်ငန်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနေတာပါ။ အကြောင်းအရာ တစ်စုံတစ်ခုကြောင့် မှုခင်းကိစ္စမျိုးဖြစ်လာရင်တော့ သက်ဆိုင်ရာသံရုံးနဲ့ ချိတ်ဆက်ပြီး ကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူး(ရန်ကုန်) ဒုရဲမှူးသန်းမြင့်ဇော်က ဆိုသည်။

ထို့အပြင် ကမ္ဘာလှည့်ခရီးသွားများ လွယ်ကူစွာ လာရောက်လေ့လာနိုင်ရန်အတွက် အစိုးရသစ်လက်ထက်တွင် မူဝါဒများချမှတ်၍ ဆောင်ရွက်ခဲ့ရာ ပြည်ဝင်ဗီဇာစနစ်အရ နိုင်ငံတွင်းသို့ ဝင်ထွက်ရန် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ်နှင့် နယ်စပ်ဝင်၊ ထွက်ပေါက်များမှတစ်ဆင့် ဗီဇာခြောက်မျိုးဖြင့် ဝင်၊ ထွက်ခွင့်ပြုခဲ့သည်။

အစိုးရသစ်လက်ထက်တွင် ကမ္ဘာ့လှည့်ခရီးသည် ဝင်ရောက်မှုနှုန်းမှာ ၂၀၁၁ ခုနှစ်တွင် ၈ ဒသမ ၁၈ သိန်း၊ ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၅ သန်း၊ ၂၀၁၃ ခုနှစ်တွင် စံချိန်တင် သမိုင်းဝင်အဖြစ် နိုင်ငံတကာခရီးသွား ၂ ဒသမ ၀၄ သန်းအထိ ဝင်ရောက်မှုရှိခဲ့ပြီး တိုးတက်မှု ၉၃ ဒသမ ၀၄ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ထို့အပြင် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၈ သန်း ဝင်ရောက်ခဲ့ပြီး ယခုနှစ်အတွင်း ငါးသန်းကျော် ဝင်ရောက်နိုင်ရန် မျှော်မှန်းထားရာ စက်တင်ဘာလအထိ ၃ ဒသမ ၇ သန်း ကျော် ဝင်ရောက်ခဲ့သည်။

ခရီးသွားလုပ်ငန်းများ တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အရည်အချင်းပြည့်မီသည့် ဧည့်လမ်းညွှန်များ အလုံအလောက်ရရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဧည့်လမ်းညွှန်(အခြေခံ) သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။ အဆိုပါသင်တန်းကို ၁၉၉၂ ခုနှစ်မှစတင်၍ ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ စုစုပေါင်း ၈၅၇၅ ဦးအထိ မွေးထုတ်ပေးနိုင်ခဲ့သည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်လည်း ဒေသဆိုင်ရာ ဧည့်လမ်းညွှန် ၁၆၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားဧည်သည်များ ဝင်ရောက်မှုများပြားလာမှုနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့်လည်း ခရီးသွားလုပ်ငန်းရေရှည်ခိုင်မြဲရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန်အတွက် မဟာဗျူဟာများ၊ လုပ်ငန်းစီမံကိန်းများကို မူဝါဒများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးတွင် ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ဟိုတယ်အလုံးပေါင်း ၁၂၃၅ လုံး၊ အခန်းပေါင်း ၄၈၄၂၅ ခန်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအတွက် လုံလောက်မှုရှိစေရန် ကြိုတင်စီစဉ်ပေးနိုင်ခဲ့သည်။

ထို့အတူ ခရီးလှည့်လည်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၁ ခုနှစ်မတိုင်မီက ၆၈၇ ခုသာရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ခရီးလှည့်လည်ရေးလုပ်ငန်းကုမ္ပဏီ ၁၈၇၄ အထိ တိုးတက်များပြားလာခဲ့သည်။

မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနှင့်အတူ ကမ္ဘာလှည့်ခရီးသွားဧည့်သည် ဝင်ရောက်မှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့သဖြင့် ဟိုတယ်များ၊ စားသောက်ဆိုင်များ ပိုမိုတည်ဆောက်ဖွင့်လှစ်လာနိုင်ခဲ့ပြီး ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဒေသခံပြည်သူတို့၏ စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းများလည်း များစွာပေါ်ပေါက်လာခဲ့သည်။

"အခုနှစ်ပိုင်းမှာ လည်ပတ်စရာနေရာသစ်တွေ ပိုများလာတော့ ခရီးသွားလုပ်ငန်း ပိုကောင်းလာတယ်။ တချို့နေရာတွေကတော့ ကန့်သတ်ချက်နဲ့ ဝင်ရတဲ့နေရာတွေ ရှိနေသေးတယ်။ ဒါပေမယ့် တော်တော်အဆင်ပြေပါတယ်။ ငွေပေးချေမှု အပိုင်းမှာလည်း Credit card နဲ့ ပေးချေဝန်ဆောင်မှုစနစ်ရှိလာတဲ့အတွက် ပိုအဆင်ပြေတယ်။ တည်းခိုမှုအတွက် ဟိုတယ်စရိတ်ကြီးမြင့်တာကတော့ အခက်အခဲတစ်ခုပါပဲ"ဟု Good Life Myanmar ခရီးသွားလုပ်ငန်းမှ ကိုကောင်းမြတ်ဦးက သူ၏ အတွေ့အကြုံကို ပြောသည်။

ထို့အတူ အီတာလျံဧည့်လမ်းညွှန် အော်စကာက ယခုအခါတွင် ကမ္ဘာလှည့်ခရီးသွားများအတွက် လည်ပတ်စရာများ ပိုမိုများပြားလာသည့်အပြင် မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်း ပိုမိုရှင်းပြနေရသည်ဟု ဆိုသည်။

မြန်မာသို့လာရောက်ကြသည့် ကမ္ဘာ့ခရီးသွားအများစုသည် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝရာ ပုဂံ၊ အင်းလေး၊ မန္တလေး၊ ရန်ကုန်တို့ကို အဓိကထားပြီး လေ့လာလေ့ရှိကြသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးစံများကိုလည်း စိတ်ဝင်တစားသွားရောက်လေ့လာကြသည်။

ရန်ကုန်မြို့ပြအမွေအနှစ်များကို မှတ်တမ်းတင်ရန် ကင်မရာတစ်လုံးဖြင့် အလုပ်များနေသည့် ဖိလစ်က "အခု ကျွန်တော်လေ့လာမိသလောက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့ နိုင်ငံရေးဖြေလျှော့မှုတွေ၊ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းမှုနဲ့ မြို့ပြရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတွေက အရင်နဲ့မတူ တိုးတက်ပြောင်းလဲသွားပါပြီ။ ဒီနိုင်ငံကနေ ပြန်သွားရင် အရင်တုန်းနဲ့မတူတော့ဘူးဆိုတဲ့အကြောင်းကို ကျိန်းသေ ပြန်လည်ပြောပြဖြစ်မှာပါ"ဟု ဆိုသည့် စကားကလည်း မျက်မှောက် မြန်မာ့ခရီးသွားလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ထပ်လောင်း ထင်ဟပ်ပေါ်လွင်စေပါတော့သည်။ ။

»»» အထူးထုတ် အချပ်ပို စာမျက်နှာ ၁ မှ

**လူကုန်ကူးမှု တားဆီးနှိမ်နင်း**

မြန်မာနိုင်ငံတွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့(ATU)ကို ၂၀၀၄ ခုနှစ် ဇွန်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့(ATTF) ၂၂ ဖွဲ့ကို ဖွဲ့စည်း၍ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လူကုန်ကူးမှုအစီရင်ခံစာတွင် ၂၀၁၁ ခုနှစ်တွင် TIER-3 အဆင့် သတ်မှတ်၍ အရေးယူပိတ်ဆို့ခံခဲ့ရရာမှ ၂၀၁၂ ခုနှစ်မှစတင်၍ TIER-2 (စောင့်ကြည့်) အဆင့်သို့ သုံးနှစ်ဆက်တိုက်တိုးတက်ရောက်ရှိလာခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံရေပြင်တွင် ရောက်ရှိနေသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းရေလုပ်သား ၅၃၅ ဦးအား ကယ်တင်နိုင်ခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ပြန်လည်ထူထောင်ရေးရန်ပုံငွေကျပ် တစ်သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့သည်။

ရခိုင်ပြည်နယ် ဘင်္ဂလားပင်လယ်အတွင်း တွေ့ရှိခဲ့သည့် လှေစီးရွှေ့ပြောင်းသွားလာသူ ၂၀၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပင်လယ်ပြင်အတွင်းတွေ့ရှိခဲ့သည့် လှေစီးရွှေ့ပြောင်းသွားလာသူ ၇၃၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း တွေ့ရှိခဲ့သည့် လှေစီးရွှေ့ပြောင်းသွားလာသူ ၁၀၇ ဦးတို့အနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၈၅၃ ဦးတို့အား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

**ယူရို ၁၀ သန်းတန်ဖိုးရှိ Pilot Project**

ဥရောပသမဂ္ဂ(EU)နှင့်ပူးပေါင်း၍ ယူရို ၁၀ သန်းတန်ဖိုးရှိ (Pilot Project)တစ်ခုကို ရေးဆွဲပြီး လူစုလူဝေးများအား စနစ်တကျ စီမံခန့်ခွဲခြင်း အတတ်ပညာ(Crowd Management)၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် (Community Policing)၊ ရဲတပ်ဖွဲ့၏ အနာဂတ်မျှော်မှန်းချက်၊ မူဝါဒ၊ ရဲလက်စွဲများနှင့် ကျင့်ထုံးများဆိုင်ရာ ရဲလုပ်ငန်းစနစ်များ (Police Vision၊ Doctrine၊ Legal Framework Governance)၊ ရဲတပ်ဖွဲ့နှင့် လူထုအဖွဲ့အစည်းများအကြား မီဒီယာဖြင့်ပွင့်လင်းမြင်သာစွာ ဆက်ဆံခြင်း (Media and Civil Societies၊ Public Press Information) ဟူသည့် ကဏ္ဍလေးရပ်ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား လေ့ကျင့်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုင်းနိုင်ငံသံရုံးနှင့် မလေးရှားနိုင်ငံ သံရုံးတို့မှ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ်တို့တွင် သတင်းရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းအဖွဲ့ဖြင့် နိုင်ငံကူးလက်မှတ်များ ထုတ်ပေးလျက်ရှိပြီး ထိုင်းနိုင်ငံတွင် ၁၂၀၂၆ ဦး၊ မလေးရှားနိုင်ငံတွင် ၃၇၀၉ ဦးအား မြန်မာနိုင်ငံကူးလက်မှတ်စာအုပ် ထုတ်ပေးခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးကို ရန်ကုန်မြို့၌သာ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ရာမှ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များတွင် ရုံးခွဲ ၁၅ ရုံးအား ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

**ဘိန်းထုတ်လုပ်မှု ၂၃ ရာခိုင်နှုန်းလျော့ချ**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ဘိန်းစိုက်ဧရိယာဟက်တာ ၂၂၀ လျှော့ချနိုင်ခဲ့သဖြင့် ထုတ်လုပ်မှုတွင်လည်း ဘိန်းတန်ချိန် တန် ၈၇၀ မှ တန် ၆၇၀ ထိ ၂၃ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့၍ စိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုကို ၂၀၁၄ ခုနှစ်တွင်



၁၁-၇-၂၀၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃)ရှိ YES အထည်ချုပ်စက်ရုံ မီးလောင်မှုအား ငြိမ်းသတ်နေစဉ်။

ထိန်းချုပ်နိုင်ခဲ့သည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး မြေသိမ်းမှုပြဿနာများကို လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။

ကော်မတီက သိမ်းဆည်းမြေများမှ စွန့်လွှတ်ပြီး ၃၆၃၈၂၁ ဒသမ ၇၃၄ ဧက၊ လွှဲပြောင်းပြီး ၃၅၇၇၃၆ ဒသမ ၅၂၀ ဧကအနက် စိုက်ပျိုးမြေများကို သက်ဆိုင်ရာ တောင်သူများလက်ဝယ်သို့ ပြန်လည်ရရှိစေခြင်းနှင့် အခြားမြေများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံ လွှဲပြောင်းပေးအပ်ခြင်းတို့ကို စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာကွန်ဗင်းရှင်း(UNCAC)တွင် မြန်မာနိုင်ငံအား အဖွဲ့ဝင်အဖြစ် ၁၉-၁-၂၀၁၃ ရက်နေ့မှစ၍ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

ပြည်သူများက ၎င်းတို့၏နစ်နာမှုများကို ပေးပို့တိုင်ကြားလာသည့် တိုင်ကြားစာများနှင့်ပတ်သက်၍ ၁-၄-၂၀၁၁ ရက်မှ ၁၀-၁၀-၂၀၁၅ ရက်အထိ တိုင်ကြားစာ ၄၀၀၀၀ ကျော် လက်ခံရရှိခဲ့ပြီး ပဏာမစိစစ်ချက်အရ ၅၁၉၆ စောင်ကို စိစစ်အရေးယူဆောင်ရွက်နိုင်ခဲ့သည်။




လုံခြုံရေးကိစ္စရပ်များတွင် အသုံးပြုသည့် Command Car ကိုတွေ့ရစဉ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှလည်း အမှု ၁၂၂၀ မှု စစ်ဆေးခဲ့ပြီး စုံစမ်းမှုများမှ သိမ်းဆည်းရမိငွေများနှင့် ပစ္စည်းတန်ဖိုးငွေကျပ် သိန်းပေါင်း လေးသောင်း သုံးထောင်ကျော်ကို တရားစွဲတင်ခဲ့ရာ အသားတင်ပြည်သူ့ဘဏ္ဍာငွေကျပ် နှစ်သောင်း တစ်ထောင်ကျော် ရရှိစေခဲ့သည်။

**အကျဉ်းဦးစီးဌာန**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) အဖွဲ့သည် အကျဉ်းထောင်/စခန်း ၄၁ ခုတွင် ရေရရှိရေးနှင့် မိလ္လာစနစ်ကောင်းမွန်ရေးတို့အတွက် ငွေကျပ် ၂၂၈၆ ဒသမ ၅ သန်းတန်ဖိုးရှိ လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ယင်းအဖွဲ့သည် အကျဉ်းထောင်/စခန်း ၆၉ ခုသို့ ၈၅ ကြိမ် ဝင်ရောက်လေ့လာခဲ့သည်။

အကျဉ်းထောင်/စခန်းများအတွင်းရှိ အကျဉ်းသား ၂၂၀၆၅ ဦး၊ အကျဉ်းသူ ၁၀၃၃၀ စုစုပေါင်း ၃၂၃၉၅ ဦးတို့အား လက်သမား၊ ပန်းရန်၊ စက်ချုပ် စသည့် သက်မွေးမှုပညာရပ်အမျိုး ၃၀ နှင့် ကွန်ပျူတာစာစီစာရိုက်၊ အင်္ဂလိပ်စကားပြော၊ တရုတ်စကားပြော၊ အူရဒူစကားပြောသင်တန်းများကို သင်ကြားပေးနိုင်ခဲ့သည့်အပြင် အကျဉ်းသား ၅၃၁ ဦး၊ အကျဉ်းသူ ၄၁ ဦး စုစုပေါင်း ၅၇၂ ဦးတို့အား အတန်းပညာသင်ကြားပေးနိုင်ခဲ့သည်။

အင်းစိန်ဗဟိုအကျဉ်းထောင်၌ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အကျဉ်းသားနှစ်ဦး၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အကျဉ်းသား ခုနစ်ဦးတို့အား တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သည်အထိ သင်ကြားပေးနိုင်ခဲ့သည်။

အကျဉ်းထောင်/စခန်းများတွင် လစဉ်တရားစခန်းများ ဖွင့်လှစ်ပေးလျက်ရှိပြီး အခြားဘာသာဝင်များကိုလည်း မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာအလိုက် လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားသည်။

လက်ရှိအစိုးရလက်ထက်တွင် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များ ခွင့်ပြုပေးခဲ့ရာ လွတ်ငြိမ်းချမ်းသာခွင့် (၅)ကြိမ်တွင် နိုင်ငံသား/နိုင်ငံခြားသား အကျဉ်းသား ၃၄၀၈၀၊ အကျဉ်းသူ ၅၈၄၂ ဦး ပေါင်း ၃၉၉၂၂ ဦး၊ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁(၁) အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ၅၄ ကြိမ်တွင် အကျဉ်းသား ၁၂၄၃၇ ဦး၊ အကျဉ်းသူ ၁၁၇၉ ဦး ပေါင်း ၁၃၆၁၆ ဦး စုစုပေါင်း ငါးသောင်းသုံးထောင်ကျော်အား လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များပေးနိုင်ခဲ့သည်။

**မီးသတ်ဦးစီးဌာန**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်နှင့် မတော်တဆဖြစ်စဉ်များ ဖြစ်ပွားလာပါက လျင်မြန်စွာသိရှိပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် ရန်ကုန်မြို့တွင် Command & Control Center ထူထောင်ထားရှိပြီး မီးလောင်ပြင်ကွပ်ကဲမှုစနစ် (Fire Services Operation Management System-FSOMS)၊ မီးသတ်ယာဉ်ထွက်ခွာရာလမ်းကြောင်းပြစနစ် (Vehicle Tracking System)၊ မီးလောင်ပြင်တိုက်ရိုက်ကြည့်ရှုကွပ်ကဲမှုစနစ် (IP Camera System)၊ စောင့်ကြည့်မျှော်စင်စနစ် (e-Watching Tower System)တို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့မှု ၂၀၄၉ ကြိမ်၊ မတော်တဆဖြစ်ပွားမှု ၁၈၅ ကြိမ် စုစုပေါင်း ၂၂၃၄ ကြိမ် ဖြစ်ပွားခဲ့ရာ ပျက်စီးခဲ့သည့် လူနေအိမ်ခြေ ၇၁၉၄၅ လုံး၊ သေဆုံးသူ ၁၁၃၅ ဦး၊ ဒဏ်ရာရရှိသူ ၅၂၇၈ ဦး၊ ဘေးသင့်ပြည်သူ ၃၄၄၆၃၆ ဦးရှိခဲ့သဖြင့် အဆိုပါဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့မှ ဩဂုတ်လအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခြင်းကြောင့် ဖွဲ့စည်းထားရှိပြီးသော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များကိုလည်း တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များတွင် အင်အား ၁၁၆ ဦးစီ ပါဝင်သော တပ်ခွဲ တစ်ခွဲစီ၊ မြို့နယ်များတွင် အင်အား ၃၅ ဦးစီပါဝင်သော တပ်စုတစ်စုစီဖြင့် တပ်ခွဲ ၁၇ ခွဲ၊ တပ်စု ၃၃၀၊ အင်အား ၁၃၆၂၇ ဦးဖြင့် စုဖွဲ့ဆောင်ရွက်လျက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာနသည် အုပ်ချုပ်ရေးအာဏာ သက်ရောက်ခြင်းဖြင့် တရားဥပဒေစိုးမိုးမှုကိုရရှိစေပြီး နိုင်ငံတော်တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုတို့ကို ဖြစ်ထွန်းစေရေးဆိုသည့် အမျိုးသားလုံခြုံရေးမူဝါဒတစ်ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူဖြည့်တင်းထားသည့် အမြန်မီးသတ်ရေယာဉ်များကို တွေ့ရစဉ်။

# အာဆီယံစွမ်းအင်ဆိုင်ရာ ပထမဆု နှစ်ဆု ထပ်မံရရှိအောင် နိုင်ငံအကျိုးပြုစွမ်းဆောင်




**၂၀၁၅ ခုနှစ်အတွက် ASEAN Energy Award (Local Grid) ရရှိခဲ့သော နန်ကသူ ရေအားလျှပ်စစ်စက်ရုံကို တွေ့ရစဉ်။**

စံထွန်းသိန်း

၂၀၁၅ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနသည် မြန်မာနိုင်ငံကိုယ်စားပြုပြီး ASEAN Best Practices for Renewable Energy Project Award ခေါင်းစဉ်ကြီးအောက်မှ On-grid Power Category (Local Grid) တွင် ဧရာဝတီတိုင်းဒေသကြီး နန်ကသူရေလှောင်တမံရှိ Mini Hydropower Plant (600-KW) ဖြင့် ကျေးရွာလျှပ်စစ်မီးရရှိဖော်ဆောင်မှု(Rural Electrification with Mini Hydropower Project)ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ Winner Prizer (ပထမဆု)ကို လည်းကောင်း၊ Off-grid Power (Category)တွင် ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အိုးဘိုကုန်းကျေးရွာ (6-KW)Solar Home System Project ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ Winner Prize (ပထမဆု)ကို လည်းကောင်း ရရှိခဲ့ပါသည်။

၂၀၁၅ ခုနှစ်တွင် (ACE) မှ ကျင်းပသော (ASEAN Energy Award 2015) ပြိုင်ပွဲ၌ ASEAN Best Practices Award for Energy Efficient Buildings၊ ASEAN Best Practices Award for Energy Management in Building and Industries၊ ASEAN Green Building Awards၊ ASEAN Best Practices for Renewable Energy Project Awards၊ ASEAN Coal Awards၊ ASEAN Individual Excellence in Energy Management ခေါင်းစဉ်များပါ ရည်ရွယ်ချက်များဖြင့် အာဆီယံနိုင်ငံများကို ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်ပါသည်။

2015 ASEAN Energy Forum နှင့် Awarding Ceremony ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Mandarin Oriental Hotel ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြု ASEAN Energy Awards, 2015 Winner Prize ပထမဆု နှစ်ဆုအတွက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး(စက်မှု) ဦးဝင်းထွဋ်နှင့် ဦးစီးအရာရှိ (စက်မှု) ဦးစံထွဋ်သိန်းတို့က GALA Dinner of the 33rd AMEN and ASEAN Energy Awards, 2015 ဆုပေးပွဲနှင့် ညစာစားပွဲသို့ တက်ရောက်၍ ဆုများလက်ခံရယူခဲ့ပါသည်။

ယခုကဲ့သို့ ASEAN Energy Award 2015 (Winner Prize) ပထမဆု နှစ်ဆုအား မြန်မာနိုင်ငံကိုယ်စားပြု ဆည်မြောင်းဦးစီးဌာနက အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်းကာ ယှဉ်ပြိုင်ရယူနိုင်ခဲ့ခြင်းကြောင့် အမိနိုင်ငံအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

၂၀၁၅ ခုနှစ်အတွက် ASEAN Energy Award (Local Grid) ရရှိခဲ့သော နန်ကသူ ရေအားလျှပ်စစ်စက်ရုံ(600-KW)ကို ၂၀၁၁ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများကိုယ်တိုင် စူးစမ်းတိုင်းတာ ဒီဇိုင်းတွက်ချက်ရေးဆွဲ၍ ရေထုတ်ပြွန်မှတစ်ဆင့် Penstock ဖြင့် သွယ်တန်းပြီး ရေအားလျှပ်စစ်စက်ရုံအား စတင်တည်ဆောက်ခဲ့ရာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ပြီးစီးခဲ့ပါသည်။

တပ်ဆင်ခဲ့သော တာဘိုင်အမျိုးအစားမှာ (200-KW) S-shape Tubular Turbine အမျိုးအစား သုံးစုံဖြစ်ပြီး နှစ်စဉ်ကီလိုဝပ်နာရီပေါင်း ၁၆၀၀၀၀၀ ထုတ်လွှတ်ပေးကာ အနီးရှိ ကျေးရွာ ငါးရွာဖြစ်သည့် (ကညွတ်ကွင်းကျေးရွာ၊ ရှားတောကျေးရွာ၊ ဝါဘိုကျေးရွာ၊ သရက်အုပ်ကျေးရွာ၊ လှည်းမှောက်ကျေးရွာ) စုစုပေါင်းအိမ်ခြေ ၅၀၀ ခန့်ကို (11-KV Local Grid) ဖြင့်သွယ်တန်း၍ ပထမဦးစွာ ကညွတ်ကွင်းကျေးရွာ (အိမ်ခြေ-၂၁၅)ခန့်မှာ လျှပ်စစ်မီးများရရှိနေပြီ ဖြစ်ပါသည်။

ယခုအခါတွင် ကညွတ်ကွင်းကျေးရွာတွင် ယခင်က ဖယောင်းတိုင်၊ ဒီဇယ်ဆီမီးနှင့် ထင်းမီးများအသုံးပြုနေခြင်းမှ အိမ်တိုင်းတွင် လျှပ်စစ်မီးသီး၊ မီးချောင်းများဖြင့် ထိန်ထိန်လင်းနေပြီး မီးဖိုချောင်များတွင်လည်း လျှပ်စစ်ထမင်းပေါင်းအိုး၊ ဟင်းချက်အိုး၊ ရေနွေးအိုးများ အသုံးပြုနေပါသဖြင့် လူနေမှုဘဝတိုးတက်မြင့်မားလျက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်တွင် ASEAN Energy Award (off-grid) ရရှိခဲ့သော (6-KW) Solar Home System စက်ရုံမှာ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တောင်ညိုဆည်အနီးရှိ အိုးဘိုကုန်းကျေးရွာ၌ ၂၀၁၃ ခုနှစ်တွင် တပ်ဆင်တည်ဆောက်ခဲ့ပြီး ယခုအခါ ကျေးရွာအိမ်ခြေ ၁၀၀ ခန့်ကို အိမ်မီး၊ လမ်းမီးများ ထွန်းလင်းစေသည့်အပြင် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းတို့တွင် တီဗွီ၊ ဒီဗွီဒီနှင့် အသေးစားရေခဲသေတ္တာများ အသုံးပြုလျက်ရှိသဖြင့် လူနေမှုအဆင့်အတန်း တိုးတက်ဖွံ့ဖြိုးနေသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါသည်။

ဆည်ရေမှ လျှပ်စစ်မီးထုတ်ယူရရှိခြင်းဖြင့် ကျေးရွာများတွင် တီဗွီ၊ ဒီဗွီဒီ၊ ဂြိုဟ်တုစလောင်းများ ကြည့်ရှုနိုင်ခြင်း၊ ဖုန်းနှင့် ကွန်ပျူတာ အင်တာနက်များအသုံးပြုနိုင်ခြင်း၊ အသေးစားစက်မှုလုပ်ငန်းများ ထူထောင်ပေးနိုင်ခြင်းတို့ကြောင့် ယခုအခါ ကျေးရွာနေပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေသည်။

ထို့ပြင် ခေတ်နှင့်အညီ ကမ္ဘာကြီး၌ ပြောင်းလဲဖြစ်ပေါ်နေသော သတင်းအချက်အလက်နှင့် စီးပွားရေး၊ လူမှုရေးကိစ္စများကို အချိန်နှင့်တစ်ပြေးညီ သိရှိစေနိုင်သောကြောင့် အသိညဏ်ဗဟုသုတများ ဖွံ့ဖြိုးလာပြီး ဝင်ငွေတိုးပွား၍ လူနေမှုဘဝမြင့်မားတိုးတက်ရေးကို အကျိုးဖြစ်ထွန်းစေပါသည်။ ၎င်းကျေးရွာများကို သုံးသပ်ခြင်းဖြင့် ကမ္ဘာကြီးသည် ရွာကြီးသဖွယ် ဖြစ်လာနေပြီဖြစ်ကြောင်း သက်သေထူလျက်ရှိပါသည်။

ကမ္ဘာပေါ်တွင် နည်းပညာများ ခေတ်မီဖွံ့ဖြိုးလာသည်နှင့်အညီ စွမ်းအင်သုံးစွဲမှု အခန်းကဏ္ဍမှာ လိုအပ်ချက်မြင့်မားလျက်ရှိပါသည်။

နောင်အနာဂတ်တွင်လည်း ကမ္ဘာကြီးပူနွေးလာမှုနှင့်အညီ ရာသီဉတုပြောင်းလဲမှုများကြောင့် လောင်စာဆီခမ်းခြောက်မှု ပြဿနာများ ဖြစ်ပေါ်လျက်ရှိရာ ကမ္ဘာ့နိုင်ငံ အသီးသီးမှ ပညာရှင်များသည် စွမ်းအင်သုံးစွဲရာတွင် လောင်စာဆီချွေတာသုံးစွဲနိုင်ရေးနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်လျှော့ချရေးတို့ကို ရည်ရွယ်ဖော်ဆောင်နိုင်ရန် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ လောင်စာဆီသုံးစွဲမှုကို အစားထိုးနိုင်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်(Renewable Energy) အခန်းကဏ္ဍ တွင်ကျယ်စွာသုံးစွဲမှု ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခေတ်မီနည်းပညာများဖော်ထုတ်၍ စမ်းသပ်တီထွင် အကျိုးပြုဆောင်ရွက်လျက်ရှိကြပါသည်။

အရှေ့တောင်အာရှ(အာဆီယံ)နိုင်ငံများ၌လည်း စွမ်းအင်သုံးစွဲမှုကဏ္ဍ ချွေတာသုံးစွဲနိုင်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်(Renewable Energy) သုံးစွဲမှုတိုးတက်ထွန်းကားလာစေရေးတို့ကို ရည်ရွယ်ကာ ဒေသတွင်းနိုင်ငံအချင်းချင်းစုစည်း၍ အာဆီယံစွမ်းအင် ဗဟိုဌာန ASEAN Centre for Energy (ACE) ကို ဖွဲ့စည်းတည်ထောင်ကာ ဒေသအတွင်းနိုင်ငံများရှိ အဆောက်အအုံနှင့် စက်ရုံ၊ အလုပ်ရုံများ၌ စွမ်းအင်အသုံးချမှုနည်းပညာ (Energy Management and Industries)၊ (Energy Efficiency Buildings) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာများနှင့် လက်တွေ့ ကျင့်သုံးဆောင်ရွက်ချက်များ(Renewable Energy Support Programme for ASEAN၊ Best Practices from the Region and Options) စသည့် ဒေသတွင်းစွမ်းအင်ဆိုင်ရာ အကျိုးပြုလုပ်ဆောင်ချက်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြု၍ ကျေးလက်ဒေသလျှပ်စစ်မီးရရှိပြီး ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်မှုလုပ်ငန်းများကို အသိအမှတ်ပြု ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် အာဆီယံဝန်ကြီးများအစည်းအဝေးနှင့် ဆုပေးပွဲ (ASEAN Energy Forum & Awarding Ceremony)များကို အထက်ပါအတိုင်း ကျင်းပပေးနေခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံဝန်ကြီးဌာနများနှင့် ပြင်ပလုပ်ငန်းရှင်များသည် ၎င်း ASEAN Energy Award ပြိုင်ပွဲများသို့ နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။

ဆည်မြောင်းဦးစီးဌာနသည် ၂၀၀၉ ခုနှစ်မှ စတင်ကာ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ တည်ဆောက်ခဲ့သော မမြရေလှောင်တမံ ရေပေးတူးမြောင်းရှိ ရေကျအဆောက်အအုံ၌ အသေးစားရေအားလျှပ်စစ်တာဘိုင်စက်များ (Micro Hydropower Plants) တပ်ဆင်၍ အနီးရှိ မျှင်ဝါးတောင်ကျေးရွာ (အိမ်ခြေ-၃၅၀)သို့ လျှပ်စစ်မီးရရှိရေး အကျိုးပြုဖော်ဆောင်မှုလုပ်ငန်း (Rural Electrification with Micro Hydropower Project)ခေါင်းစဉ်ဖြင့် ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ (Winner Prize of ASEAN Energy Award 2009) ပထမဆုကို ပထမအကြိမ်ရရှိခဲ့ပါသည်။

၂၀၁၄ ခုနှစ်ကလည်း ပဲခူးတိုင်းဒေသကြီး တောင်ညိုဆည် ရေပေးမြောင်းပေါ်ရှိရေကျအဆောက်အအုံတွင် (20-KW) အသေးစားရေအားလျှပ်စစ်တာဘိုင်စက် သုံးစုံတပ်ဆင်ပြီး အနီးရှိ ကျောက်ခွက်ကျေးရွာနှင့် ကျောက်စွယ်ကျေးရွာ စုစုပေါင်း (အိမ်ခြေ-၆၀၀) ခန့်ကို လျှပ်စစ်မီးရရှိအောင် အကျိုးပြုဆောင်ရွက်မှုလုပ်ငန်း (Rural Electrification for Poverty Reduction) ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် အာဆီယံအင်ဂျင်နီယာအသင်း(CAFEO)က ချီးမြှင့်သော ပထမဆု (Winner Prize of ASEAN Outstanding Engineering Achievement Project Award 2014) ဆုကို အလားတူရရှိခဲ့ပါသည်။

ဆည်မြောင်းဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသ(Rural Area)များတွင် ဆည်တာတမံများ တည်ဆောက်လျက်ရှိပြီး စီမံကိန်းအနီးရှိ လျှပ်စစ်မီးမရှိသေးသော ကျေးရွာများအား တိုင်းတာရရှိသော ဒီဇိုင်းအချက်အလက်များကို အခြေခံကာ အသေးစား၊ အလတ်စား ရေအားလျှပ်စစ်တာဘိုင်စက် (Micro & Mini Hydropower Turbine Plants) အမျိုးမျိုးကို ဌာနလက်အောက်ရှိ စက်မှုအလုပ်ရုံများတွင် တီထွင်ထုတ်လုပ်ကာ စိုက်ပျိုးရေကို ဆုံးရှုံးမှုမရှိစေဘဲ ရေထုတ်ပြွန်နှင့် ရေပေးမြောင်းတစ်လျှောက်ရှိ ရေကျအဆောက်အအုံပေါ်တွင် အသေးစားရေအားလျှပ်စစ်တာဘိုင်စက်များ တပ်ဆင်ပေးခြင်း၊ ရေလှောင်တမံအနီးတွင်ရှိသော်လည်း ရေပေးမြောင်းနှင့်ဝေးကွာနေသော ကျေးရွာများကို ဆိုလာလျှပ်စစ် (Solar Home System) များတပ်ဆင်ပေးခြင်း အစရှိသည့် ကျေးလက်ဒေသလူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့် ဆင်းရဲမှုလျှော့ကျစေရေး စီမံချက်များကို အကောင်ထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေးဆောင်ရွက်ရာတွင် ကျေးလက်ဒေသလျှပ်စစ်မီးရရှိသုံးစွဲနိုင်ရေး(Rural Electrification)သည် အထူးလိုအပ်ချက်ဖြစ်ပါသည်။ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားတွက်ချက်ဖြန့်ဖြူးနိုင်ရေးတွင် National grid နှင့် အလှမ်းဝေးကွာပြီး၊ Transmission Line မရောက်ရှိနိုင်သေးသည့် off-grid Rural Area များသည် ၇၀ ရာခိုင်နှုန်းခန့် ကျန်ရှိနေသေးရာ ၎င်းဒေသများ၌ လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရေးအတွက် Micro & Mini Hydropower System နှင့် Solar Home System များစွာတပ်ဆင်ပေးရန် အထူးလိုအပ်လျက်ရှိနေပါသည်။

Micro & Mini Hydropower System နှင့် Solar Home System များတပ်ဆင်သုံးစွဲနိုင်ရန်လိုအပ်သည့် ခေတ်မီနည်းပညာနှင့် အတွေ့အကြုံများကို ယခုကဲ့သို့ အာဆီယံဒေသတွင်းနိုင်ငံများရှိ အင်ဂျင်နီယာများနှင့် လုပ်ငန်းရှင်များထံမှ ဆွေးနွေးဖလှယ်ရယူပြီး တည်ဆောက်ပြီး ဆည်တာတမံ၊ ရေလွှဲဆည် ရေပေးတူးမြောင်း ရေကျအဆောက်အအုံနှင့် ရေထုတ်ပြွန်များတွင်လည်းကောင်း၊ နေရောင်ခြည်စွမ်းအင်(Solar Power) တပ်ဆင်သုံးစွဲရန် သင့်တော်သည့် နေရာများတွင်လည်းကောင်း၊ ဌာနအင်ဂျင်နီယာဝန်ထမ်းများဖြင့် စူးစမ်းလေ့လာတိုင်းတာခြင်း၊ ဒီဇိုင်းပုံစံရေးဆွဲခြင်းတို့ကို လက်တွေ့အကောင်အထည်ဖော်တပ်ဆင်တည်ဆောက်ခြင်းတို့ဖြင့် အခြားဝန်ကြီးဌာနများနည်းတူ နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

သို့မှသာ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ မိမိတို့နိုင်ငံတွင်လည်း ကျေးလက်ဒေသနေ (off-grid Rural Area) ပြည်သူများ ဆင်းရဲမှုလျှော့ကျလာပြီး လူနေမှုဘဝတိုးတက်မြင့်မားလာစေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။